ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်

# ၂၀၁၃ – ခုနှစ်
# ဥပဒေများ

# မာတိကာ


| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၁။ | စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁/ ၂၀၁၃) | ၁ | ၃ |
| ၂။ | စစ်ကိုင်းတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၂/ ၂၀၁၃) | ၄ | ၁၀ |
| ၃။ | စစ်ကိုင်းတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၃/ ၂၀၁၃) | ၁၁ | ၂၁ |
| ၄။ | စစ်ကိုင်းတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျ ထိန်းကျောင်းရေးဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၄/ ၂၀၁၃) | ၂၂ | ၂၈ |
| ၅။ | စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၅/ ၂၀၁၃) | ၂၉ | ၄၁ |
| ၆။ | စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၆/ ၂၀၁၃) | ၄၂ | ၅၃ |
| ၇။ | စစ်ကိုင်းတိုင်းဒေသကြီး လမ်းများ တံတားများ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၇/ ၂၀၁၃) | ၅၄ | ၆၂ |

| စဉ် | အကြောင်းအရာ<br>ဥပဒေများ | စာမျက်နှာ | |
|---|---|---|---|
| | | မှ | ထိ |
| ၈။ | စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့် မြေခွန်၊ရေခွန်၊ လယ်မီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၀/၂၀၁၃) | ၆၃ | ၇၈ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၁/၂၀၁၃) | ၇၉ | ၈၉ |
| ၁၀။ | စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၂/၂၀၁၃) | ၉၀ | ၉၉ |
| ၁၁။ | စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၃/၂၀၁၃) | ၁၀၀ | ၁၁၈ |
| ၁၂။ | စစ်ကိုင်းတိုင်းဒေသကြီး အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး ဥပဒေ<br>(စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁၄/၂၀၁၃) | ၁၁၉ | ၁၃၁ |

# စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ် လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်း အစားထိုးရမည် -

၃။ အစိုးရသည် စည်ပင်သာယာရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်နိုင်ရန် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များပါဝင်သော စည်ပင်သာယာရေး ကော်မတီကို ဖွဲ့စည်းရမည်-

| | |
|---|---|
| (က) မြို့မိမြို့ဖများမှ ရွေးချယ်ထားသောပုဂ္ဂိုလ် | ဥက္ကဋ္ဌ |
| (ခ) လူမှုရေး(သို့မဟုတ်)စီးပွားရေးအဖွဲ့အစည်းမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဂ) သက်ဆိုင်ရာလုပ်ငန်းအလိုက် ကျွမ်းကျင်ပညာရှင် ပညာအခြေပြု အဖွဲ့အစည်းများမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (ဃ) မြို့မိမြို့ဖများမှ ကိုယ်စားလှယ်(၁)ဦး | အဖွဲ့ဝင် |
| (င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန | အဖွဲ့ဝင် |
| (စ) ဒုတိယဦးစီးမှူး ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန | အဖွဲ့ဝင် |
| (ဆ) အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ | အတွင်းရေးမှူး |

၄။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေတွင် ပုဒ်မ ၅ နှင့် ပုဒ်မ ၆ ကို ပယ်ဖျက်ရမည်။

၅။ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးဥပဒေပုဒ်မ ၇ မှ ပုဒ်မ ၈၉ အထိ အစဉ်အတိုင်း သတ်မှတ်ထားသည့် အမှတ်စဉ်များကို အမှတ်စဉ်နှစ်ခုစီလျှော့၍ ပုဒ်မ ၅ မှ ပုဒ်မ ၈၇ အဖြစ် အစဉ်အတိုင်း ပြင်ဆင်သတ်မှတ်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သာဒေအး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး မီးဘေးနှင့် သဘာဝဘေး

# အန္တရာယ်ကြိုတင်ကာကွယ်ရေးဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၂။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ် လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို စစ်ကိုင်းတိုင်းဒေသကြီး မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ဥပဒေဟုခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသောအောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီးဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) အစိုးရအဖွဲ့ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ဝန်ကြီးဌာနဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) ဝန်ကြီးဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးလူမှုရေးဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) သဘာဝဘေးအန္တရာယ်ဆိုသည်မှာ ရာသီဥတုဖောက်ပြန်ခြင်း၊ ရေဘေး၊ လေဘေး၊ ပထဝီအနေအထားပြောင်းလဲခြင်း၊ ဇီဝဘေးအန္တရာယ်များ၊ ငလျင်၊ မြေပြို၊ ဓာတုဗေဒ၊ စက်မှု၊ အဏုမြူအန္တရာယ်၊ မီးအန္တရာယ်နှင့် အခြားဘေးအန္တရာယ်တစ်ခုခုကို ဆိုသည်။

(စ) ကော်မတီဆိုသည်မှာ တိုင်းဒေသကြီးမီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှုဦးစီးကော်မတီကို ဆိုသည်။

(ဆ) မီးသတ်တပ်ဖွဲ့ဆိုသည်မှာ မီးသတ်ဝန်ထမ်းများဖြင့်ဖွဲ့စည်းထားသည့် မီးသတ်အဖွဲ့ကို ဆိုသည်။

(ဇ) အရန်မီးသတ်တပ်ဖွဲ့ဆိုသည်မှာ မီးသတ်ဦးစီးဌာနက ဖွဲ့စည်းတည်ထောင်သည့် စေတနာ့ဝန်ထမ်း မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

(ဈ) သီးသန့်မီးသတ်တပ်ဖွဲ့ဆိုသည်မှာ စက်ရုံ၊ အလုပ်ရုံလုပ်ငန်းဌာနနှင့် မီးဘေးစိုးရိမ်ရသော လုပ်ငန်းများတွင် မီးသတ်ဦးစီးဌာန၏ ညွှန်ကြားချက် သို့မဟုတ် ခွင့်ပြုချက်ဖြင့် ပိုင်ရှင် သို့မဟုတ် စီမံခန့်ခွဲသူက ဖွဲ့စည်းတည်ထောင်သည့် မီးသတ်တပ်ဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်၊ နိုင်ငံတော်ပိုင်ပစ္စည်းများ၊ ပုဂ္ဂလိကပိုင်ပစ္စည်းများနှင့်ယဉ်ကျေးမှုအမွေအနှစ်များကို ပျက်စီးဆုံးရှုံးမှု မဖြစ်ပွားစေရေးအတွက် ကြိုတင်ကာကွယ် တားဆီးနိုင်ရန်၊

(ခ) မီးသတ်တပ်ဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့များနှင့် သီးသန့်မီးသတ်တပ်ဖွဲ့များကို စနစ်တကျ ဖွဲ့စည်း၍ လေ့ကျင့်သင်ကြားပေးနိုင်ရန်၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် သို့မဟုတ် အခြားရုတ်တရက် ဖြစ်ပွားသော ဘေးအန္တရာယ်တစ်မျိုးမျိုး ကျရောက်မည်ကို ကြိုတင် ကာကွယ်တားဆီးနိုင်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်အတူ ပြည်သူ အားလုံးပူးပေါင်း ဆောင်ရွက်နိုင်ကြရန်၊

(ဃ) သဘာဝဘေးအန္တရာယ်ကျရောက်သည့်အခါ ဆုံးရှုံးမှုနည်းပါးသည်ထက် နည်းပါးစေရေးအတွက် ကြိုတင်မျှော်မှန်း၍ ဆောင်ရွက်သင့်သည်များကို ရေတိုရေရှည် စီမံချက်များဖြင့် စီမံဆောင်ရွက်ထားနိုင်ရန်၊

(င) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကျရောက်လာလျှင် အရေးပေါ် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့တွင် ပြည်သူများနိုးကြားစွာ ပါဝင်ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(စ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးဆိုင်ရာ လုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုရရှိရန်အတွက် ပညာပေးစည်းရုံးလှုံ့ဆော်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဆ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အစီအမံများကို ပြည်သူလူထုအား အသိပညာပေးခြင်း၊ သင်တန်းများဖွင့်လှစ်ခြင်း၊ လိုအပ်လျှင် တတ်တိုက် လေ့ကျင့်ခြင်းများ ဆောင်ရွက်နိုင်ရန်။

## အခန်း(၃)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးကော်မတီ အဆင့်ဆင့်ကို ဖွဲ့စည်းခြင်း

၄။ ဝန်ကြီးသည် တိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဦးစီးကော်မတီကို လိုအပ်သလိုဖွဲ့စည်းတာဝန်ပေးအပ်ရမည်။

၅။ တိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဦးစီးကော်မတီသည် လုပ်ငန်းကော်မတီနှင့်သက်ဆိုင်ရာဆပ်ကော်မတီများကို လိုအပ်ချက်အရ ဖွဲ့စည်းနိုင်သည်။

၆။ တိုင်းဒေသကြီးမီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး စီမံခန့်ခွဲမှု ဦးစီးကော်မတီသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့် ခရိုင်နှင့်မြို့နယ် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်။

၇။ မြို့နယ်မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီသည် ရပ်ကွက်နှင့် ကျေးရွာအုပ်စု မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီများကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

## အခန်း(၄)
## ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၈။ ကော်မတီ၏တာဝန်နှင့်လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာလုပ်ငန်း အစီအမံ များ ချမှတ်ခြင်း၊

(ခ) အရန်မီးသတ်တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့များအား ဖွဲ့စည်းတာဝန်ပေးအပ်ခြင်း၊

(ဂ) မီးဘေးနှင့်သဘာဝဘေးအန္တရာယ် တစ်မျိုးမျိုးကျရောက်သည့်အခါ ကြိုတင်ကာကွယ် ရေးနှင့် ကယ်ဆယ်ရေးအတွက် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ်ဖွဲ့၊ သီးသန့်မီးသတ် တပ်ဖွဲ့များ၊ လူမှုရေးအသင်းအဖွဲ့များပါဝင်ကူညီဆောင်ရွက်ရမည့် အစီအစဉ်များ ချမှတ်ခြင်း၊

(ဃ) မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး ကော်မတီအဆင့်ဆင့်တို့၏ လုပ်ငန်းများကို ကြီးကြပ်ကွပ်ကဲခြင်း၊ လမ်းညွှန်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်း၊

(င) လူမှုရေးလုပ်ငန်းများ ဆောင်ရွက်နေသော အခြားအဖွဲ့အစည်းများနှင့် ဆက်သွယ် ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း၊

## အခန်း(၅)
## မီးဘေးနှင့်သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ

၉။ တိုင်းဒေသကြီး ၊ ခရိုင် ၊ မြို့နယ် ၊ ရပ်ကွက်နှင့်ကျေးရွာအုပ်စု မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးကော်မတီ အဆင့်ဆင့်သည် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာ ကွယ်ရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည် -

(က) ကော်မတီကချမှတ်ထားသော လုပ်ငန်းစဉ်များနှင့်အညီ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း။

(ခ) မီးဘေးကြိုတင် ကာကွယ်ရေးလုပ်ငန်းများတွင် ပြည်သူတို့၏ ပူးပေါင်းပါဝင် ဆောင်ရွက်မှု ရရှိစေရန် အသိပညာပေးစည်းရုံးခြင်း။

(ဂ) မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ် ကျရောက်သည့်အခါတွင် ချမှတ်ထားသည့်လုပ်ငန်းစဉ်များနှင့်အညီ မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ် တပ်ဖွဲ့နှင့် သီးသန့်မီးသတ်တပ်ဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များ ပါဝင်ကူညီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ကွပ်ကဲခြင်း၊

(ဃ) ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများလိုက်နာရမည့် မီးဘေးနှင့် သဘာဝဘေး ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို အခါအားလျော်စွာ ထုတ်ပြန်ခြင်း။

(င) ထုတ်ပြန်ထားသောညွှန်ကြားချက်များကို ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအတွင်း နေထိုင်သူများကို လိုက်နာခြင်း၊ ရှိ-မရှိ လိုအပ်သလိုစစ်ဆေးခြင်း၊ စစ်ဆေးစေခြင်း။

(စ) မီးသတ်ယာဉ်၊ ရေသယ်ယာဉ်၊ စက်ကိရိယာပစ္စည်းများ မီးသတ်ရောက်နှင့် ရေရရှိနိုင် သည့် နေရာများကို အဆင့်ဆင့်အသုံးပြုနိုင်ရန် စနစ်တကျ ပြင်ဆင်စုဆောင်း ထားရှိခြင်း။

(ဆ) မီးသတ်ဝန်ထမ်းများအတွက် လိုအပ်သောအကာအကွယ်ပစ္စည်းများ ပြည့်စုံစေရန် ဆောင်ရွက်ပေးခြင်း ၊

၁၀။ ကော်မတီအဆင့်ဆင့်သည် ရေလွှမ်းမိုးမှု ဘေးအန္တရာယ် မဖြစ်ပေါ်စေရေး အတွက် အောက်ပါ လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ရမည် -

(က) မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနမှ ကြိုတင်ထုတ်ပြန်ထားသော သတိပေး ချက်များကို ပြည်သူလူထုသို့ အချိန်မီထုတ်ပြန်ပေးခြင်း။

(ခ) ဘေးအန္တရာယ်ကျရောက်နိုင်သည့် နေရာများရှိပြည်သူများအား ဘေးလွတ် ရာသို့ ပြောင်းရွှေ့နိုင်ရေးအတွက် ကြိုတင်စီစဉ် ဆောင်ရွက်ပေးခြင်း။

(ဂ) မြစ်ချောင်းများအတွင်းသို့ အမှိုက်များစွန့်ပစ်ခြင်း မပြုရန် ပြည်သူလူထုအား အသိ ပညာပေးခြင်းနှင့် စည်းရုံးဆောင်ရွက်ခြင်း။

(ဃ) ရေစီးကြောင်းပြောင်းလဲစေနိုင်သော မြစ်ချောင်းကမ်းပါးအစပ်များနှင့် ဆည်ရေများလွှတ်သည့်ရေစီးကြောင်းတစ်လျှောက် နေထိုင်ခြင်းမပြုရန်နှင့် နေထိုင်သူများအား ဖယ်ရှားစေရန် စည်းရုံးဆောင်ရွက်ခြင်း။

(င) ရေလွှမ်းမိုးနိုင်သည့် နေရာဒေသအတွင်း ရေထွက်ပေါက်များ စနစ်တကျ ကြိုတင် ဆောင်ရွက်ပေးခြင်း။

(စ) ဘေးအန္တရာယ်ကျရောက်ပါက ဘေးလွတ်ရာနေရာများသို့ ပြောင်းရွှေ့ပေးနိုင်ရေးအတွက် ကော်မတီမှ ကြိုတင်နေရာရှာဖွေ သတ်မှတ်ပေးထားခြင်းနှင့် ရွှေ့ပြောင်းမည့် လုပ်ငန်းစဉ်များ ကြိုတင် စီမံထားရှိခြင်း။

## အခန်း (၆)
## တားမြစ်ချက်များ

၁၁။ မည်သူမဆို မီးဘေး သို့မဟုတ် သဘာဝဘေးအန္တရာယ်တစ်ခုခု ဖြစ်ပွားနေသည့် အချိန်ကာလအတွင်း တာဝန်ထမ်းဆောင်နေသည့် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ကော်မတီအဆင့်ဆင့်တွင် တာဝန် ထမ်းဆောင်နေသူ တစ်ဦးဦးကိုဖြစ်စေ၊ တာဝန်ထမ်းဆောင်နေသည့် မီးသတ်တပ်ဖွဲ့၊ အရန်မီးသတ်တပ် ဖွဲ့၊ သီးသန့်မီးသတ်တပ်ဖွဲ့ဝင်တစ်ဦးဦးကိုဖြစ်စေ၊ လူမှုရေးအသင်းအဖွဲ့ဝင် တစ်ဦးဦးကိုဖြစ်စေ နှောက်ယှက်ဟန့် တားခြင်း မပြုရ ။

၁၂။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့်နည်းဥပဒေများကို လိုက်နာ ဆောင်ရွက်ရမည်။

၁၃။ မည်သူမဆို သက်ဆိုင်ရာကော်မတီအဆင့်ဆင့်က ထုတ်ပြန်သည့် မီးဘေးနှင့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ညွှန်ကြားချက်များကို လိုက်နာရမည်။

## အခန်း (၇)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၁၄။ မည်သူမဆို ပုဒ်မ ၁၁ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် တစ်နှစ်အထိထောင်ဒဏ်ဖြစ်စေ ၊ ကျပ်တစ်သိန်းအထိ ငွေဒဏ်ဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ခြောက်လအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၃ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် သုံးလအထိထောင်ဒဏ်ဖြစ်စေ၊ ကျပ်သုံးသောင်းအထိ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးကိုဖြစ်စေ ချမှတ်ခြင်းခံရမည်။

## အခန်း (၈)
## အထွေထွေ

၁၇။ ကော်မတီသည် မိမိ၏လုပ်ငန်းများကို ဆောင်ရွက်ရာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်မည့်အကူအညီများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ပုဂ္ဂိုလ်များထံမှ တောင်းယူနိုင် သည်။

၁၈။ ဤဥပဒေအရ အရေးယူသောပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူ ပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၁၉။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ဝီးဘေးနှင့် သဘာဝဘေး အန္တရာယ် ကာကွယ်ရေး ကိစ္စတစ်ရပ်ရပ်အတွက် ကော်မတီဝင်တစ်ဦးဦးကိုဖြစ်စေ၊ ဝန်ထမ်း တစ်ဦးဦးကိုဖြစ်စေ၊ တရားမကြောင်းဖြင့်သော်လည်းကောင်း၊ ပြစ်မှုကြောင်းဖြင့်သော် လည်းကောင်း၊ တရားစွဲဆိုခြင်း မပြုရ။

၂၀။ ဤဥပဒေပါပြဋ္ဌာန်းချက်ကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့် ထုတ်ပြန် နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သဘောဆိပ်များ၊ ဆိပ်ခံများ ဥပဒေ

( ၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၃ ။ )

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ် လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဆိပ်ကမ်းများ၊ သဘောဆိပ်များ၊ ဆိပ်ခံများဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက် စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး ဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန် အလို့ငှာ အစိုးရအဖွဲ့က ဤဥပဒေ အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲမှုကော်မတီကို ဆိုသည်။

(စ) **ကော်မတီဝင်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အလို့ငှာ အစိုးရအဖွဲ့က ဤဥပဒေ အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲမှု ကော်မတီ အဖွဲ့ဝင်ကိုဆိုသည်။

(ဆ) **ဦးစီးဌာန** ဆိုသည်မှာ ပို့ဆောင်ရေးဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ပို့ဆောင်ရေး ဝန်ကြီးဌာန လက်အောက်ရှိ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဝန်ထမ်းအကြီးအကဲကို ဆိုသည်။

(ဈ) **ဆိပ်ကမ်း**ဆိုသည်မှာ ကမ်းနားနယ်တွင် ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချနိုင်ရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန် အလို့ငှာ ဆိပ်ကမ်းများ အက်ဥပဒေအရဖြစ်စေ၊ ဤဥပဒေအရဖြစ်စေ သတ်မှတ် ထားသော ဆိပ်ကမ်း တစ်ခုခုကို ဆိုသည်။

(ည) **သဘောဆိပ်**ဆိုသည်မှာ ရေယာဉ်များဆိုက်ကပ်၍ လူနှင့်ကုန်ပစ္စည်းများ တင်နိုင် ချနိုင်သည့် နေရာကိုဆိုသည်။

(ဋ) **ဆိပ်ခံ** ဆိုသည်မှာ ရေယာဉ်များ ဆိုက်ကပ်၍ လူနှင့် ကုန်ပစ္စည်းများ တင်နိုင်ချနိုင်ရန် မြစ်ကမ်းတွင် တည်ဆောက်ထားသော အဆောက်အအုံကို ဆိုသည်။

(ဌ) **ဆိပ်ကမ်းနယ်** ဆိုသည်မှာ ကမ်းနားနယ်တွင်ခရီးသည်များ ဆင်းတက်ရန်နှင့် ကုန်စည်များ တင်ချရေးအတွက် ရေယာဉ်များ ဆိုက်ကပ်ရန်အလို့ငှာ အစိုးရ အဖွဲ့က အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ သီးခြားသတ်မှတ်ပေးထားသည့် မြစ်ရေတက်ချိန်၌ မြစ်ရေ ရောက်ရှိသည့် သို့မဟုတ် မြစ်ရေတက်ချိန် အမြင့်ဆုံး ပုံမှန်ရေမြင့်အမှတ် ရောက်ရှိ သည့် ကမ်းပါးနယ်မှ ကုန်းတွင်း ပိုင်းသို့ ပေ ၁၅၀ အထိရှိသော နယ်နိမိတ်ကို ဆိုသည်။

(ဍ) **ဆိပ်ခံတံတား** ဆိုသည်မှာရေယာဉ်များ ဆိုက်ကပ်၍ လူနှင့်ကုန် ပစ္စည်းများ တင်နိုင်ချနိုင်ရန် ဆိပ်ကမ်းနှင့် ဆက်စပ်၍ မြစ်တွင်းသို့တည်ဆောက် ထားသော တံတားကို ဆိုသည်။

(ဎ) **ဇောတံတား** ဆိုသည်မှာ ဆိပ်ခံတွဲကို မြစ်တွင်းတွင် ကျောက်ချ၍ ကမ်းနှင့် ဆက်စပ် တည်ဆောက်ထားသော ရေယာဉ်များ ဆိုက်ကပ်ပြီး လူနှင့်ကုန်ပစ္စည်းများ တင်နိုင်ချနိုင် သည့်တံတားကိုဆိုသည်။

(ဏ) **ရေဆင်းတံတား** ဆိုသည်မှာ လှေသမ္ဗာန်များ ဆိုက်ကပ်နိုင်ပြီး လူများ ရေချိုး ရေခပ် ပြုလုပ်နိုင်သည့် တံတားကိုဆိုသည်။

(တ) **ကမ်းပါးနယ်** ဆိုသည်မှာ ရေစပ်မျဉ်းနှင့် ရေပြည့်မျဉ်းအကြားရှိ ကမ်းပါးစောက် သို့မဟုတ် ဆင်ခြေလျှောကမ်းပါးကိုဆိုသည်။

(ထ) **ကမ်းနားနယ်** ဆိုသည်မှာ ကမ်းပါးနယ်နှင့် ဆက်စပ်ပြီး ကမ်းထိန်းလုပ်ငန်း ရေလမ်းထိန်းလုပ်ငန်းနှင့် မြစ်ချောင်းဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်ရန် ဤဥပဒေနှင့်အညီ သတ်မှတ်သည့် မြေနယ်နမိတ်ကို ဆိုသည်။

(ဒ) ရေယာဉ် ဆိုသည်မှာ စက်တပ်ရေယာဉ်၊ စက်မဲ့ရေယာဉ်၊ ရေကြောင်းဖြင့် လူနှင့် ကုန်ပစ္စည်းများ တင်ဆောင်၍ တစ်နေရာမှ တစ်နေရာသို့ သွားလာနိုင်သည့် အခြားယာဉ် တစ်မျိုးမျိုး ကိုဆိုသည်။ ယင်းစကားရပ်တွင် သစ်ဖောင်နှင့် ဝါးဖောင်များလည်း ပါဝင်သည်။

(ဓ) မြစ်ချောင်းနယ် ဆိုသည်မှာ မြစ်ချောင်းများ၏ ကမ်းပါးနှစ်ခုအတွင်းရှိ ရေပြင်ကို ဆိုသည်။ ယင်းစကားရပ်တွင် မြစ်ချောင်းအတွင်းရှိ ရေမြုပ်သောင်၊ ရေပေါ်သောင်နှင့် ကျွန်းများပါဝင်သည်။ သို့ရာတွင် ကုန်းနှင့် ကစ်ဆက်တည်းရှိသော ကျွန်းများ မပါဝင်။

(န) လွန်းလမ်း ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ရေယာဉ်အား လွန်းတင်၍ ဖြင်ဆင်ရန် အလုပ်ရုံသို့ သယ်ယူပို့ဆောင်သော လမ်းကို ဆိုသည်။

(ပ) သင်္ဘောကျင်း ဆိုသည်မှာ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်နှင့် ကမ်းနားနယ် အတွင်း ရေယာဉ်များ ပြုပြင်ခြင်း၊ တည်ဆောက်ခြင်း ပြုလုပ်သည့် အလုပ်ရုံကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်း ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများအား စနစ်တကျ စီမံခန့်ခွဲနိုင်ရန်၊

(ခ) တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများကို ပြည်သူများ အကျိုးရှိစွာအသုံးပြုနိုင်ရေးအတွက် စနစ်တကျ ထိန်းသိမ်းကာကွယ်ရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ ဆိပ်ကမ်းများ ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ဖွံ့ဖြိုးတိုးတက် လာစေရန်၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဖွံ့ဖြိုးတိုးတက်စေခြင်းဖြင့် တိုင်းဒေသကြီး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုစေရန်၊

(င) ဆိပ်ကမ်းနယ်မြေအတွင်း ဝင်ထွက် သွားလာနေသော ရေယာဉ်များ စနစ်တကျ ဆိုက်ကပ်နိုင်ရန်၊

(စ) သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုကို ကာကွယ်ရန်။

## အခန်း(၃)
## အစိုးရအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ အစိုးရအဖွဲ၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်းရှိ စီမံခန့်ခွဲ ခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် ညွှန်ကြားခြင်း၊ လိုအပ်ပါက သက်ဆိုင်ရာ ဌာနအချင်းချင်း ညှိနှိုင်းဆောင်ရွက်စေခြင်း၊

(ခ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများနှင့် ဆက်စပ်ပြီး ထိန်းသိမ်းရေးလုပ်ငန်းနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်သည့် မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်၊ ဆိပ်ကမ်းနယ်အဖြစ် နယ်နိမိတ် သတ်မှတ်ကြေငြာခြင်း၊

(ဂ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ ထိန်းသိမ်းရေးအတွက် မြစ်ချောင်းများအတွင်း ရေယာဉ်များ ခုတ်မောင်းသွားလာခြင်းနှင့် စပ်လျဉ်း၍လိုအပ်သော စည်းကမ်း ချက်များ သတ်မှတ်နိုင်ရေးအတွက် လမ်းညွှန်မှုပေးခြင်း၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများစနစ်တကျ စီမံခန့်ခွဲနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီကို ဖွဲ့စည်းပေးခြင်း၊

(င) စီမံခန့်ခွဲမှုကော်မတီ၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များကို သတ်မှတ်ပေးခြင်း၊

(စ) ရေယာဉ်အသင်းများ၊ ကူးတို့လုပ်ငန်းမှင်များ၊ ကျောက်မီးသွေး ၊ သစ်၊ ဝါးကြိမ်လုပ်ငန်းရှင်များက ဆိပ်ကမ်းနယ်မြေအတွင်း လုပ်ငန်းလုပ်ကိုင်ရန် မြေနေရာ လျှောက်ထားလာမှုအပေါ် နေရာသတ်မှတ်ပေးခြင်း၊

(ဆ) မြစ်ချောင်းနယ်၊ ကမ်းပါးနယ် ၊ ကမ်းနားနယ် ၊ ဆိပ်ကမ်းနယ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခွင့် လျှောက်ထားလာသည့်အခါ စိစစ်၍ ခွင့်ပြုမိန့်ထုတ်ပေးခြင်း၊

(ဇ) ဆိပ်ကမ်းမြို့ကြီးများတွင် ရေကြီးရေလျှံမှုနှင့် ရေတိုက်စားကမ်းပြိုမှုမှ ကာကွယ်ရန် စီမံဆောင်ရွက်စေခြင်း ၊

(ဈ) ဆိပ်ကမ်းများသင်္ဘောဆိပ်များဆိပ်ခံများနှင့်စပ်လျဉ်း၍ဝန်ကြီး သို့မဟုတ် ကော်မတီ၏ ဆုံးဖြတ်ချက် သို့မဟုတ် ဆောင်ရွက်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း၊

## အခန်း(၄)
## စီမံခန့်ခွဲမှုကော်မတီဖွဲ့စည်းခြင်း

၅။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် -

(က) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ အကောင်အထည်ဖော်ရာတွင် အထောက်အကူ ပြုနိုင်ရေးအတွက် စီမံခန့်ခွဲမှုကော်မတီ တစ်ရပ်စီကို သတ်မှတ်သောအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များဖြင့် နယ်မြေအလိုက် ဖွဲ့စည်းတာဝန်ပေးအပ်နိုင်သည်၊

(ခ) စီမံခန့်ခွဲမှုကော်မတီအား အဖွဲ့ဝင်အနည်းဆုံး (၅) ဦးမှ အများဆုံး (၉)ဦးဖြင့် ဖွဲ့စည်းရမည်၊

(ဂ) စီမံခန့်ခွဲမှု ကော်မတီအဖွဲ့ဝင်များကို ရွေးချယ်ဖွဲ့စည်းပြီးနောက် ဥက္ကဋ္ဌ၊ ဒုဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဘက်အတွင်းရေးမှူးတို့ကို သတ်မှတ်တာဝန်ပေးရမည်၊

(ဃ) ဖွဲ့စည်းထားသောစီမံခန့်ခွဲမှု ကော်မတီဝင်များအား အစားထိုးခန့်ထားခြင်းနှင့် လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို ပြုလုပ်နိုင်သည်၊

(င) စီမံခန့်ခွဲမှု ကော်မတီ၏ လုပ်ငန်းဆောင်ရွက်ချက်နှင့် စပ်လျဉ်း၍ အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်း ပြုနိုင်ပြီး အစိုးရအဖွဲ့ထံ တင်ပြရမည်၊

(စ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဆိုင်ရာ စီမံခန့်ခွဲမှု ကိစ္စရပ်များကို ကြီးကြပ်ရမည်။

## အခန်း(၅)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၆။ ကော်မတီသည် အောက်ပါ လုပ်ငန်းတာဝန်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်-

(က) သက်ဆိုင်ရာနယ်မြေတွင်အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအား သတ်မှတ်ချက်နှင့်အညီ လုပ်ကိုင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ပေးခြင်း၊

(ခ) လုပ်ငန်းများ အကောင်အထည်ဖော်ရေး မြေအသုံးပြုရေး ပတ်ဝန်းကျင်ထိန်းသိမ်းရေး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် ... သွင်းဝင်ရေး ကျန်းမာရေး ပညာရေး ငွေရေးကြေးရေးနှင့် အခွန်အကောက်၊ စည်ပင်သာယာရေး သယ်ယူပို့ဆောင်ရေး ဆက်သွယ်ရေး လုံခြုံရေး လျှပ်စစ်၊ စွမ်းအင်နှင့် ရေရရှိရေး

စသည့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်များကို ကြီးကြပ်ကွပ်ကဲခြင်း၊ ကြည့်ရှုစစ်ဆေးခြင်း နှင့်သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဂ) ဤဥပဒေအရ လုပ်ငန်းလုပ်ကိုင်ဆောင်ရွက်သူများ ပိုင်ဆိုင်သည့် ပစ္စည်းများ၊ အကျိုး အမြတ်များနှင့် အခြားအခွင့်အရေးများအား တည်ဆဲဥပဒေများနှင့်အညီ အကာအကွယ် ပေးနိုင်ရေးအတွက် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့် လိုအပ်သလို ညှိနှိုင်း ဆောင်ရွက်ပေးခြင်း၊

(ဃ) ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အစိုးရအဖွဲ့ထံ တင်ပြ၍ အတည်ပြုချက်ရယူ အကောင်အထည်ဖော်ခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာပေးအပ်သည့် အခြားလုပ်ငန်း တာဝန်များကို ဝန်ကြီးဌာနက တာဆင့် ဆောင်ရွက်ခြင်း။

## အခန်း (၆)
## ကော်မတီ၏လုပ်ပိုင်ခွင့်များ

၇။ ကော်မတီ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကမ်းပါးနယ်နှင့် ဆိပ်ကမ်းနယ်များတွင် လုပ်ငန်းလုပ်ကိုင်လိုသော ပုဂ္ဂိုလ်များနှင့် အသင်းများအား စနစ်တကျမှတ်ပုံတင်၍ လုပ်ငန်းများ လုပ်ကိုင်စေခြင်း၊

(ခ) ဤဥပဒေအရ စီမံခန့်ခွဲခွင့်ရှိသည့် ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများတွင် လုပ်ငန်းများ လုပ်ကိုင်ရာတွင် စနစ်တကျရှိစေရေး အဆင်ပြေချောမွေ့စေရေးအတွက် စီမံဆောင်ရွက်ခြင်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့လိုက် ကွင်းဆင်းစစ်ဆေး အရေးယူခြင်း၊

(ဂ) ဒေသဆိုင်ရာ စီမံခန့်ခွဲမှု ကော်မတီအဆင့်ဆင့်အား ကြီးကြပ်ခြင်း၊ စီမံခန့်ခွဲခြင်း၊

(ဃ) ကော်မတီ၏ စီမံခန့်ခွဲမှုအောက်ရှိ ဌာနများ၊ ရေယာဉ်လိုင်းများနှင့် ဆိပ်ကမ်းများ လိုက်နာရန် စည်းကမ်းများ သတ်မှတ်ပေးခြင်း၊

(င) အစိုးရအဖွဲ့က အခါအားလျော်စွာ အပ်နှင်းသည့်လုပ်ပိုင်ခွင့်များကို ကျင့်သုံးဆောင်ရွက်ခြင်း။

## အခန်း (၇)
## မြေငှားရမ်းခြင်း သို့မဟုတ် မြေအသုံးပြုခွင့်ပေးခြင်း

၈။ အစိုးရအဖွဲ့သည်-

(က) သတ်မှတ်မြေ ငှားရမ်းခ သို့မဟုတ် မြေအသုံးပြုခ ပေးသွင်းစေပြီး ရင်းနှီး တည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးလုပ်ကိုင်သူအား မြေငှားရမ်းခွင့် သို့မဟုတ် မြေအသုံးပြုခွင့်ကို အနည်းဆုံး (၃)နှစ်အထိ ခွင့်ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က)အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်လုပ်ကိုင်လိုပါက ထပ်မံ၍ (၂)နှစ် သက်တမ်းတိုးမြှင့်ပေး နိုင်သည်။

(ဂ) ရင်းနှီးတည်ဆောက်သူ သို့မဟုတ် ရင်းနှီးမြှုပ်နှံသူ သို့မဟုတ် ရင်းနှီးလုပ်ကိုင်သူက အမှန်လိုအပ်သည့် မြေငှားရမ်းခွင့် ကာလ သို့မဟုတ် မြေအသုံးပြုခွင့် ကာလကို ရင်းနှီး မြှုပ်နှံဆောင်ရွက်လိုသည့် လုပ်ငန်း အမျိုးအစားနှင့် ရင်းနှီးမြှုပ်နှံမှု ပမာဏအပေါ် မူတည်ပြီး စိစစ်ခွင့်ပြုနိုင် သည်။

(ဃ) လုပ်ငန်း လုပ်ကိုင်ခွင့် ရရှိသူက သတ်မှတ်ထားသော လုပ်ငန်းဆိုင်ရာ စည်းကမ်းတစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ပါက ထုတ်ပေးထားသော လုပ်ငန်းလုပ်ကိုင်ခွင့်ကို ရုပ်သိမ်းနိုင်သည်။

## အခန်း(၈)
## တားမြစ်ချက်များ

၉။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်နှင့် ဆိပ်ကမ်းနယ်တို့တွင် သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်း၏ ခွင့်ပြုချက်မရှိဘဲ အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ဥယျာဉ်ခြံမြေစိုက်ပျိုးခြင်း၊ မြေတူးခြင်း၊ မြေဖို့ခြင်း၊ နှံ့ဖမ်းခြင်း၊ အင်းပိတ်ခြင်း ၊တမံဖို့ခြင်း သို့မဟုတ် တုတ်ရိုက်ခြင်း၊ ရေတွင်းရေကန် တူးဖော်ခြင်း မပြုရ။

၁၀။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် သက်ဆိုင်ရာ ဦးစီးဌာန၏ ထောက်ခံချက် မရှိဘဲ စီးပွားရေးအလို့ငှာ သဲစုပ်ခြင်း၊ သဲတူးခြင်း၊ သဲကျုံးခြင်း၊ မြစ်ကျောက်ထုတ်ခြင်း၊ ရွှေကျင်ခြင်း၊ ရွှေသတ္တုတူးဖော်ခြင်း သို့မဟုတ် သယံဇာတ ထုတ်ယူခြင်းမပြုရ။

၁၁။ မည်သူမျှ မြစ်ချောင်းနယ်၊ ကမ်းပါးနယ်၊ ကမ်းနားနယ်တို့တွင် အစိုးရအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲလွှန်းလမ်း သင်္ဘောကျင်း တည်ဆောက်ခြင်း၊ ဆိပ်ခံတံတားနှင့် ဇောတံတား၊ ရေဆင်းတံတား တည်ဆောက်ခြင်း သို့မဟုတ် မြှောင်းဖော်၍ သင်္ဘောတိုးခြင်းမပြုရ။

၁၂။ မည်သူမျှ ဆိပ်ကမ်းများ၊ သင်္ဘောဆိပ်များ၊ ဆိပ်ခံများ တစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကို ဖြစ်စေ ဖျက်ဆီးခြင်း၊ ပျက်စီးစေခြင်း သို့မဟုတ် ရေယာဉ်ဖြင့် ဝင်တိုက်ခြင်း မပြုရ။

၁၃။ မည်သူမျှ-

(က) မြစ်ချောင်းအတွင်း ရေယာဉ်များ ကျောက်ချရပ်နားခြင်း မပြုရန် တားမြစ်ထားသည့်နေရာတွင် ရေယာဉ်ကို ကျောက်ချရပ်နားခြင်း မပြုရ။

(ခ) သတ်မှတ်ထားသည့် ရေရှူးအနက်နှင့် ဝန်တင်ရေမှတ် ကိုက်ညီခြင်း မရှိသော ရေယာဉ်ကို မြစ်ချောင်းအတွင်း ခုတ်မောင်းသွားလာခြင်း မပြုရ။

၁၄။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဤဥပဒေနှင့်သက်ဆိုင်သော ဆိပ်ကမ်း ကမ်းပါးတစ်နေရာမှ ကမ်းမပြိုစေအောင် အကာအကွယ်ပေးထားသည့် အရာဝတ္ထုများကို ရွှေ့ပြောင်း သယ်ဆောင်ခြင်း မပြုရ။

၁၅။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း အဆိပ်သင့်စေသော ပစ္စည်းတစ်မျိုးမျိုးဖြင့် ဖြစ်စေ၊ ပေါက်ကွဲစေတတ်သော ပစ္စည်းဖြင့် ဖောက်ခွဲ၍ဖြစ်စေ၊ ရေနေသတ္တဝါများအား ဖမ်းဆီးခြင်း မပြုရ။

၁၆။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ ဆိပ်ကမ်းနယ်အတွင်း စီးပွားရေး အလို့ငှာ သဲများ၊ ကျောက်များနှင့် အခြားလေးလံသော အရာဝတ္ထုများ စုပုံခြင်း မပြုရ။

၁၇။ မည်သူမျှ ဦးစီးဌာန၏ ခွင့်ပြုချက်မရှိဘဲ စီးပွားရေးအလို့ငှာ နစ်မြုပ်ရေယာဉ် တူးဖော်ခြင်း မပြုရ။

၁၈။ မည်သူမျှ ဆိပ်ကမ်းနယ်မြေအတွင်းရှိ ဆိပ်ကမ်းတာရှည်၏ ကြံ့ခိုင်မှုကို ထိခိုက်စေသော မြေတူးခြင်း၊ မြေသယ်ခြင်း၊ ရေတင်ရေထုတ်ခြင်းမပြုရ။

၁၉။ မည်သူမျှ ဆိပ်ကမ်းနယ်အတွင်း ရေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အမှိုက်သရိုက်များ၊ အညစ်အကြေးများနှင့် ဘေးအန္တရာယ်ဖြစ်စေသော ပစ္စည်းများ စွန့်ပစ်ခြင်းမပြုရ။

၂၀။ မည်သူမျှ အမြန်ရေယာဉ်များ၊ ဖြို့ ရွာ၊ ဆိပ်ကမ်းများအနီး ဖြတ်သန်းမောင်းနှင် ရာတွင် အစုန်တွင်ရေမိုင်(၁၀)မိုင်နှုန်း၊ အဆန်တွင် ရေမိုင်(၈)မိုင်နှုန်းထက် ပို၍မောင်းနှင်ခြင်း မပြုရ။

## အခန်း (၉)
## ပြစ်ဒဏ်များ

၂၁။ မည်သူမဆို ပုဒ်မ ၉ ၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံး နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် သုံးသိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၂။ မည်သူမဆို ပုဒ်မ ၁၃၊ ပုဒ်မ ၁၄ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင်ထိုသူကို နှစ် နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၃။ မည်သူမဆို ပုဒ်မ ၁၅၊ ပုဒ်မ ၁၆ ပါတားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ် ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၄။ မည်သူမဆို ပုဒ်မ ၁၇၊ ပုဒ်မ ၁၈၊ ပုဒ်မ ၁၉၊ ပုဒ်မ ၂၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၅။ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၄၊ ပုဒ်မ ၁၅၊ ပုဒ်မ ၁၆၊ ပုဒ်မ ၁၇ တို့အရ ပြစ်မှုထင်ရှား စီရင်ခြင်းခံရသူ၏ ပြုလုပ်မှုကြောင့် တစ်စုံတစ်ရာ ပျက်စီးဆုံးရှုံးမှုရှိပါက ထိုသူကို သက်ဆိုင်ရာပြစ်မှုအတွက် ချမှတ်ထားသည့် ငွေဒဏ်အပြင် အဆိုပါ ပျက်စီးဆုံးရှုံးမှု တန်ဖိုးကို လျော်ကြေး အဖြစ်ပေးဆောင်စေရန် တည်းလွှင်း အမိန့်ချမှတ်ရမည်။ ချမှတ်သော လျော်ကြေးငွေကို ပေးဆောင်ခြင်း မပြုပါက ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ ၃၈၆ အရ ဒဏ်ငွေကဲ့သို့ အရကောက်ခံရမည်။

## အခန်း (၁၀)
## အထွေထွေ

၂၆။ ဆိပ်ကမ်းနယ်မြေအတွင်း ဥပဒေနှင့် နည်းဥပဒေများအရ လုပ်ငန်းတစ်ခုခုအတွက် ထောက်ခံချက်ပေးခြင်း သို့မဟုတ် ခွင့်ပြုချက်ပေးခြင်းသည် လုပ်ငန်းလုပ်ကိုင်ခွင့်အတွက်သာ ဖြစ်ပြီး မြေပိုင်ဆိုင်ခွင့်နှင့် သက်ဆိုင်ခြင်းမရှိစေရ။

၂၇။ ဤဥပဒေအရ သဘောရိုးဖြင့် ဆောင်ရွက်သော ကိစ္စတစ်ရပ်ရပ်အတွက် ပြည်သူ့ဝန်ထမ်း တစ်ဦးဦးအား တရားမကြောင်းဖြင့်သော်လည်းကောင်း ပြစ်မှုကြောင်းဖြင့်သော်လည်းကောင်း တရားစွဲဆိုခြင်း မခံထိုက်စေရ။

၂၈။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူနိုင်သော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၂၉။ ဝန်ကြီးဌာနသည် ယင်းနှင့်သက်ဆိုင်သည့် ဤဥပဒေပါလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရမည်။

၃၀။ ဝန်ကြီးဌာနမှ တာဝန်ပေးအပ်ခြင်းခံရသူသည် ဤဥပဒေအရ ရရန်ရှိသော အခွန်အခများနှင့် ဒဏ်ကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ တည်ဆဲအခွန်အခ ဥပဒေများနှင့်အညီ ကောက်ခံရမည်။

၃၁။ ဤဥပဒေအာဏာမတည်မီက ဆိပ်ကမ်းနယ်မြေအတွင်း တည်ဆောက်ထား ရှိသော လုပ်ငန်းတစ်ခုခုကို ဤဥပဒေအာဏာတည်ပြီးနောက် ဆက်လက်၍ လုပ်ကိုင် ဆောင်ရွက်လိုလျှင် လုပ်ငန်းလုပ်ကိုင်ခွင့်ကို ဤဥပဒေနှင့်အညီ အစိုးရအဖွဲ့သို့ လျှောက်ထား ရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးဦးစီးဌာနမှူးသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို ဝန်ကြီး ၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင် သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာဒေအး
ဝန်ကြီးချုပ်
မင်္ဂလာဒုံ... 

# စစ်ကိုင်းတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီးဆိပ်တမ်းများ တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၄ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ် လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး တိရစ္ဆာန်မွေးမြူရေးနှင့် စနစ်တကျထိန်းကျောင်းရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အကြီးအကဲကို ဆိုသည်။

(ဆ) **တိရစ္ဆာန်** ဆိုသည်မှာ လူတို့ မွေးမြူထားသော သို့မဟုတ် တစ်နည်းနည်း အသုံးပြုရန် လူတို့ ဖမ်းဆီးထားသော တိရစ္ဆာန်ကို ဆိုသည်။ ယင်းစကားရပ်တွင် ထိုတိရစ္ဆာန် တစ်မျိုးမျိုး၏ အထီးမျိုးရည်၊ အမမျိုးဥ သို့မဟုတ် သန္ဓေသားလောင်းလည်း ပါဝင်သည်။

(ဇ) **တိရစ္ဆာန်ထွက်ပစ္စည်း** ဆိုသည်မှာ တိရစ္ဆာန်မှ ထွက်ရှိသော နို့၊ ဥ သို့မဟုတ် တိရစ္ဆာန် ၏ ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ရပ်ရပ်ကို ဆိုသည်။ ယင်းစကားရပ်တွင် ပျားနှင့် ပျားအုံမှ ရရှိသော ပျားထွက်ပစ္စည်းများလည်း ပါဝင်သည်။

(ဈ) **တိရစ္ဆာန်မွေးမြူရေး** ဆိုသည်မှာ လူတို့စားသုံးရန်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ ဝါသနာ အရဖြစ်စေ၊ မွေးမြူရေးထုတ်ကုန်များ ထုတ်လုပ်ရန်ဖြစ်စေ သို့မဟုတ် မျိုးပွားရန်နှင့် ဖြန့်ဖြူးရန်ဖြစ်စေ၊ တိရစ္ဆာန်ကို တစ်နည်းနည်း အသုံးပြုရန် တစ်ပိုင်တစ်နိုင် သို့မဟုတ် စီးပွားဖြစ် မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ခြင်းကို ဆိုသည်။

(ည) **ထိန်းကျောင်းခြင်း** ဆိုသည်မှာ တစ်ပိုင်တစ်နိုင်ဖြစ်စေ၊ စီးပွားဖြစ်ဖြစ်စေ၊ ခိုင်းစေရန်ဖြစ်စေ၊ မျိုးပွားဖြန့်ဖြူးရန်ဖြစ်စေ အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်းအမျိုးအစားအလိုက် စောင့်ရှောက်မှုနည်းလမ်းများ၊ ကန့်သတ်ချက်များဖြင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ခြင်းကို ဆိုသည်။

(ဋ) **စားကျက်မြေ** ဆိုသည်မှာ စိုက်ပျိုးမြေ သစ်တောမြေ ဘာသနာပိုင်မြေ၊ သုသာန်မြေ စသော မြေမျိုးများမှ လွတ်ကင်း၍ ကျွဲနွားတိရစ္ဆာန်များ လွတ်ကျောင်း၍ ရနိုင်သော မြေလွတ်မြေလပ်၊ မြေရိုင်းများကို ဆိုသည်။

(ဌ) **ကူးစက်ရောဂါ** ဆိုသည်မှာ ဝန်ကြီးဌာနက ကူးစက်ရောဂါဖြစ်သည်ဟု ကြေညာထားသော တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သည့် ရောဂါ တစ်မျိုးမျိုးကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) တိရစ္ဆာန်ထိန်းကျောင်းရေးလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(ဂ) တိရစ္ဆာန်မွေးမြူရေးနှင့် သဘာဝ ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်စေရန်၊

(ဃ) တိရစ္ဆာန်များတွင် ကူးစက်ရောဂါမဖြစ်ပွားစေရေးအတွက် ကြိုတင် ကာကွယ်ရန်နှင့် ဖြစ်ပွားသည့်အခါ စနစ်တကျ ထိန်းချုပ်နိုင်ရန်၊

(င) တိရစ္ဆာန်မှ လူသို့ ကူးစက်ရောဂါများ ကူးစက်ပြန့်ပွားမှုမဖြစ်ပေါ်စေရေး အတွက် ကြိုတင် ကာကွယ်ရန်၊

(စ) မွေးမြူထုတ်လုပ်မှုအမျိုးအစားနှင့် ပမာဏအလိုက် ဇီဝလုံခြုံမှုစံနှုန်းများ သတ်မှတ်၍ ကျင့်သုံးလိုက်နာ မွေးမြူစေရန်၊

(ဆ) စားကျက်မြေများကို ထိန်းသိမ်းစောင့်ရှောက်ရန်။

## အခန်း(၃)
## တိရစ္ဆာန်မွေးမြူရေး

၄။ ဦးစီးဌာနသည် တိရစ္ဆာန်မွေးမြူရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက်ရမည်-

(က) တိရစ္ဆာန်မွေးမြူလိုသူများအား ခေတ်မီ နည်းစနစ်များဖြင့် မွေးမြူနိုင်ရေးအတွက် နည်းပညာများ ဖြန့်ဖြူးခြင်း၊

(ခ) တိုင်းဒေသကြီးနှင့်ကိုက်ညီသော တိရစ္ဆာန် မျိုးကောင်းမျိုးသန့်များ ပေါ်ထွန်းလာစေရေးအတွက် ဆောင်ရွက်ခြင်း၊

(ဂ) တိရစ္ဆာန်အမျိုးအစား၊ မွေးမြူထုတ်လုပ်မှု အမျိုးအစားနှင့် ပမာဏအလိုက် မွေးမြူမှုစနစ်စံများ၊ ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ဃ) စီးပွားရေးအလို့ငှာ မျိုးပွားရန် နှင့် မျိုးဖြန့်ဖြူးရန်အတွက် မွေးမြူထားသော တိရစ္ဆာန်များ၏ ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေး မှတ်တမ်းများ၊ မျိုးရိုးဇီဝမှတ်တမ်းများကို စစ်ဆေးကြီးကြပ်ခြင်း၊

(င) တိရစ္ဆာန်တစ်မျိုးခြင်းအလိုက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူထုတ်လုပ်ခြင်းအား ကောင်းရေပမာဏ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(စ) တိရစ္ဆာန်တစ်မျိုးခြင်းအလိုက် တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မျိုးပွားဖြန့်ဖြူးခြင်းအား ကောင်းရေ ပမာဏ သတ်မှတ်၍စစ်ဆေးကြီးကြပ်ခြင်း။

## အခန်း(၄)
## တိရစ္ဆာန်ထိန်းကျောင်းရေး

၅။ ဦးစီးဌာနသည် တိရစ္ဆာန်ထိန်းကျောင်းရေးအတွက် အောက်ပါလုပ်ငန်းများကို ဆောင်ရွက် ရမည် -

(က) တိရစ္ဆာန် အမျိုးအစား၊ မွေးမြူထုတ်လုပ်မှု အမျိုးအစားနှင့် ပမာဏအလိုက် ထိန်းသိမ်း စောင့်ရှောက်ခြင်းနှင့် ထိန်းကျောင်းခြင်းစံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ခ) အိမ်မွေးတိရစ္ဆာန်များအတွက် ထိန်းသိမ်းစောင့်ရှောက်ခြင်းစံများနှင့် ရောဂါကာကွယ် ခြင်း စံများ သတ်မှတ်၍ စစ်ဆေးကြီးကြပ်ခြင်း၊

(ဂ) တိရစ္ဆာန်ဖြင့် သယ်ဆောင်နိုင်သည့် သို့မဟုတ် ဆွဲနိုင်သည့် အများဆုံးဝန်အလေးချိန်နှင့် အလုပ်ခိုင်းစေရန် အချိန်ကာလ သို့မဟုတ် အလုပ်ချိန်ကာလကို တိရစ္ဆာန် အမျိုးအစားအလိုက် သတ်မှတ်ခြင်း။

(ဂ) တစ်ပိုင်တစ်နိုင် သို့မဟုတ် စီးပွားဖြစ်မျိုးပွားဖြစ်ပြန့်ပွားရန်ဖြစ်စေ၊ ဒိုင်းစေရန် ဖြစ်စေ၊ အိမ်မွေးတိရစ္ဆာန် မွေးမြူခြင်း အမျိုးအစားအလိုက် ထိန်းသိမ်း စောင့်ရှောက်မှု နည်းလမ်းများ ကန့်သတ်ချက်များ ထုတ်ပြန်ခြင်း။

(ဃ) တိရစ္ဆာန်များကို စနစ်တကျ ထိန်းကျောင်းခြင်းနှင့်စပ်လျဉ်း၍ [illegible] ပြည်သူကို [illegible] စေရန် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း။

## အခန်း(၅)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၆။ ဤဥပဒေအရ ထုတ်ပြန်သော အမိန့်ညွှန်ကြားချက် စည်းမျဉ်းစည်းကမ်း တစ်ရပ်ရပ်ကို ဖောက်ဖျက်ကြောင်း သို့မဟုတ် လိုက်နာရန် ပျက်ကွက်ကြောင်း တွေ့ရှိပါက မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန အရာရှိတစ်ဦးသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည်-

(က) သတိပေးခြင်း။

(ခ) သတ်မှတ်ထားသည့် ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း။

## အခန်း(၆)
## အယူခံခြင်း

၇။ ဦးစီးဌာန၏အရာရှိ တစ်ဦးဦးက ဤဥပဒေအရ ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ချမှတ်သည့် နေ့မှ ရက်ပေါင်း ၆၀အတွင်း တိုင်းဒေသကြီးဦးစီးမှူးထံ အယူခံနိုင်သည်၊

၈။ တိုင်းဒေသကြီးဦးစီးမှူးက ချမှတ်သည့် ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ် သို့မဟုတ် အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၉။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

## အခန်း (၇)
## တားမြစ်ချက်များ

၁၀။ မည်သူမျှတိရစ္ဆာန်မွေးမြူခြင်း၊ ထုတ်လုပ်ခြင်း၊ မျိုးပြန့်ပွားခြင်းလုပ်ငန်းများတွင် မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာနက သတ်မှတ်ထားသည့် ကာကွယ်ထိန်းချုပ်ခြင်းစံများ၊ ထိန်းသိမ်းစောင့်ရှောက်ခြင်း စံများ၊ ကန့်သတ်ချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းမရှိစေရ။

၁၁။ မည်သူမျှ တိရစ္ဆာန်နှင့်ပတ်သက်၍ အောက်ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ -

(က) ရက်စက်ကြမ်းကြုတ်စွာ ရိုက်နှက်ခြင်း၊ ညှဉ်းဆဲခြင်း၊ ဝန်လွန်စေခြင်း သို့မဟုတ် သတ်မှတ်ထားသော အလေးချိန်ထက် ပို၍ တင်ဆောင်ခြင်း၊ ဆွဲယူစေခြင်း၊

(ခ) နှိပ်စက်ညှဉ်းပန်းခြင်း၊

(ဂ) ကိုယ်အင်္ဂါအစိတ်အပိုင်း တစ်ခုခုကို မလိုအပ်ဘဲ ချိုတဲ့စေခြင်း၊

(ဃ) အစာရေစာမကျွေးဘဲထားခြင်း၊

(င) ရောဂါသို့မဟုတ် ဒဏ်ရာများရရှိနေပါလျက် ကုသစောင့်ရှောက်မှုမပြုဘဲ ထားခြင်း၊

(စ) ကူးစက်ရောဂါစွဲကပ်နေပါလျက် သို့မဟုတ် ဒဏ်ရာရရှိနေပါလျက် အများပြည်သူဆိုင်ရာ နေရာသို့ လွှတ်ထားခြင်း၊

(ဆ) စည်းကမ်းမဲ့လွှတ်ကျောင်းခြင်း။

၁၂။ မည်သူမျှ ဤဥပဒေပါလုပ်ငန်းတာဝန်များ ဆောင်ရွက်သည်ကို ဝင်ရောက်စွက်ဖက်ခြင်း သို့မဟုတ် ဟန့်တားနှောင့်ယှက်ခြင်းမပြုရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၁၃။ မည်သူမဆို ပုဒ်မ ၁၀ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၁ ပါ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်း ထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၁၅။ ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

# အခန်း(၉)
## အထွေထွေ

၁၆။ တရားရုံးသည် ပုဒ်မ ၉ သို့မဟုတ် ပုဒ် ၁၀ အရ ပြစ်မှုထင်ရှားစီရင်ရာတွင် သက်ဆိုင်ရာပြစ်မှု အတွက် သတ်မှတ်ထားသော ပြစ်ဒဏ်ကို ချမှတ်ရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် သို့မဟုတ် ဖျက်ဆီးရန် အမိန့်ချမှတ်နိုင်သည်။

၁၇။ ဦးစီးဌာန ဝန်ထမ်းများက ဤဥပဒေပါ ပြစ်မှုများကို အရေးယူရာတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့က လိုအပ်သော အကူအညီများပေးရမည်။

၁၈။ တိုင်းဒေသကြီးဦးစီးမှူးသည် ဤဥပဒေအရ မိမိအား ပေးအပ်ထားသည့် လုပ်ပိုင်ခွင့်များကို ဦးစီးဌာနမှ အရာရှိတစ်ဦးဦးအား လွှဲအပ်ဆောင်ရွက်စေနိုင်သည်။

၁၉။ ဤဥပဒေအရ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများနှင့် ထိန်းကျောင်းခြင်း စနစ်များကို စစ်ဆေးကြီးကြပ်ရာတွင် -

(က) လူမှုစီးပွား ထိခိုက်မှု အနည်းဆုံးဖြစ်စေရန် ဆောင်ရွက်ရမည်။

(ခ) သဘာဝပတ်ဝန်းကျင် ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

(ဂ) ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ခြင်းစံများကို ထိခိုက်မှုမရှိစေရန် ဆောင်ရွက်ရမည်။

၂၀။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာန သို့မဟုတ် ဦးစီးဌာနသည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုး သည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျ ထုတ်လုပ်သုံးစွဲရေး ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေး ဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၅ ။)

၁၃၇၄ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်

( ၂၀၁၃ ခုနှစ်၊ မတ် လ ၃၀ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဓာတ်မြေဩဇာစနစ်တကျသုံးစွဲရေးနှင့် သဘာဝမြေဩဇာများ စနစ်တကျထုတ်လုပ်သုံးစွဲရေးဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးစိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးကို ဆိုသည်။

(င) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနကို ဆိုသည်။

(စ) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(ဆ) **ဓာတ်မြေဩဇာ** ဆိုသည်မှာ သဘာဝအရ ပြုလုပ်ဖွဲ့စည်းမှု မဟုတ်ဘဲ ဓာတုပစ္စည်းများဖြင့် တစ်နည်းနည်း ပြုပြင်စီမံထားသည့် မြေဩဇာကို ဆိုသည်။ ယင်းစကားရပ်တွင် တွင်းထွက် သို့မဟုတ် စက်ရုံမှ ထုတ်လုပ်သည့် ဩဂဲနစ်နှင့် အင်ဩဂဲနစ် ဓာတ်မြေဩဇာတို့လည်း ပါဝင်သည်။

(ဇ) **သဘာဝမြေဩဇာ** ဆိုသည်မှာ သက်ရှိသတ္တဝါနှင့် အပင်တို့၏ ရုပ်ကြွင်းများ၊ စွန့်ပစ်ပစ္စည်းများနှင့် ဘေးထွက်ပစ္စည်းများကိုလည်းကောင်း၊ ယင်းတို့ကို ဆွေးမြေ့စေပြီး ပြုပြင်စီမံ၍ ရရှိသောပစ္စည်းများကိုလည်းကောင်း ဆိုသည်။

(ဈ) **မြေဩဇာ** ဆိုသည်မှာ ပန်းမန်၊ သီးနှံနှင့် အပင်များ၊ ရှင်သန်ကြီးထွားရေး အတွက် မြေဆီလွှာတွင် ဓာတုဆိုင်ရာ ပြောင်းလဲမှုဖြစ်စေရန် သို့မဟုတ် အခြားနည်းလမ်းတစ်ခုခုဖြင့် အဟာရဓာတ် ရရှိစေရန် ထောက်ပံ့ပေး နိုင်သော ပစ္စည်းပါဝင်သည့် ဓာတ်မြေဩဇာ၊ ဇီဝမြေဩဇာနှင့် သဘာဝ မြေဩဇာတို့ကို ဆိုသည်။ ယင်းစကားရပ်တွင် စိုက်ပျိုးသူတစ်ဦးက မိမိ၏ ကိုယ်ပိုင်စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန်ပြုလုပ်သည့် သဘာဝမြေဩဇာ မပါဝင်။

(ည) **စံချိန်စံညွှန်း** ဆိုသည်မှာ မြေဩဇာတွင်ပါဝင်ရမည့် အပင်အာဟာရဓာတ် သို့မဟုတ် အခြားလိုအပ်သောပစ္စည်းများ၏ အချိုးအစား၊ အညစ်အကြေးတို့နှင့် စပ်လျဉ်း၍ မြေဩဇာကော်မတီက စံအဖြစ်သတ်မှတ်ပေးချက်ကိုဆိုသည်။

(ဋ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ သက်ရှိသတ္တဝါ သို့မဟုတ် အပင်တို့အန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်းတစ်မျိုးမျိုးကို ဆိုလိုသည်။

(ဌ) **အရည်အသွေးအာမခံချက်** ဆိုသည်မှာ မြေဩဇာထုတ်လုပ်သူက စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း အာမခံချက်ကိုဆိုသည်။

(ဍ) **အမှတ်တံဆိပ်** ဆိုသည်မှာ မြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်း ထားသည့် ပစ္စည်းပေါ်တွင် ရေးထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အမှတ်အသားကိုဆိုသည်။

(ဎ) **သဘာဝမြေဩဇာလုပ်ငန်း** ဆိုသည်မှာ စိုက်ပျိုးသူတစ်ဦးဦးက မိမိကိုယ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းတွင် သုံးစွဲရန် ပြုလုပ်သည့် သဘာဝ မြေဩဇာမှတစ်ပါး၊ သဘာဝမြေဩဇာကို စီးပွားရေးလုပ်ငန်း အလို့ငှာ ထုတ်လုပ်ခြင်း၊ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်းကို ဆိုသည်။

(ဏ) **သိုလှောင်ခြင်း** ဆိုသည်မှာ မြေဩဇာ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်ရန်အလို့ငှာ သိုလှောင်ခြင်းကို ဆိုသည်။

(တ) **ဖြန့်ဖြူးရောင်းချခြင်း** ဆိုသည်မှာ လိုင်စင်လျှောက်ထားရယူရန် အလို့ငှာ မြေဩဇာကော်မတီက သတ်မှတ်သောအလေးချိန်၊ ပမာဏထက် ကျော်လွန်သည့် မြေဩဇာဖြန့်ဖြူးရောင်းချခြင်းကို ဆိုသည်။

(ထ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်း၊ ပြည်ပသို့ တင်ပို့ရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်လက်မှတ်ကို ဆိုသည်။

(ဒ) **လိုင်စင်** ဆိုသည်မှာ သဘာဝမြေဩဇာကိုစီးပွားရေး အလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းသို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းနှင့် ဓာတ်မြေဩဇာအား ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းကို လုပ်ကိုင်ခွင့်ပြုကြောင်း ဤဥပဒေအရ ထုတ်ပေးသော ခွင့်ပြုချက်ကို ဆိုသည်။

(ဓ) **ဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အသီးသီးတွင် တာဝန် ထမ်းဆောင်သည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံအသီးသီးကို ဆိုသည်။

(န) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက တာဝန်ပေးအပ်သည့် စစ်ဆေးရေးအဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) နိုင်ငံတော်၏ အခြေခံစီးပွားရေးဖြစ်သော လယ်ယာကဏ္ဍဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူဖြစ်စေရန်၊

(ခ) ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲနိုင်ရေးနှင့် သဘာဝမြေဩဇာ ထုတ်လုပ်သုံးစွဲရေး လုပ်ငန်းများကို စနစ်တကျ ကြီးကြပ်ဆောင်ရွက်နိုင်ရန်၊

(ဂ) အရည်အသွေးပြည့်ဝပြီး စံချိန်စံညွှန်းပြည့်မီသော ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို စိုက်ပျိုးသူများ သုံးစွဲနိုင်ရန်၊

(ဃ) သင့်လျော်သော ဓာတ်မြေဩဇာနှင့်သဘာဝမြေဩဇာကို သုံးစွဲခြင်းဖြင့် မြေဆီလွှာထိန်းသိမ်းရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူ ပြုနိုင်ရန်၊

(င) ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသနလုပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နိုင်ရန်၊

(စ) မြေဩဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်။

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ အတိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန အဖွဲ့အစည်းများ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ(က)အရဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၄)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သဘာဝမြေဩဇာနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်း၊

(ခ) တိုင်းဒေသကြီးအတွင်း ထုတ်လုပ်မည့် သဘာဝမြေဩဇာ၏ စံချိန်စံညွှန်းကို သတ်မှတ်ခြင်း၊

(ဂ) ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းနှင့် လိုင်စင်ရယူရန်လိုအပ်သည့် သဘာဝမြေဩဇာ အလေးချိန်ပမာဏကို သတ်မှတ်ခြင်း၊

(ဃ) သဘာဝမြေဩဇာလုပ်ငန်းနှင့် စပ်လျဉ်း၍လည်းကောင်း၊ ဓါတ်မြေဩဇာနှင့် သဘာဝမြေဩဇာများကို သုံးစွဲရာတွင်လည်းကောင်း ပတ်ဝန်းကျင် ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်များ မဖြစ်စေရေးတို့အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(င) မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း၊

(စ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(ဆ) မှတ်ပုံတင်လက်မှတ် သက်တမ်းသတ်မှတ်ခြင်း၊

(ဇ) သဘာဝမြေဩဇာနှင့် စပ်လျဉ်း၍ သုတေသနလုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဈ) စိုက်ပျိုးသူများက မြေဩဇာကို စနစ်တကျသုံးစွဲတတ်စေရန် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ည) သဘာဝမြေဩဇာလုပ်ငန်းနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်-

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူ ပညာရှင်များဖြင့် မြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) သင့်လျော်သောပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကို ဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေး ရမည်။

## အခန်း(၅)
## မှတ်ပုံတင်လက်မှတ်

၇။ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ထုတ်လုပ်ခြင်းနှင့် ပြည်ပသို့ တင်ပို့ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် သတ်မှတ်သည့်ပုံစံဖြင့် ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည်-

(က) ပုဒ်မ (၇) အရ လျှောက်ထားချက်နှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီမညီ သဘာဝမြေဩဇာဆိုင်ရာ နည်းပညာအဖွဲ့အား စစ်ဆေး တင်ပြ စေရမည်။

(ခ) ပုဒ်မခွဲ (က) အရ တင်ပြချက်ကို စိစစ်ပြီး မှတ်ပုံတင်လက်မှတ် ထုတ်ပေး ရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များသတ်မှတ်၍ လျှောက်ထားသူအား မှတ်ပုံတင် လက်မှတ် ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၉။ မှတ်ပုံတင်လက်မှတ်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်း စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) အရည်အသွေး အာမခံချက်၊ အမှတ်တံဆိပ်နှင့် စံချိန်စံညွှန်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည်၊

(ဃ) သက်ဆိုင်ရာဦးစီးဌာနမှူးနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၁၀။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုလျှင် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၁။ ကော်မတီသည်-

(က) ပုဒ်မ ၁၀ အရ လျှောက်ထားချက်ကို စိစစ်ပြီးသက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ(က)အရခွင့်ပြုပါက လျှောက်ထားသူအား မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့် ပေးရမည်။

၁၂။ မှတ်ပုံတင်လက်မှတ် ရရှိသူသည် မှတ်ပုံတင်ခ၊ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၆)
## လိုင်စင်

၁၃။ (က) သဘာဝမြေသြဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်၊

(ခ) စိုက်ပျိုးရေးဦးစီးဌာနသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်၊ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။

၁၄။ (က) မြေသြဇာကို ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လုပ်ကိုင်လိုသူသည် လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီထံ လျှောက်ထားရမည်၊

(ခ) ကော်မတီသည် ပုဒ်မခွဲ (က)အရလျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက

စည်းကမ်းချက်များ သတ်မှတ်၍လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၁၅။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရထုတ်ပြန်သော နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို လိုက်နာရမည်၊

(ခ) လိုင်စင်ပါစည်းကမ်းချက်များကို လိုက်နာရမည်၊

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်၊

၁၆။ သဘာဝမြေဩဇာကိုပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည် ထုပ်ပိုးခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် သဘာဝမြေဩဇာထုပ်ပိုး သို့မဟုတ် ထည့်သွင်းထားသည့် ပစ္စည်းပေါ်တွင် အောက်ပါအချက်များကို ဖော်ပြရမည်-

(က) အမှတ်တံဆိပ်၊

(ခ) သဘာဝမြေဩဇာ၏ အသားတင်အလေးချိန်၊

(ဂ) အရည်အသွေးအာမခံချက်၊

(ဃ) သဘာဝမြေဩဇာတွင်ပါဝင်သော အပင်အာဟာရရရှိနိုင်မှုနှုန်း၊

(င) သဘာဝမြေဩဇာတွင်ပါဝင်သော ပေါင်းစပ်ရောနှောသည့် ပစ္စည်းများ၏ အမည်နှင့် အချိုးအစား၊

(စ) သုံးစွဲရန်အညွှန်းစာ၊

၁၇။ သဘာဝမြေဩဇာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် ပုဒ်မ ၁၆ ပါ အချက်များ ဖော်ပြထားသော မြေဩဇာကိုသာ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း ပြုရမည်။

၁၈။ ဝန်ကြီးသည် ကော်မတီက ထုတ်ပေးခွင့်ရှိသည့် လိုင်စင်များ၏ သက်တမ်းကို သတ်မှတ်ရမည်။

၁၉။ (က) သဘာဝမြေဩဇာပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုပ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း၊ လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ စိုက်ပျိုးရေးဦးစီးဌာနသို့ လျှောက်ထားရမည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင် သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၀။ (က) မြေဩဇာဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် သက်တမ်း မကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း (၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ ကော်မတီထံ လျှောက်ထားရမည်။

( ခ) ကော်မတီသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကိုစိစစ်ပြီး လိုင်စင် သက်တမ်း တိုးမြှင့်ပေးရန်ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၂၁။ သဘာဝမြေဩဇာလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခ၊ လိုင်စင်သက်တမ်း တိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ် စစ်ဆေးခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း (၇)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၂၂။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း တာဝန် ပေးအပ်နိုင်သည်။

၂၃။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အဖွဲ့အားတာဝန်ပေးအပ်သည့် နယ်မြေအတွင်းရှိ ဓါတ်မြေဩဇာ သိုလှောင်၊ ဖြန့်ဖြူးခြင်းလုပ်ငန်းနှင့် သဘာဝမြေဩဇာလုပ်ငန်းကို စစ်ဆေးခြင်း၊

( ခ) အခြားမှတင်သွင်းလာသော ဓါတ်မြေဩဇာကိုဖြစ်စေ၊ တိုင်းဒေသကြီးအတွင်း ထုတ်လုပ်သော သဘာဝမြေဩဇာကိုဖြစ်စေ စံချိန်စံညွှန်းနှင့် ညီမညီ စစ်ဆေးရန် မြေဩဇာနမူနာကို ရယူခြင်း၊ ဓာတ်ခွဲစမ်းသပ် စစ်ဆေးခြင်းနှင့် စစ်ဆေးတွေ့ရှိချက်ကို ကော်မတီသို့ တင်ပြခြင်း၊

( ဂ) မြေဩဇာကို ဘေးအန္တရာယ် ဖြစ်စေတတ်သော နည်းလမ်းဖြင့်သုံးစွဲခြင်း ပြုမပြု စစ်ဆေးခြင်း၊

(ဃ) ဤဥပဒေပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း စစ်ဆေးတွေ့ရှိပါက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကော်မတီသို့ တင်ပြခြင်း၊

( င) ဝန်ကြီးဌာနက ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း(၈)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၂၄။ စီမံခန့်ခွဲရေးပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုထားသော သဘာဝမြေဩဇာလုပ်ငန်းကို ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်စေပြီး သဘာဝမြေပြင်ဓာတ်ငွေ့လုပ်ငန်းကို ဆက်လက် လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကိုပယ်ဖျက်ခြင်း။

၂၅။ ကော်မတီသည်ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ် ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ် နိုင်သည်။

၂၆။ ကော်မတီသည် အောက်ပါ အချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာလုပ်ငန်း လိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ် နိုင်သည်-

(က) သဘာဝမြေပြင်ဓာတ်ငွေ့ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း သို့မဟုတ် သိုလှောင်ခြင်း၊ လိုင်စင်ရရှိသူက ပုဒ်မ ၁၅ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) သဘာဝမြေပြင်ဓာတ်ငွေ့ပေါင်းစပ်ခြင်း၊ ရောနှောခြင်း သို့မဟုတ် ပြန်လည် ထုတ်ပိုးခြင်း လုပ်ငန်းလိုင်စင် ရရှိသူက ပုဒ်မ ၁၆ ပါ တာဝန် တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ဂ) သဘာဝမြေပြင်ဓာတ်ငွေ့သိုလှောင်ခြင်း လုပ်ငန်းလိုင်စင်ရရှိသူက ပုဒ်မ ၁၇ ပါ ပြဋ္ဌာန်းချက်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

၂၇။ ကော်မတီသည် ပုဒ်မ ၁၅ နှင့် ပုဒ်မ ၁၇ တို့ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာ ဆောင်ရွက်ရန် ပျက်ကွက်သော မြေပြင်ဓာတ်ငွေ့ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်း လိုင်စင်ရရှိသူအား ပုဒ်မ ၂၄ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ် ချမှတ်ရမည်။

## အခန်း (၉)
## အယူခံဝင်ခြင်း

၂၈။ (က) မြေပြင်ဓာတ် ဖြန့်ဖြူးရောင်းချခြင်း လိုင်စင်နှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း (၃၀)အတွင်း သတ်မှတ်ချက်နှင့်အညီ အစိုးရအဖွဲ့သို့ အယူခံဝင်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ(က)အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီကချမှတ်သည့် အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည် ပြုခြင်း၊ ပြင်းပယ်ခြင်း သို့မဟုတ် ပြင်ဆင်ခြင်းပြုနိုင်သည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၂၉။ မည်သူမျှ မှတ်ပုံတင်လက်မှတ်မရှိဘဲ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း သို့မဟုတ် ပြည်ပသို့ တင်ပို့ခြင်း မပြုရ။

၃၀။ မည်သူမျှ လိုင်စင်မရှိဘဲ သဘာဝမြေဩဇာကို စီးပွားရေးအလို့ငှာ ပေါင်းစပ်ခြင်း၊ ရောနှောခြင်း၊ ပြန်လည်ထုတ်ပိုးခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချ ခြင်းမပြုရ။

၃၁။ မည်သူမျှ မြေဩဇာအတုကိုဖြစ်စေ၊ မူလစံချိန်စံညွှန်းနှင့် ကိုက်ညီခြင်းမရှိသော မြေဩဇာကို ဖြစ်စေ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်းမပြုရ။

၃၂။ မည်သူမျှအဆိပ်ရှိပစ္စည်းများ ရောနှောပါဝင်သော သဘာဝမြေဩဇာကို ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း သို့မဟုတ် ဖြန့်ဖြူးရောင်းချခြင်း မပြုရ။

၃၃။ မည်သူမျှ မြေဩဇာကို စိုက်ပျိုးရေးလုပ်ငန်းမှအပ အခြားနည်းသုံးစွဲခြင်း မပြုရ။

၃၄။ မည်သူမျှ ဤဥပဒေအရပြုလုပ်သည့် နည်းဥပဒေများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်းမပြုရ။

၃၅။ မည်သူမျှ သီးနှံစိုက်ခင်းများတွင် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်စေရန်နှင့် သတ္တဝါများအပေါ် ကျန်းမာရေးမထိခိုက်စေရန် သတ်မှတ်ထားသော စံချိန်စံညွှန်းများထက် ပိုမိုသုံးစွဲခြင်း မပြုရ။

## အခန်း(၁၁)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၃၆။ မည်သူမဆို ပုဒ်မ ၂၉၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၇။ မည်သူမဆို ပုဒ်မ ၃၂ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို နှစ် နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် နှစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ ထို့အပြင် ပြစ်မှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ရမည်။

၃၈။ မည်သူမဆို ပုဒ်မ ၃၃၊ ပုဒ်မ ၃၄ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ခြောက် လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၃၉။ တရားရုံးသည် သက်သေခံပစ္စည်းကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်ခဲ့လျှင် ယင်းသက်သေခံပစ္စည်းများကို တိုင်းဒေသကြီးဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

## အခန်း(၁၂)
## အထွေထွေ

၄၀။ ဤဥပဒေပြဋ္ဌာန်းသည့်နေ့တွင် သဘာဝမြေပြဿဇာလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀)အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၄၁။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓါတ်ခွဲစမ်းသပ်စစ်ဆေးခတို့ကို သတ်မှတ်ရမည်။

၄၂။ ကော်မတီသည် သဘာဝမြေပြဿဇာကို သုံးစွဲခြင်းနှင့် မြေပြဿဇာလုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင်လက်မှတ် လျှောက်ထားခြင်း၊ လိုင်စင်လျှောက်ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့်ပြုနိုင်သည်။

၄၃။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေကျန်ငွေဖြစ်ဘိသကဲ့သို့ အရကောက်ခံရန် သက်ဆိုင်ရာ တိုင်းဒေသကြီးဦးစီးဌာနအား တာဝန်ပေးအပ်ရမည်။

၄၄။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်တွင်ရှိသော မြေပြဿဇာနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၅။ သဘာဝမြေပြဿဇာကို ပြည်တွင်းသို့ တင်သွင်းရန်ဖြစ်စေ၊ ပြည်ပသို့ တင်ပို့ရန်ဖြစ်စေ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ထုတ်ပေးရန် လျှောက်ထားလာပါက ကော်မတီသည် ဦးစီးဌာန၏ ထောက်ခံချက်ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြနိုင်သူကိုသာ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင် ထုတ်ပေးနိုင်သည်။

၄၆။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများတွင် မြေပြဿဇာနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန၊ ပြည်ထောင်စု ဓာတ်ခွဲစမ်းသပ် စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက်အဖြစ် ထည့်သွင်းစဉ်းစားနိုင်သည်။

၄၇။ ဤဥပဒေ ပုဒ်မ ၃၅၊ ပုဒ်မ ၃၆၊ ပုဒ်မ ၃၇ တို့အရ တရားစွဲဆိုသောပြစ်မှုကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုအဖြစ် သတ်မှတ်သည်။

၄၈။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန် လွယ်ကူခြင်းမရှိပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ခြင်းမပြုဘဲ မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်းကို အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ အခြားစာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၄၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးဦးစီးဌာနမှူးတို့သည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းရေးဥပဒေ

( ၂၀၁၄ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၆ ။ )

၁၃၇၅ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၄ ခုနှစ်၊ မတ် လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းရေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကိုဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကိုဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လူမှုရေး ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ**ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(စ) **တိုင်းဒေသကြီးဦးစီးဌာနမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ရှေးဟောင်းသုတေသန ဌာန၏ ဝန်ထမ်းအကြီးအမှူးကို ဆိုသည်။

(ဆ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်ထားသော အဖွဲ့ကို ဆိုသည်။

(ဇ) **ဦးစီးဌာန** ဆိုသည်မှာ ရှေးဟောင်းသုတေသနဦးစီးဌာနကို ဆိုသည်။

(ဈ) **ယဉ်ကျေးမှုအမွေအနှစ်** ဆိုသည်မှာ သမိုင်းအရဖြစ်စေ၊ ယဉ်ကျေးမှု အရဖြစ်စေ၊ အနုပညာလက်ရာမြောက်မှုအရဖြစ်စေ၊ မနုဿဗေဒ အရဖြစ်စေ တန်ဖိုးကြီးမားသောကြောင့် ကာကွယ်ထိန်းသိမ်းရန် လိုအပ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်း နေရာကို ဆိုသည်။

(ည) **ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ** ဆိုရာတွင် ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့် နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော ဗိသုကာလက်ရာမြောက်သည့် အဆောက်အအုံ၊ စေတီ၊ ပုထိုး၊ ဘုန်းတော်ကြီးကျောင်း၊ နန်းတော်၊ လူနေအဆောက်အအုံနှင့် ယင်းတို့တွင် ထုလုပ်ထားသည့် ပန်းပု၊ ရုပ်ထု၊ ရေးဆွဲထားသည့်ပန်းချီ၊ သဘာဝအလျောက်တည်ရှိသည့် သို့မဟုတ် လူသားတို့ ခိုအောင်း နေထိုင်ခဲ့သော လူဖန်တီးသည့်ဂူ၊ ကမ္ပည်းကျောက်စာ၊ ပေါ်ကွန်း၊ လမ်း၊ တံတား၊ သင်္ချိုင်းဂူ၊ သင်္ချိုင်းရာ၊ တူးဖော်ထားသော အဆောက်အအုံ အကြွင်းအကျန်၊ ရေကန်၊ မြို့ရိုး၊ တံတိုင်း၊ တံခါးမုခ်ဝ၊ ကျုံး၊ ခံတပ်နှင့် ယင်းတို့၏ အကြွင်းအကျန်တို့ကိုဆိုသည်။

(ဋ) **ရှေးဟောင်းနေရာဆိုသည်မှာ** ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံဟု ဦးစီးဌာနက စုံစမ်းစစ်ဆေးသည့်နေ့ရက်မတိုင်မီ နှစ်ပေါင်း ၁၀၀ က တည်ရှိသော သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သော တူးဖော်ဆဲဖြစ်သည့် သို့မဟုတ် တူးဖော်ခြင်း မပြုရသေးသည့်မြို့၊ ရှေးခေတ်လူတို့ အခြေချ နေထိုင်ခဲ့သည့်နေရာ၊ ရှေးဟောင်းအဆောက်အအုံ တည်ရှိခဲ့သောနေရာ သို့မဟုတ် ကုန်း ကိုဆိုသည်။

(ဌ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံပရိဝုဏ်** ဆိုသည်မှာ ရှေးဟောင်း အထိမ်းအမှတ်အဆောက်အအုံတစ်ခုတွင် ဤဥပဒေအရ သတ်မှတ်သော အဝန်းအဝိုင်း နယ်နိမိတ်ကို ဆိုသည်။

(ဍ) **ရှေးဟောင်းအထိမ်းအမှတ်အဆောက်အအုံတည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သော ဇုန်ကို ဆိုသည်။

(ဎ) **ရှေးဟောင်းနေရာ တည်ရှိရာဇုန်** ဆိုသည်မှာ ရှေးဟောင်းနေရာ တည်ရှိသည့် ဤဥပဒေအရ သတ်မှတ်သော ဇုန်ကို ဆိုသည်။

(ဏ) **ကာကွယ်ထိန်းသိမ်းထားသောဇုန်ဆိုသည်မှာ** ယဉ်ကျေးမှု အမွေအနှစ် မြင်ကွင်း၊ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်း နေရာများ မပျက်စီးစေရန် ကာကွယ်ထိန်းသိမ်းထားရှိရေးအတွက် ဤဥပဒေအရ သတ်မှတ်သော ဇုန်ကို ဆိုသည်။

(တ) **ယဉ်ကျေးမှုအမွေအနှစ်ဒေသ** ဆိုသည်မှာ ဤဥပဒေအရ သတ်မှတ်သည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်း နေရာ တည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသော ဇုန်ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ရှေးနှစ်ပေါင်းများစွာက တည်ရှိခဲ့သော ယဉ်ကျေးမှုအမွေအနှစ်များ အစွန့်ရှည်စွာ တည်တံ့စေရန်အတွက် ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ မူဝါဒကို အကောင်အထည်ဖော်ရန်၊

(ခ) သဘာဝဘေးအန္တရာယ်ကြောင့်ဖြစ်စေ၊ လူတို့၏ပြုလုပ်မှုကြောင့်ဖြစ်စေ ယဉ်ကျေးမှု အမွေအနှစ်ဒေသများနှင့် ယင်းဒေသအတွင်းရှိ ယဉ်ကျေးမှု အမွေအနှစ်များ ပိုယွင်းပျက်စီးခြင်း မရှိစေရေးအတွက် ကာကွယ် ထိန်းသိမ်းရန်၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်းဖြင့် နိုင်ငံသားများ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားစေရန်နှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်စေရန်၊

(ဃ) အများပြည်သူတို့၏ စိတ်ဓာတ်တွင် ယဉ်ကျေးမှု အမွေအနှစ်ဒေသများကို ကာကွယ်ထိန်းသိမ်းရေး၏ တန်ဖိုးကြီးမားမှုကို နားလည်နိုင်ကြစေရန်၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ပျက်စီးခြင်း မခံရစေရေးအတွက် အကာအကွယ်ပေးရန်၊

(စ) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် စပ်လျဉ်း၍ နိုင်ငံတော်က လက်ခံသဘောတူသော အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းနှင့် အညီ ဆောင်ရွက်ရန်။

## အခန်း(၃)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ သတ်မှတ်ခြင်း

၄။ အစိုးရအဖွဲ့သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် အောက်ပါ ဇုန်အမျိုးအစားတစ်ခုခုကိုဖြစ်စေ၊ တစ်ခုထက်ပို၍ဖြစ်စေ နယ်နိမိတ်ဖော်ပြ၍ အမိန့် ကြော်ငြာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်-

(က) ရှေးဟောင်းအထိန်းအမှတ် အဆောက်အအုံတည်ရှိရာဇုန်၊

(ခ) ရှေးဟောင်းနေရာ တည်ရှိရာဇုန်၊

(ဂ) ကာကွယ်ထိန်းသိမ်းထားသောဇုန်။

၅။ အစိုးရအဖွဲ့သည် ယဉ်ကျေးမှုအမွေအနှစ် ဒေသများအတွင်းတွင် လိုအပ်လျှင် မည်သည့်မြေကိုမဆို သိမ်းယူရေးအတွက် အောက်ပါအတိုင်း ဆောင်ရွက်နိုင်သည်-

(က) အစိုးရဌာန သို့မဟုတ် အစိုးရဌာနအဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသော မြေဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အစိုးရအဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ခြင်း။

(ခ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိက အဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းခွင့်ရှိသော မြေဖြစ်ပါက တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာဝန်ကြီးဌာနနှင့် ကြိုတင်ညှိနှိုင်းဆောင်ရွက်ခြင်း။

## အခန်း(၄)
## ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းခြင်း

၆။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံ၏ မြင်ကွင်းကိုလည်းကောင်း၊ ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို လည်းကောင်း အဟန့်အတား အနှောင့်အယှက်ဖြစ်စေသည့် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ မဟုတ်သော အဆောက်အအုံကို ဖျက်သိမ်းစေနိုင်သည်။

၇။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် သက်ဆိုင်ရာဂေါပကအဖွဲ့က ထိန်းသိမ်းစောင့်ရှောက်လျက်ရှိသော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို မူလ ရှေးဟောင်းပုံသဏ္ဌာန်နှင့် မူလရှေးဟောင်းလက်ရာပြောင်းလဲခြင်း မရှိစေဘဲ ထိန်းသိမ်းစောင့်ရှောက်ရန် ယင်းအဖွဲ့အား ညွှန်ကြားနိုင်သည်။

၈။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည် ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် အဆောက်အအုံ ဆောက်လုပ်ရာ၌ လိုက်နာရမည့် စည်းကမ်းချက်များကို ဒေသအလိုက် သတ်မှတ်နိုင်သည်။

၉။ ဦးစီးဌာနသည် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းရှိ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၊ ရှေးဟောင်းနေရာများကို ကာကွယ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။

၁၀။ ဦးစီးဌာနသည် ယဉ်ကျေးမှု အမွေအနှစ် ဒေသအတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်းနေရာမှ သတ်မှတ်သည့် နယ်နိမိတ်အတွင်း မည်သူမျှ ထွန်ယက်စိုက်ပျိုးခြင်းမပြုရဟုလည်းကောင်း၊ ယဉ်ကျေးမှု အမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာ မပြုလုပ်ရဟုလည်းကောင်း တားမြစ်နိုင်သည်။

၁၁။ ဦးစီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ယဉ်ကျေးမှု အမွေအနှစ် ဒေသအတွင်းတွင် အောက်ပါကိစ္စများဆောင်ရွက်ရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတစ်ခု၏ ပရိဝုဏ် နယ်နိမိတ်ကို သတ်မှတ်ခြင်း။

(ခ) ပုဒ်မခွဲ (က) အရ သတ်မှတ်သည့် ပရိဝုဏ်အတွင်းတွင် ဖွင့်လှစ်သော ဆိုင်များက လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း။

## အခန်း(၅)
## ကော်မတီဖွဲ့စည်းခြင်း

၁၂။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့်-

(က) ဝန်ကြီးအား ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးဌာနမှူးအား အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာန အဖွဲ့အစည်းများ၏ အကြီးအမှူးများ၊ ကျွမ်းကျင်သူ ပညာရှင်များအား အဖွဲ့ဝင်အဖြစ်လည်းကောင်း ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မ (က) အရ ဖွဲ့စည်းထားသော ကော်မတီကို တိုင်းဒေသကြီး အစိုးရအဖွဲ့က အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း(၆)
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၁၃။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဖော်ထုတ်ရေးနှင့် သုတေသနပြုလုပ်ရေး လုပ်ငန်းများကို ဆောင်ရွက်ခြင်း၊

(ခ) ထင်ရှားကျော်ကြား ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ယဉ်ကျေးမှု အမွေအနှစ် ဒေသများနှင့် ဦးစားပေးထိန်းသိမ်းရမည့် ပျက်စီးယိုယွင်းနေသော ယဉ်ကျေးမှု အမွေအနှစ်များကို ကိန်းသိမ်းစောင့်ရှောက်ခြင်း၊

(ဂ) ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ယဉ်ကျေးမှု အမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် သတ်မှတ်ခြင်း၊

(ဃ) ကမ္ဘာ့ယဉ်ကျေးမှုအမွေအနှစ်ဟု သတ်မှတ်သင့်သော ရှေးဟောင်း အထိမ်းအမှတ် အဆောက်အအုံနှင့် ရှေးဟောင်းနေရာများကို ကမ္ဘာ့ ယဉ်ကျေးမှု အမွေအနှစ်စာရင်းတွင် ပါဝင်နိုင်ရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဆောင်ရွက်ခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းမှ ရှေးဟောင်းဝတ္ထုပစ္စည်းများ ပြည်ပသို့ မရောက်ရှိစေရေးနှင့် ပြည်ပသို့ရောက်ရှိသွားသော ယင်းပစ္စည်းများ ပြန်လည်ရရှိရေးတို့အတွက် လိုအပ်သလို ဆောင်ရွက်ခြင်း၊

(စ) ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များကို တန်ဖိုးထား ဂုဏ်ယူတတ်စေရေးအတွက် အများပြည်သူအား အသိပေးရေးလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဆ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်း နေရာတည်ရှိရာဇုန် သို့မဟုတ် ကာကွယ်ထိန်းသိမ်းထားသောဇုန် သို့မဟုတ် ယဉ်ကျေးမှုအမွေအနှစ် ဒေသအတွင်းတွင် အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ ပြင်ဆင်ခြင်း၊ ဟော်တယ်၊ မော်တယ်၊ ဧည့်ရိပ်သာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလုပ်ငန်း အဆောက်အအုံများ တည်ဆောက်ခြင်း၊ တိုးချဲ့ခြင်း၊ နယ်နိမိတ်တိုးချဲ့ခြင်း၊ သုတေသနလုပ်ငန်းများနှင့် တည်ဆောက်ရေးလုပ်ငန်း လုပ်ကိုင်ခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း။

## အခန်း (၇)
## ကြိုတင်ခွင့်ပြုချက်လျှောက်ထားခြင်း၊ စိစစ်ခြင်းနှင့် ထုတ်ပေးခြင်း

၁၄။ အောက်ပါကိစ္စရပ်တစ်ခုခု ပြုလုပ်လိုသူသည် တည်ဆဲအခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်-

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ တည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် -

(၁) အဆောက်အအုံကို တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ ဆောက်လုပ်ခြင်း၊

(၂) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ တည်းခိုရိပ်သာ သို့မဟုတ် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံကိုတည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် -

(၁) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်းလက်ရာကိုဖြစ်စေ၊ ပြောင်းလဲခြင်းမရှိစေဘဲ ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၂) ရှေးဟောင်းသုတေသနဆိုင်ရာ ဖော်ထုတ်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(၃) လမ်းဖောက်လုပ်ခြင်း၊ တံတား၊ ဆည်မြောင်း၊ တာတမံတည် ဆောက်ခြင်း၊ သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

၁၅။ (က) ကော်မတီသည် ပုဒ်မ ၁၄ အရ လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့် ညီမညီ စစ်ဆေးရေးအဖွဲ့အား စစ်ဆေးတင်ပြစေရမည်။

(ခ) ကော်မတီသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၁၄ ပါ ကိစ္စနှင့် စပ်လျဉ်း၍ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ခွင့်ပြုသည့်အခါ ကော်မတီသည် လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၆။ အောက်ပါကိစ္စရပ် တစ်ခုခုပြုလုပ်သူသည် တည်ဆဲ အခြားဥပဒေများပါ ပြဋ္ဌာန်းချက်များကို လိုက်နာရမည့်အပြင် ဤဥပဒေအရလည်း ကြိုတင်ခွင့်ပြုချက်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ဦးစီးဌာနသို့ လျှောက်ထားရမည် -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံမှ အပ အခြားအဆောက်အအုံ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ခ) ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာ၊ ဘည်းခိုရိပ်သာနှင့် စက်မှုလက်မှုလုပ်ငန်း အဆောက်အအုံများမှအပ အခြားအဆောက်အအုံ ဆောက်လုပ်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ပင်းခြံနယ်နိမိတ် တိုးချဲ့ခြင်း၊

(ဂ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၁၇။ ဦးစီးဌာနသည် -

(က) ပုဒ်မ ၁၆ အရ လျှောက်ထားသည့် ကိစ္စနှင့်စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ ခွင့်ပြုသည့်အခါ လိုက်နာရမည့် စည်းကမ်းချက်များနှင့်အတူ ခွင့်ပြုချက်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း(၈)
## စစ်ဆေးရေးအဖွဲ့ တာဝန်ပေးအပ်ခြင်း

၁၈။ ဝန်ကြီးသည် သင့်လျော်သော ပုဂ္ဂိုလ်များပါဝင်သည့် စစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်။

၁၉။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဥပဒေအရ ကြိုတင်ခွင့်ပြုချက် လျှောက်ထားသည့်ကိစ္စနှင့် စပ်လျဉ်း၍ ယဉ်ကျေးမှု အမွေအနှစ်များ၏ မြင်ကွင်းကို ထိခိုက်ပျက်စီးစေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ သို့မဟုတ် ရှေးဟောင်း နေရာနှင့် လွတ်ကင်းခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဂ) ပတ်ဝန်းကျင်သဘာဝမြင်ကွင်းကို အဟန့်အတား၊ အနှောက်အယှက် ဖြစ်နိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံ၏ ထည်ဝါခန့်ညားမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(င) ယဉ်ကျေးမှုအမွေအနှစ်များ၏ လုံခြုံမှုကို ထိခိုက်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(စ) ပတ်ဝန်းကျင်ကို ညစ်ညမ်းမှုဖြစ်စေနိုင်ခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊

(ဆ) ဝန်ကြီးဌာနမှ ပေးအပ်သည့် အခြားတာဝန်များကို ဆောင်ရွက်ခြင်း။

## အခန်း (၉)
## တားမြစ်ချက်များ

၂၀။ မည်သူမျှ ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံတည်ရှိရာဇုန် သို့မဟုတ် ရှေးဟောင်းနေရာ တည်ရှိရာဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင် ခွင့်ပြုချက်မရရှိဘဲ အဆောက်အအုံ တည်ဆောက်ခြင်း၊ တိုးချဲ့ဆောက်လုပ်ခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ဝင်းခြံနယ်နိမိတ် တိုးချဲ့ခြင်းမပြုရ။

၂၁။ မည်သူမျှ ကာကွယ်ထိန်းသိမ်းထားသော ဇုန်အတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင်ခွင့်ပြုချက် မရရှိဘဲ အဆောက်အအုံနှင့် စပ်လျဉ်း၍ အောက်ပါတစ်ခုခု မပြုလုပ်ရ -

(က) တည်ဆောက်ခြင်း သို့မဟုတ် တိုးချဲ့ဆောက်လုပ်ခြင်း၊

(ခ) ပြင်ဆင်ခြင်း သို့မဟုတ် ယင်း၏ ဝင်းခြံနယ်နိမိတ်တိုးချဲ့ခြင်း။

၂၂။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် အောက်ပါတစ်ခုခုကို ပြုလုပ်ရ-

(က) ရွှေ့ပြောင်းအထိမ်းအမှတ်အဆောက်အအုံကို ဖျက်စီးခြင်း၊

(ခ) ရွှေ့ပြောင်းအထိမ်းအမှတ် အဆောက်အအုံ၏ မူလရှေးဟောင်း ပုံသဏ္ဌာန်ကိုဖြစ်စေ၊ မူလရှေးဟောင်း လက်ရာကိုဖြစ်စေ၊ ပြောင်းလဲစေရန် တမင်ပြုလုပ်ခြင်း၊

(ဂ) ရှေးဟောင်းသုတေသနပစ္စည်း ရှာဖွေရန် တူးဖော်ခြင်း၊

(ဃ) ရေနံ၊ သဘာဝဓာတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓာတ်သတ္တု ရှာဖွေရန် တူးဖော်ခြင်း။

၂၃။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဤဥပဒေအရ ထုတ်ပေးသည့် ကြိုတင် ခွင့်ပြုချက် မရရှိဘဲ အောက်ပါတစ်ခုခုကို မပြုလုပ်ရ -

(က) ရှေးဟောင်းအထိမ်းအမှတ် အဆောက်အအုံကို ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) ရှေးဟောင်းသုတေသနဆိုင်ရာ တူးဖော်မှုလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ဂ) လယ်ထွန်ယက်လုပ်ခြင်း၊ တံတား ဆည်မြောင်း၊ တာတမံ တည်ဆောက်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း၊

(ဃ) ရေတွင်း၊ ရေကန်၊ ငါးမွေးမြူရေးကန် တူးဖော်ခြင်း သို့မဟုတ် ယင်းတို့ကို တိုးချဲ့ခြင်း။

၂၄။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့က ဒေသအလိုက် သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် ကိုက်ညီခြင်းမရှိသော အဆောက်အအုံကို ဆောက်လုပ်ခြင်း မပြုရ။

၂၅။ မည်သူမျှ ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် ဦးစီးဌာနက သတ်မှတ်ကြေညာသည့် နယ်နိမိတ်အတွင်း၌ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် ယဉ်ကျေးမှု အမွေအနှစ်ကို ထိခိုက်စေနိုင်သည့် ဆောင်ရွက်မှု တစ်စုံတစ်ရာ ပြုလုပ်ခြင်း မပြုရ။

## အခန်း(၁၀)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၂ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် တစ်နှစ်မှ၊ အများဆုံး ထောင်ဒဏ် ခုနစ် နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၀၊ ပုဒ်မ ၂၁ (က) ပုဒ်မ ၂၃မှ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် ငါးနှစ်အထိဖြစ်စေ ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၁ (ခ)၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ထောင်ဒဏ် သုံး နှစ်အထိဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်နိုင်သည်။

၂၉။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်အရ ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် တရားရုံးသည် အောက်ပါအမိန့်တစ်ခုခုကိုလည်း ချမှတ်ရမည် -

(က) တည်ဆောက်ထားသည့် အဆောက်အအုံကို ဖျက်သိမ်းစေခြင်း၊

(ခ) တိုးချဲ့ထားသည့် အဆောက်အအုံ သို့မဟုတ် ဝင်းခြံနယ်နိမိတ်ကို မူလအတိုင်း ပြန်လည် ပြုလုပ်စေခြင်း၊

(ဂ) ပုံသဏ္ဌာန်ပြောင်းလဲပြင်ဆင်ထားသည့် အဆောက်အအုံ သို့မဟုတ် မြေကို မူလ ပုံသဏ္ဌာန်အတိုင်း ပြုလုပ်စေခြင်း။

၃၀။ မည်သူမဆို ပုဒ်မ ၂၉ အရ ချမှတ်သည့် အမိန့်ကို လိုက်နာရန် ပျက်ကွက်လျှင် ယင်းအမိန့်ကို လိုက်နာရန် ပျက်ကွက်သည့်နေ့ အသီးအသီးအတွက် တစ်နေ့လျှင် အနည်းဆုံး ငွေဒဏ် ကျပ်တစ်သောင်းမှ ကျပ် တစ်သိန်းအထိ ချမှတ်ခြင်း ခံရမည်။

## အခန်း (၁၁)
## အထွေထွေ

၃၁။ (က) ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ဃ) ပါ ပြဋ္ဌာန်းချက်သည် ယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓါတ်သတ္တုတူးဖော်ခြင်းနှင့် မသက်ဆိုင်စေရ၊

(ခ) ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်းတွင် နိုင်ငံတော်၏ အကျိုးစီးပွားအလို့ငှာ ရေနံ၊ သဘာဝဓါတ်ငွေ့၊ ကျောက်မျက်ရတနာ သို့မဟုတ် ဓါတ်သတ္တုတူးဖော်ရန် အကြောင်းပေါ်ပေါက်လျှင် အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်တောင်းခံရမည်။

၃၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဦးစီးဌာနသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး လမ်းများ၊ တံတားများ ဥပဒေ

(၂၀၁၃ ခုနှစ် ၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၇ ။ )

၁၃၇၄ ခုနှစ် ၊ တပေါင်းလပြည့်ကျော် ၅ ရက်
( ၂၀၁၃ ခုနှစ် ၊ မတ် လ ၃၁ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို လမ်းများ၊ တံတားများ ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) တိုင်းဒေသကြီး ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး ကိုဆိုသည်။

(ခ) အစိုးရအဖွဲ့ ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) ဝန်ကြီးဆို သည်မှာ စစ်ကိုင်းတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေး ဝန်ကြီးကို ဆိုသည်။

(ဃ) တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဆိုသည်မှာ စစ်ကိုင်းတိုင်း ဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းကို ဆိုသည်။

(င) လမ်း ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သောလမ်းနှင့် ယင်းလမ်း၏ နယ်နိမိတ် သို့မဟုတ် လမ်းမကြီးနှင့် ယင်းလမ်းမကြီး၏ နယ်နိမိတ်ကိုဆိုသည်။

(စ) တံတား ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအလို့ငှာ လုပ်ထုံးလုပ်နည်းဖြင့် သတ်မှတ်သော တံတားကိုဆိုသည်။

(ဆ) ယာဉ် ဆိုသည်မှာ စီးနင်းလိုက်ပါရန်ဖြစ်စေ၊ ကုန်စည်သယ်ယူပို့ဆောင်ရန် ဖြစ်စေ၊ စက်စွမ်းအားဖြင့်လည်းကောင်း၊ စွမ်းအင်တစ်မျိုးမျိုးဖြင့် လည်းကောင်း ကုန်းပေါ်တွင် မောင်းနှင်သွားလာသည့် ယာဉ်အမျိုးမျိုးကို ဆိုသည်။

(ဇ) တိရစ္ဆာန် ဆိုသည်မှာ ကျွဲ၊ နွား၊ ဆင်၊ မြင်း၊ မြည်း၊ လား၊ သိုး၊ ဆိတ် နှင့် ဝက်တို့ကို ဆိုသည်။

(ဈ) လျှည်း ဆိုသည်မှာ လူ့ခြင့်ဖြစ်စေ၊ တိရစ္ဆာန်ဖြင့် ဖြစ်စေဆွဲခြင်း၊ တွန်းခြင်း သို့မဟုတ် တဲ့ခြင်းဖြင့် ရွေ့လျားစေသော ဘီးတပ်လှည်း တစ်မျိုးမျိုးကို ဆိုသည်။

(ည) ဘီးတွစ်ဆိုသည်မှာ ဘီးတွင် တပ်ဆင်ထားသည့် သံချိန်း၊ သံသွား၊ သံကြိုး၊ သံပတ်၊ ရော်ဘာ တစ်မျိုးမျိုးကို ဆိုသည်။

(ဋ) အသုံးပြုသူ ဆိုသည်မှာ အစိုးရအဖွဲ့က ဤဥပဒေအရပြဋ္ဌာ သတ်မှတ်သော လမ်းနှင့် တံတားပေါ်တွင် သွားလာသူ သို့မဟုတ် အခြားနည်းလမ်းဖြင့် အသုံးပြုသူကို ဆိုသည်။

(ဌ) အသုံးပြုခြင်း ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သော လမ်းနှင့် တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းကို ဆိုလိုသည်။

(ဍ) အသုံးပြုခ ဆိုသည်မှာ အစိုးရအဖွဲ့က သတ်မှတ်သောလမ်းနှင့်တံတားကို တစ်နည်းနည်းဖြင့် အသုံးပြုခြင်းအတွက် ပေးဆောင်ရမည့် အခကြေးငွေကို ဆိုသည်။

(ဎ) ကြီးကြပ်သူ ဆိုသည်မှာ အသုံးပြုခကောက်ခံရေးကြီးကြပ်ရန် အစိုးရအဖွဲ့ကသတ်မှတ်သည့် အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းကို ဆိုသည်။

(ဏ) ကောက်ခံသူ ဆိုသည်မှာ အသုံးပြုခကောက်ခံရန် ကြီးကြပ်သူက တာဝန်ပေးအပ်ခြင်း ခံရသူကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) လမ်းနှင့်တံတားများဖောက်လုပ်ခြင်းဖြင့် မြို့နယ်တစ်ခုနှင့်တစ်ခု၊ ခရိုင်တစ်ခုနှင့် တစ်ခုအကြား၊ လမ်းပန်းဆက်သွယ်မှုလွယ်ကူစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ချစ်ကြည်ရင်းနှီးမှု ပိုမိုမိုမာလာစေရန်နှင့် နယ်မြေဒေသအားလုံး စီးပွားရေး လူမှုရေးအပါအဝင် ဘက်စုံဖွံ့တွာ ဖွံ့ဖြိုးတိုးတက်စေရန်၊

(ခ) လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးနှင့် တုန့်စည်ဖီးဆင်းမှု သွက်လက်မြန်ဆန်စေရေးတို့ကို အထောက်အကူဖြစ်စေရန်၊

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားအသစ်များ ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း၊ အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လမ်းမကြီးများဖြင့် ချိတ်ဆက်ဖောက်လုပ်ခြင်းဖြင့် လည်းကောင်း နိုင်ငံတော်ခေတ်မီဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူပြုစေရန်၊

(ဃ) လယ်နှင့်တံတားများတိုးချဲ့ခြင်း၊ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်နိုင်ရန်၊

(င) လယ်နှင့်တံတားများပေါ်တွင် ဖြတ်သန်းသွားလာအသုံးပြုခြင်းနှင့်စပ်လျဉ်း၍ စနစ်တကျ ကြီးကြပ်ကွပ်ကဲနိုင်ရန်။

## အခန်း(၃)
## စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၄။ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လယ်ယာပန်းဆက်သွယ်ရေးဝန်ကြီးဌာန၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအတွင်း လယ်ယာပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မူဝါဒများချမှတ်ခြင်း၊

(ခ) လယ်နှင့်တံတားများဆောက်လုပ်ရေးအတွက် နှစ်တို၊ နှစ်ရှည်စီမံကိန်းများနှင့် အထူးအဖွဲ့ စီမံကိန်းများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ချမှတ်ဆောင်ရွက်ခြင်း၊

(ဂ) အိမ်နီးချင်းနိုင်ငံများနှင့် ဆက်သွယ်သည့်လယ်မကြီးများဖြင့် ချိတ်ဆက်မည့် လယ်နှင့် တံတားများကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံကိန်းချမှတ်၍ဆောက်လုပ်ခြင်း၊

(ဃ) စီမံကိန်းများကိုသတ်မှတ်ကာလအတွင်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(င) လယ်နှင့်တံတားများ၏ နယ်နိမိတ်သတ်မှတ် ကြေညာခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ ပြည်ထောင်စုလယ်များ ဆောက်လုပ်ရန်၊ တိုးချဲ့ရန် လယ်အထူးအဖွဲ့များ၊ အထူးစီမံကိန်းကြီးများ၊ ကုမ္ပဏီများဝင်ရောက် လုပ်ကိုင်သည့်အခါ အစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ညှိနှိုင်းဆောင်ရွက်ပေးခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လယ်နှင့်တံတားများ ပြုပြင်ထိန်းသိမ်းရန် ကြီးကြပ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိ လယ်နှင့်တံတားများ ဆောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းတို့နှင့်စပ်လျဉ်း၍ တည်ဆဲဥပဒေများနှင့်အညီ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးနှင့် ဖက်စပ်လုပ်ကိုင်ဆောင်ရွက်ခြင်း၊ စီးပွားရေးအဖွဲ့အစည်းတစ်ခုခု သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား စည်းကမ်းချက်များသတ်မှတ်၍လုပ်ကိုင်ဆောက်ရွက်ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ဖောက်လုပ်ခြင်းနှင့် တိုးချဲ့ခြင်းများပြုလုပ်ရာတွင် မြေသိမ်းယူခြင်းနှင့်အဆောက်အဦ ဖယ်ရှားခြင်းများကို တည်ဆဲဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း။

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းမကြီးများဖောက်လုပ်ခြင်းနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်ပနိုင်ငံများနှင့် နည်းပညာများဖလှယ်ခြင်း၊ ပူးပေါင်းဆောင်ရွက်ခြင်း။

(ဋ) တိုင်းဒေသကြီးအတွင်းရှိလမ်းများဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့နှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်း။

၅။ အစိုးရအဖွဲ့သည် လုပ်ထုံးလုပ်နည်းနှင့်အညီ-

(က) အသုံးပြုခ ကောက်ခံရမည့် လမ်းနှင့် တံတားကို သတ်မှတ်နိုင်သည်။

(ခ) အသုံးပြုခ ကောက်ခံရန် နှုန်းထားသတ်မှတ်နိုင်သည်။

(ဂ) အသုံးပြုခ ကောက်ခံရမည့် ယာဉ်အမျိုးအစားနှင့် ဝန်အလေးချိန်ကို သတ်မှတ်နိုင်သည်။

(ဃ) အသုံးပြုခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြုနိုင်သည်။

၆။ ကြီးကြပ်သူသည်-

(က) အသုံးပြုခကို သတ်မှတ်သည့် နှုန်းထားအတိုင်း ကောက်ခံနိုင်ရေးအတွက် တာဝန်ယူ ကြီးကြပ်ရမည်။

(ခ) အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှ ကောက်ခံခြင်းမပြုရန် ကြီးကြပ်ရမည်။

၇။ ကောက်ခံသူသည် အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ် အသုံးပြုသူထံမှ သတ်မှတ်ထားသော နှုန်းထားအတိုင်း ကောက်ခံရမည်။

## အခန်း(၄)
## တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ

၈။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) တိုင်းဒေသကြီးအတွင်း လမ်းပန်းဆက်သွယ်မှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အစိုးရအဖွဲ့ကချမှတ်ထားသည့်မူဝါဒများနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း။

(ခ) တိုင်းဒေသကြီးအတွက်စီမံကိန်းများနှင့် လုပ်ငန်းအစီအစဉ်များရေးဆွဲ တင်ပြခြင်း။

(ဂ) စီမံကိန်းများ သတ်မှတ်ကာလအတွင်း ပြီးစီးရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၊ တံတားများ အသစ်ဖောက်လုပ်တည်ဆောက်ရေးအတွက် လမ်းဘူမိကြောင်းရှာဖွေခြင်း၊ တိုင်းတာပုံထုတ်ပေးခြင်း၊ လမ်းသားတည်ဆောက်ပေးခြင်းနှင့် စပ်လျဉ်းသည့် လုပ်ငန်းကိစ္စရပ်များကို အစိုးရအဖွဲ့သို့ တင်ပြ၍ ခွင့်ပြုချက်ရယူ ဆောင်ရွက်ခြင်း၊

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ရေရှည်တည်တံ့ရေးအတွက် ပြုပြင်ခြင်းနှင့် ထိန်းသိမ်းခြင်း၊

(စ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ၏ နယ်နိမိတ်အတွင်း သစ်ပင်များစိုက်ပျိုးခြင်းနှင့် အန္တရာယ်ရှိသောသစ်ပင်များကို ရှင်းလင်းခြင်း၊

(ဆ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ လမ်းပန်းသားအကျယ် သတ်မှတ်ခြင်း၊

(ဇ) တိုင်းဒေသကြီးအတွင်းရှိလမ်းများတိုးချဲ့ရာတွင်လည်းကောင်း၊ ပြုပြင်ရာတွင်လည်းကောင်း လမ်းပေါ်၌ ဖြတ်သန်းသွားလာမှုကို အချိန်ကာလသတ်မှတ်၍ ပိတ်ထားခြင်းနှင့် လမ်းပိတ်ထားချိန်တွင် သွားလာရန် လမ်းလွှဲဖောက်လုပ်ခြင်း၊

(ဈ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခွင့်ပြုသည့် ယာဉ်နှင့် ဘီးအမျိုးအစားကို လည်းကောင်း၊ ယာဉ်နှင့် ဝန်တင်အလေးချိန်ကို လည်းကောင်း၊ ယာဉ်နှင့် လှည်းတွင် အသုံးပြုသည့် ဘီးကွင်းကိုလည်းကောင်း သတ်မှတ်ခြင်း၊ ယင်း သတ်မှတ်ချက်များကို လိုက်နာခြင်းရှိမရှိ စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ည) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် လှည်းနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်း၊ ရပ်နားခြင်းနှင့် စပ်လျဉ်း၍ လိုက်နာရမည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ယင်းစည်းကမ်းချက်များကို လိုက်နာခြင်း ရှိ မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဋ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပျက်စီးခြင်းမှ ကာကွယ်ရန်လိုအပ်သည့် တားမြစ်ချက်များထုတ်ပြန်ခြင်း၊ ယင်းတားမြစ်ချက်များကို လိုက်နာခြင်း ရှိ မရှိစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်းနှင့် အရေးယူခြင်း၊

(ဌ) တိုင်းဒေသကြီးအတွင်းရှိ လမ်းကိုဖြတ်သန်း၍ တစ်စုံတစ်ရာဖောက်လုပ်ခြင်း၊ ဆောက်လုပ်ခြင်းနှင့်လမ်း၏နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း၊ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်းများအတွက် စိစစ်ခွင့်ပြု ခြင်း၊

(ဍ) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခ ကောက်ခံသည့် လမ်းနှင့်တံတားဂိတ်များတွင် သတ်မှတ်ထားသောယာဉ်နှင့် ဝန်တင်

အလေးချိန်ကို စစ်ဆေးသည့်အခါ မရိုးမဖြောင့်သောသဘောဖြင့် လမ်းနှင့် တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်သည့်ယာဉ်များ၊ တန်ပိုတင်ဆောင်ထားသည့်ယာဉ်များနှင့် ကုန်ကဲ့ယာဉ်များအားစစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ အရေးယူခြင်း။

၉။ တိုင်းဒေသကြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းသည် ဦးစီး၏ တာဝန်နှင့် လုပ်ပိုင်ခွင့်အချို့ကို ဆောင်ရွက်ရန် မြို့နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းအား တာဝန်ပေးနိုင်သည်။

## အခန်း(၅)
## တားမြစ်ချက်များ

၁၀။ အသုံးပြုခကို ကောက်ခံခွင့်ရှိသူမှအပ မည်သူမျှကောက်ခံခြင်း မပြုရ။

၁၁။ ကောက်ခံသူသည် သတ်မှတ်ထားသော အသုံးပြုခနှုန်းထားထက် ပိုမိုကောက်ခံခြင်း မပြုရ။

၁၂။ တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း-တံတား ဂိတ်များတွင် မရိုးမဖြောင့်သောဖြင့် လမ်း-တံတားဂိတ်များအား ရှောင်ကွင်းမောင်းနှင်၍ လမ်းမကြီးပေါ်သို့ ပြန်တက်ခြင်းနှင့် တန်ပိုတင်ဆောင်လာကာ ယာဉ်ဝယ်များဖြင့် ကုန်ကဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်းတို့ မပြုရ။

## အခန်း(၆)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၁၃။ အသုံးပြုခကို ယာဉ်မောင်း သို့မဟုတ်အသုံးပြုသူကိုပေးဆောင်ရန်ပျက်ကွက်လျှင် ဖမ်းဆီးရအဖွဲ့၏ သတ်မှတ်သည့်နည်းလမ်းအတိုင်း အသုံးပြုခနှင့် ဒဏ်ငွေကို ပေးဆောင်ရမည်။

၁၄။ မည်သူမဆို ပုဒ်မ ၁၀ ပါ ပြဋ္ဌာန်းချက်ကိုဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ၊ ကျခံစေရမည်။

၁၅။ မည်သူမဆို ပုဒ်မ ၁၁ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း၊ ဖောက်ဖျက်-ကျူးလွန်ရန် အားထုတ်ကြောင်း သို့မဟုတ် အားပေးကူညီကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလ ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်ငါးသောင်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေကျခံစေရမည်။

၁၆။ မည်သူမဆို ပုဒ်မ ၁၂ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်လ ထက်မပိုသောထောင်ဒဏ် ကျခံစေရမည်။

၁၇။ မည်သူမဆို ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်-

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း။

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်း။

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း။

၁၈။ မည်သူမဆို အောက်ပါပြစ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခြောက်လထက်မပိုသောထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေချမှတ်ရမည်-

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းများဖောက်လုပ်ခြင်း၊ တိုးချဲ့ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်းလုပ်ငန်းကို နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများပေါ်တွင် မောင်းနှင်သွားလာခြင်း မပြုရန် သတ်မှတ်ထားသည့်ယာဉ်၊ ဘီးအမျိုးအစား၊ ဝန်တင်အလေးချိန်ပါ ယာဉ်ကို မောင်းနှင်ခြင်း သို့မဟုတ် ဘီးကွင်းကို အသုံးပြုခြင်း။

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းများ၏ နယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ သစ်ပင်၊ သီးနှံစိုက်ပျိုးခြင်း၊ ခုတ်ခြင်း သို့မဟုတ် ဖျက်ဆီးခြင်း။

(ဃ) ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက အန္တရာယ်ရှိသော သစ်ပင်များကို ရှင်းလင်းရာတွင် နှောင့်ယှက်ခြင်း သို့မဟုတ် ဟန့်တားခြင်း။

(င) တိုင်းဒေသကြီးအတွင်းရှိ လမ်းဖြတ်သန်းခကောက်ခံသည့် လမ်း/တံတား ဂိတ်များတွင် မရပ်မနေဘဲ/မပြောင့်သောသဘောဖြင့် လမ်း/တံတားအား ရှောင်ကွင်း မောင်းနှင်၍ လမ်းမကြီးပေါ် သို့ပြန်တက်ခြင်း၊ ဟန့်တား ဝင်ဆောင်လာခြင်းအား ယာဉ်ငယ်များဖြင့် ကူနီတဲ့၍ စည်းကမ်းဖောက်ဖျက်ခြင်း။

၁၉။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးလထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်-

(က) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ ပျက်စီးခြင်းမှ ကာကွယ်ရန် ထုတ်ပြန်ထားသည့် တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ခ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများတွင် လူနှင့်တိရစ္ဆာန်များ ဖြတ်သန်းသွားလာခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် စည်းကမ်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း။

(ဂ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများပေါ်တွင် သွားလာမှုကို အနှောင့်အယှက်ပေးသော လည်းကောင်း၊ ဘေးအန္တရာယ်ပေးသော်လည်းကောင်း ဖြစ်စေမည့် ပစ္စည်းကို တမင်ထားရှိခြင်း။

(ဃ) တိုင်းဒေသကြီးအတွင်းရှိ လမ်းနှင့်တံတားများ နယ်နိမိတ်အတွင်း ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူ ခြင်း။

## အခန်း (၇)
## အထွေထွေ

၂၀။ အစိုးရအဖွဲ့ လက်အောက်ရှိ အခြားဝန်ကြီးဌာနအဖွဲ့အစည်း၏ လုပ်ငန်း လိုအပ်ချက်အရ တိုင်းဒေသကြီးလမ်းကို ဖြတ်သန်း၍ မြေအောက်ပိုက်လိုင်းဆက်သွယ်ခြင်း၊ မြေအောက်လျှပ်စစ်ဓါတ်အား လိုင်းဆက်သွယ်ခြင်း၊ မြေအောက်ကြေးနန်းလိုင်းဆက်သွယ်ခြင်း သို့မဟုတ် ပြောင်းဖောက်လုပ်ခြင်း ပြုလုပ်ပါက အစိုးရအဖွဲ့သို့ တင်ပြဆောင်ရွက်ရမည်။

၂၁။ အသုံးပြုခနှုန်းထားများ၊ ဒဏ်ငွေများ၊ ပြစ်မှုနှင့် ပြစ်ဒဏ်များကို အများပြည်သူ သိရှိနိုင်စေရန် အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

၂၂။ ဤဥပဒေအရ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်နှင့်ညွှန်ကြားချက်များ မထုတ်ပြန်မီ **The Highways Act, 1907** အရ ထုတ်ပြန်ထားသော နည်းဥပဒေများ၊ အမိန့်များနှင့် ညွှန်ကြားချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ကျင့်သုံးနိုင် သည်။

၂၃။ ဤဥပဒေပါ ပြဋ္ဌာန်းချက်ကို ဆောင်ရွက်နိုင်ရန်အတွက်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများကို ထုတ်ပြန် နိုင်သည်။

(ခ) လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနနှင့် တိုင်းဒေသကြီးပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းတို့သည် လိုအပ်သောအမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြား ချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာဝေအး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန် ၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၀။)

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန် စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်၊

(ခ) **အစိုးရ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်၊

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်၊

(ဃ) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးစည်ပင်သာယာရေးဥပဒေ၊ အခန်း (၃) ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၆၊ ပုဒ်မ ၇ တို့အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊

(င) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်၊

(စ) **တိုင်းဒေသကြီးနယ်နိမိတ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်ကို ဆိုသည်၊

(ဆ) **မြေ** ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေ သို့မဟုတ် ယင်း၏ အစိတ်အပိုင်းကို ဆိုသည်၊

(ဇ) **အဆောက်အအုံ** ဆိုသည်မှာ မည်သည့်ဆောက်လုပ်ရေးပစ္စည်းဖြင့်မဆို ယာယီ သို့မဟုတ် အမြဲတမ်းဆောက်လုပ်သည့် တိုက်၊ အိမ်၊ တဲ၊ တစ်ဖက်ယပ်၊ အမိုးပါရှိသော အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်းကို ဆိုသည်၊ ယင်းစကားရပ်တွင် အဆောက်အအုံနှံရံ

မြေထိန်းနံရံ၊ အကာအရံ၊ ဝင်းတံခါး၊ မြစည်းရိုး၊ ဝင်းထရံ၊ တစာတ်ခုံ၊ တိုင်၊ ကျားထောက်နှင့် အဆောက်အအုံ အကြွမ်းထည်သည်လည်း ပါဝင်သည်။

(ဈ) **ပိုင်ရှင်** ဆိုသည်မှာ မြေသို့မဟုတ် အဆောက်အအုံကို တရားဝင် ပိုင်ဆိုင်ပြီး ကိုယ်တိုင် နေထိုင်သူ သို့မဟုတ် ငှားရမ်းခများကို မိမိကိုယ်ကိုင်ဖြစ်စေ၊ ကိုယ်စားလှယ်မြင့်ဖြစ်စေ၊ ပစ္စည်းထိန်းဖြင့် ဖြစ်စေ လက်ခံရယူသူကိုဆိုသည်။

(ည) **နေထိုင်သူ** ဆိုသည်မှာ အဆောက်အအုံတွင် အမြဲဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူကို ဆိုသည်။

(ဋ) **အသုံးပြုသူ** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံကို အသုံးပြု နေသည့် ပိုင်ရှင်၊ ငှားရမ်းယူသူ သို့မဟုတ် ခွင့်ပြုချက်ရရှိသူကို ဆိုသည်။

(ဌ) **နှစ်စဉ်တန်ဖိုး** ဆိုသည်မှာ ပစ္စည်းခွန်စည်းကြပ်မည့် မြေနှင့် အဆောက် အအုံကို မည်သည့် အသုံးပအဆောင်ပရိဘောဂမျှ မပါပင်ဘဲ ငှားရမ်းပါက တစ်နှစ်အတွက် ရရှိနိုင်မည်ဟု မျှော်မှန်းထားသော တန်ဖိုးငွေကို ဆိုသည်။ ယင်းစကားရပ်တွင် ပစ္စည်းခွန် စည်းကြပ်မည့် မြေနှင့် အဆောက်အအုံ၏ တန်ဖိုးအပေါ် ကော်မတီက အခါအားလျော်စွာ သတ်မှတ်ပေးသည့် ရာခိုင်နှုန်းအရ ရရှိလာမည့် တန်ဖိုးငွေလည်း ပါဝင်သည်။

(ဍ) **စံငှားခ** ဆိုသည်မှာ အခွန်စည်းကြပ် ကောက်ခံမည့်အစိုးရက စီမံခန့်ခွဲ သော အဆောက်အအုံများ၊ ပုဂ္ဂလိကပိုင် အဆောက်အအုံများအား တစ်နှစ်အတွက် ငှားရမ်းခရရှိနိုင်သော အဆောက်အအုံများ တစ်နှစ် ငှားရမ်းခကို ဆိုသည်။

(ဎ) **ပစ္စည်းခွန်** ဆိုသည်မှာ မြေဖြစ်စေ၊ အဆောက်အအုံဖြစ်စေ၊ မြေနှင့် အဆောက်အအုံ ဖြစ်စေ ၎င်းတို့၏ နှစ်စဉ်တန်ဖိုးအပေါ် သတ်မှတ်သော ရာခိုင်နှုန်းဖြင့် ကောက်ခံသော အခွန်ကို ဆိုသည်။ ယင်းစကားရပ်တွင် အထွေထွေခွန်၊ လမ်းမီးခွန်၊ ရေခွန်၊ သန့်ရှင်းရေးခွန်တို့ ပါဝင်သည်။

(ဏ) **အထွေထွေခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ရေမြောင်းများ၊ ဈေးများ၊ ပန်းခြံများ၊ အားကစားကွင်း စသည်များ တည်ဆောက်ခြင်း၊ ဖောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် ကုန်ကျစရိတ်များ ကာမိစေရန် စည်းကြပ်သည့် အခွန်ကိုဆိုသည်။

(တ) **မီးခွန်** ဆိုသည်မှာ အများပြည်သူဆိုင်ရာ လမ်းများ၊ တံတားများ၊ ဈေးများ ပန်းခြံများ၊ အားကစားကွင်းများနှင့် စည်ပင်သာယာအဆောက်အအုံများတွင်

မီးထွန်းစရိတ် ကာမိစေရန် တစ်နှစ်စံငှားရမ်းခအပေါ်တွင် ရာခိုင်နှုန်း သတ်မှတ်၍ စည်ပင်သာယာကောက်ခံသည့် အခွန်ကို ဆိုသည်။

(ထ) **ရေခွန်** ဆိုသည်မှာ ကော်မတီက ရေပေးဝေနိုင်ရေး ဆောင်ရွက်ရာတွင် ကုန်ကျစရိတ်များ ကာမိစေရန် တစ်နှစ်စံငှားရမ်းခအပေါ်တွင် ရာခိုင်နှုန်း သတ်မှတ်၍ စည်ပင်သာယာကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဒ) **ရေကြိုးရေခ** ဆိုသည်မှာ ကော်မတီပိုင်ရေကို ရယူသုံးစွဲသူများထံမှ အခါ အားလျော်စွာ သတ်မှတ်သော နှုန်းထားဖြင့်သော်လည်းကောင်း၊ ရေမီတာဖြင့်သော်လည်းကောင်း၊ ပုတ်ပြတ်နှုန်းထားဖြင့်သော်လည်းကောင်း ကောက်ခံသည့် အခကြေးငွေကို ဆိုသည်။

(ဓ) **အမှိုက်နှင့်အညစ်အကြေးခွန်** ဆိုသည်မှာ အမှိုက်နှင့် အညစ်အကြေးများ စုပုံရွှေ့ပြောင်း စွန့်ပစ်ခြင်းနှင့် ရေဆိုးရေလာမြောင်းများ ရှင်းလင်းခြင်းတို့ အတွက် ဆောင်ရွက်ရသည့်စရိတ်များ ကာမိစေရန် တစ်နှစ်စံ ငှားရမ်း အပေါ်တွင် ရာခိုင်နှုန်းအလိုက် စည်ပင်သာယာကောက်ခံသည့် အခွန်ကို ဆိုသည်။

(န) **ဘီးခွန်** ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မှတ်ပုံတင် ထားသော မော်တော်ယာဉ်များအပေါ် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မောင်းနှင်သွားလာခြင်းအတွက် ကော်မတီက မော်တော်ယာဉ် အမျိုးအစားအလိုက် သတ်မှတ်သည့် နှုန်းထားအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ပ) **မော်တော်ယာဉ်ညအိပ်ခွန်** ဆိုသည်မှာ တိုင်းဒေသကြီး နယ်နိမိတ် အတွင်းကော်မတီပိုင် မြေ သို့မဟုတ် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် ညအိပ်ထားရှိသော မော်တော်ယာဉ်များအပေါ် ကော်မတီက မော်တော်ယာဉ် အမျိုးအစားအလိုက် သတ်မှတ် ကောက်ခံသော အခ ကြေးငွေကို ဆိုသည်။

(ဖ) **မော်တော်ယာဉ်ရပ်နားခ** ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီပိုင် မြေ သို့မဟုတ် အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် ရပ်နားထားခြင်းအတွက် ကော်မတီက မော်တော်ယာဉ်အမျိုးအစား အလိုက် သတ်မှတ်ကောက်ခံသော အခကြေးငွေကိုဆိုသည်။

(ဗ) **မြေခွန်** ဆိုသည်မှာ မြေ သို့မဟုတ် အဆောက်အအုံတွင် အမြဲတမ်း ဖြစ်စေ၊ ယာယီဖြစ်စေ နေထိုင်သူ သို့မဟုတ် အသုံးပြုသူထံမှ မြေအမျိုး အစားအလိုက် သတ်မှတ်သည့် နှုန်းထားအရ ကောက်ခံသည့် အခွန်ကို ဆိုသည်။

(ဘ) ကော်လက်တော်အရာရှိ ဆိုသည်မှာ အခွန်မပြေ ကျန်ငွေများကို အရ ကောက်ခံရန် ကော်မတီက လုပ်ပိုင်ခွင့် အပ်နှင်းခြင်းခံရသူ တစ်ဦးဦးကို ဆိုသည်။

(မ) ပစ္စည်းခွန်ခွဲဝုံစာရင်း ဆိုသည်မှာ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန် စည်းကြပ်ရန်အတွက် နှစ်စဉ်တန်ဖိုး သတ်မှတ်ရာတွင် အဆိုပါ မြေနှင့် အဆောက်အအုံ အမျိုးအစားအလိုက် ကွင်းဆင်း၍ ကောက်ယူထားသော အခြေခံစာရင်းကို ခေါ်သည်။

(ယ) နိုင်ခြေး ဆိုသည်မှာ ကောက်ခံရရှိသောအခွန်အပေါ် ရာခိုင်နှုန်းဖြင့် ကောက်ခံသူက ပြန်လည်ထုတ်ပေးသော အခငွေကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းဒေသကြီးအနေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အဆောက်အအုံနှင့် မြေခွန်၊ ရေခွန်၊ လမ်းမီးခွန်၊ ဘီးခွန်စသည့် စည်ပင်သာယာရေးဆိုင်ရာ အခွန်အခများ အပြည့်အဝ ကောက်ခံရရှိစေရန်၊

(ခ) တိုင်းဒေသကြီး အကျိုးစီးပွားကို အထောက်အကူပြုသည့် လုပ်ငန်းများမှ အခွန်အခများ ရရှိစေရန်။

## အခန်း (၃)
## ပစ္စည်းခွန် စည်းကြပ်ခြင်း

၄။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အစိုးရဌာန ၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂလိကပိုင် မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ရမည်။

၅။ ကော်မတီသည် ပစ္စည်းခွန် စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) မြေနှင့် အဆောက်အအုံများအပေါ်တွင် နှစ်စဉ်တန်ဖိုး၏ ၂၀ ရာခိုင်နှုန်း ထက်မပိုဘဲ အထွေထွေခွန် စည်းကြပ်နိုင်သည်။

(ခ) နိုင်ငံတော်အစိုးရက စီမံခန့်ခွဲသော မြေနှင့် အဆောက်အအုံများအပေါ် အဆောက်အအုံနှင့် မြေခွန်ကို စည်းကြပ်ရာတွင် တစ်နှစ်စံ ငှားရမ်းခ တန်ဖိုး၏ ၅ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရမည်။

(ဂ) ပုဂ္ဂလိက အဆောက်အအုံနှင့် မြေခွန်အပေါ် အဆောက်အအုံနှင့် မြေခွန် စည်းကြပ်ရာတွင် တစ်နှစ်စံ ငှားရမ်းခတန်ဖိုး၏ ၁၀ ရာခိုင်နှုန်းထက် မပိုစေဘဲ စည်းကြပ်ရမည်။

(ဃ) မြေနှင့် အဆောက်အအုံများအပေါ် မီးခွန်၊ ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်များ စည်းကြပ်ရာတွင် ယင်းတို့အတွက် အမှန်ကုန်ကျစရိတ် ကာမိစေရန် ချင့်ချိန်တွက်ချက်၍ စည်းကြပ်ရမည်။

၆။ ကော်မတီသည် အောက်ပါတို့အပေါ် နိုင်ငံခြားငွေဖြင့် ပစ္စည်းခွန် စည်းကြပ်နိုင်သည် -

(က) နိုင်ငံခြားငွေဖြင့် ငှားရမ်းခရယူ၍ အငှားချထားသော လူနေအိမ်အခန်း မြေနှင့် အဆောက်အအုံများ၊

(ခ) နိုင်ငံခြားငွေဖြင့် အခန်းခနှင့် ဝန်ဆောင်ခရယူလျက်ရှိသော ဟိုတယ်၊ မိုတယ်၊ ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများ၊

(ဂ) ရာခိုင်နှုန်းပြည့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဖြင့် လုပ်ကိုင်လျက်ရှိသော လုပ်ငန်းများနှင့် သက်ဆိုင်သောမြေနှင့် အဆောက်အအုံများ။

၇။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် ပစ္စည်းခွန်စည်းကြပ်ခြင်း မပြုရ -

(က) ဘာသာရေးအတွက် အများပြည်သူ သီးသန့်အသုံးပြုသည့် မြေနှင့် အဆောက်အအုံများ၊

(ခ) ကော်မတီပိုင်မြေနှင့် အဆောက်အအုံများ၊

(ဂ) သင်္ချိုင်းမြေများ၊

(ဃ) ဆေးရုံနှင့် သက်ဆိုင်သည့်အဆောက်အအုံများ။

၈။ ကော်မတီသည် ထူးခြားသည့် အကြောင်းကိစ္စများနှင့် စပ်လျဉ်း၍ သီးခြားအမိန့် ညွှန်ကြားချက် တစ်စုံတစ်ရာ ထုတ်ပြန်ထားခြင်းမရှိလျှင် အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများကို ဘာသာရေး အတွက် သီးသန့်သုံးစွဲသည့်မြေနှင့် အဆောက်အအုံဖြစ်သည်ဟု မမှတ်ယူရ -

(က) စီးပွားရေးလုပ်ငန်းတစ်ခုခု လုပ်ကိုင်သည့် မြေနှင့် အဆောက်အအုံများ၊

(ခ) ငှားရမ်းခကို ဘာသာရေးအတွက် အသုံးပြုသည်ဖြစ်စေ၊ မပြုသည်ဖြစ်စေ ငှားရမ်းခရရှိသည့် မြေနှင့် အဆောက်အအုံများ။

၉။ ကော်မတီသည် ပုဒ်မ ၈ တွင် အကျုံးဝင်သည့် မြေနှင့် အဆောက်အအုံကို သီးခြားပစ္စည်းဖြစ်သည်ဟု မှတ်ယူ၍ ပစ္စည်းခွန် စည်းကြပ်ရမည်။

၁၀။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းမီးတိုင်များနှင့် ပေ ၁၀၀၀ အတွင်းရှိ မြေနှင့် အဆောက်အအုံများအပေါ် မီးခွန်စည်းကြပ်နိုင်သည်။

၁၁။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် ရေခွန်စည်းကြပ်ရမည် -

(က) သောက်သုံးရေနှင့် အိမ်သုံးရေများကို လုံလောက်စွာ ဖြန့်ဝေပေးမည်ဟု ကြေညာထားသော ဒေသအတွင်းရှိ မြေနှင့်အဆောက်အအုံများ။

(ခ) ကော်မတီ၏ ရေပေးဝေရေးစနစ်မှ ရေဆက်သွယ် ရယူအသုံးပြုနေသော မြေနှင့် အဆောက်အအုံများ။

၁၂။ ပုဒ်မ ၁၁၊ ပုဒ်မခွဲ (က) အရ စည်းကြပ်သော ရေခွန်သည် ပုဒ်မ ၁၁၊ ပုဒ်မခွဲ (ခ) အရ စည်းကြပ်သော ရေခွန်ထက် လျော့နည်းစေရမည်။

၁၃။ ကော်မတီသည် တိုင်းဒေသကြီး နယ်နိမိတ်အတွင်း အောက်ဖော်ပြပါ မြေနှင့် အဆောက်အအုံများအပေါ် အမှိုက်နှင့် အညစ်အကြေးခွန် စည်းကြပ်ရမည် -

(က) ကော်မတီက တာဝန်ယူ၍ အမှိုက်နှင့် အညစ်အကြေးများ သိမ်းဆည်းပေးမည်ဟု ကြေညာထားသော ဒေသအတွင်းရှိ မြေနှင့် အဆောက်အအုံများ။

(ခ) ကော်မတီ၏ မိလ္လာပြွန်စနစ်ရှိသည့် နေရာဒေသရှိ မိလ္လာပြွန်နှင့် ဆက်သွယ်ထားသော ရေမြောင်းနေရာဒေသအတွင်းရှိ မြေနှင့် အဆောက်အအုံများ။

၁၄။ ပုဒ်မ ၁၃၊ ပုဒ်မခွဲ (က) အရ စည်းကြပ်သော အမှိုက်နှင့်အညစ်အကြေးခွန်သည် ပုဒ်မ ၁၃၊ ပုဒ်မခွဲ (ခ) အရ စည်းကြပ်သော အမှိုက်နှင့် အညစ်အကြေးခွန်ထက် လျော့နည်းစေရမည်။

၁၅။ မြေ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ကော်မတီကသတ်မှတ်ထားသော ပစ္စည်းခွန်ကို ပူးပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ ပေးဆောင်နိုင်သည်။

၁၆။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြေ အဆောက်အအုံကို ပိုင်ရှင်က အခကြေးငွေရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ အဆောက်အအုံအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ ငှားရမ်းခ ရရှိငွေ စုစုပေါင်း၏ သတ်မှတ်သော ရာခိုင်နှုန်းကို နှစ်စဉ်တန်ဖိုးတွင် ထပ်မံထည့်သွင်း သတ်မှတ်နိုင်သည်။

၁၇။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြေ ၊ အဆောက်အအုံကို အသုံးပြုသူက အခကြေးငွေရယူပြီး ထပ်ဆင့်ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ ငှားရမ်းခရရှိငွေကို အခြေပြု၍ တိုးမြှင့်စည်းကြပ်နိုင်သည်။

၁၈။ ပစ္စည်းခွန်စည်းကြပ်ထားသော မြေ အဆောက်အအုံတွင် အနည်းဆုံး ရက်ပေါင်း ၃၀ တစ်ဆက်တည်း မည်သူမျှ နေထိုင်အသုံးပြုခြင်းမရှိဘဲ လစ်လပ်နေလျှင်ဖြစ်စေ ၊ ငှားရမ်းခ မရရှိလျှင်ဖြစ်စေ ပိုင်ရှင် သို့မဟုတ် ၎င်း၏ကိုယ်စားလှယ်က အကြောင်းကြားလာသောအခါ ကော်မတီသည် အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ယင်းကာလအတွင်း ပေးဆောင်ရန်ရှိသော အထွေထွေခွန် ထက်ဝက်နှင့် ရေခွန်၊ အမှိုက်နှင့် အညစ်အကြေးခွန်များကို ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) ပေးရန်ရှိသည့် အခွန်ငွေအားလုံးကို တစ်လုံးတစ်ခဲတည်း သို့မဟုတ် အရစ်ကျ ပေးသွင်းပြီးနောက် ပိုင်ရှင်က ဤနည်းဥပဒေအရ တင်းလွတ်ခွင့်ရရှိသော ငွေကို ပြန်လည်ထုတ်ပေးရန် ၆ လ အတွင်း လျှောက်ထားလာလျှင် ပြန်လည်ထုတ်ပေးနိုင်သည်။

၁၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံတွင် လူနေထိုင်အသုံးပြုရန် အခကြေးငွေ ရယူပြီး ငှားရမ်းထားလျှင် ယင်းမြေ၊ အဆောက်အအုံအပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ လက်ရှိနေထိုင်သူကိုဖြစ်စေ၊ အသုံးပြုသူကိုဖြစ်စေ ပစ္စည်းခွန်စည်းကြပ်နိုင်သည်။

၂၀။ ကော်မတီသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းက ပိုင်ဆိုင်သည့် မြေ၊ အဆောက်အအုံအပေါ် အခွန်စည်းကြပ်ရာ၌ သင့်လျော်သလို နှစ်စဉ်စည်းကြပ်နိုင်သည်။

၂၁။ ကော်မတီသည် ပုဂ္ဂိုလ်တစ်ဦးဦးအပေါ်၌ လည်းကောင်း၊ အဖွဲ့အစည်း တစ်ရပ်ရပ်အပေါ်၌ လည်းကောင်း၊ ပစ္စည်းတစ်မျိုးမျိုးအပေါ်၌လည်းကောင်း၊ စည်းကြပ်သော ပစ္စည်းခွန် အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ကင်းလွတ်ခွင့်ပြုနိုင်သည်။

## အခန်း (၄)
## ပစ္စည်းခွန် ခွဲပုံစာရင်းပြုစုခြင်း ၊ ပြင်ဆင်ခြင်းနှင့် အယူခံခြင်း

၂၂။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများ အပေါ် ပစ္စည်းခွန် စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် နည်းစနစ်များနှင့်အညီ နှစ်စဉ်တန်ဖိုးကို သတ်မှတ်ရမည်။ အဆိုပါမြေနှင့် အဆောက်အအုံများတွင် စီးပွားရေးလုပ်ငန်း အလို့ငှာ စက်ယန္တရား သို့မဟုတ် စက်ပစ္စည်းကိရိယာများ တပ်ဆင်ထားပါက ယင်းတို့ကို နှစ်စဉ် တန်ဖိုး သတ်မှတ်ရာ၌ ထည့်သွင်းတွက်ချက်ရမည်။

၂၃။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေနှင့် အဆောက်အအုံများ အပေါ် ပစ္စည်းခွန် စည်းကြပ်ရာ၌ အထောက်အကူဖြစ်စေရန်အတွက် သင့်လျော်မည့်စနစ်ဖြင့် မြေနှင့် အဆောက်အအုံ အမှတ်ကို သတ်မှတ်ပေးရမည်။

၂၄။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင် ၊ နေထိုင်သူ သို့မဟုတ် အသုံးပြု သူသည် ကော်မတီက သတ်မှတ်ပေးသည့် မြေနှင့် အဆောက်အအုံ အမှတ်ကို သတ်မှတ်သည့် အရွယ်အစားအတိုင်း ရေးသားချိတ်ဆွဲထားရမည်။

၂၅။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြု သူသည် နှစ်စဉ် တန်ဖိုးသတ်မှတ်ရန် အလို့ငှာ အောက်ဖော်ပြပါ အချက်အလက်များကို ပြည့်စုံစွာ ဖော်ပြ၍ သတ်မှတ်ထားသည့် ကာလအတွင်း ကော်မတီသို့ တင်ပြရမည် -

(က) မြေ၊ အဆောက်အအုံ သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူ၏ အမည်နှင့် နေရပ်လိပ်စာ၊

(ခ) မြေ၊ အဆောက်အအုံ၏ အကျယ်အဝန်း အတိုင်းအတာ၊ အမျိုးအစား ခန့်မှန်းခြေ ကာလတန်ဖိုးနှင့် အမှန်ရရှိသော ငှားရမ်းခ၊

(ဂ) မြေ၊ အဆောက်အအုံတွင် စီးပွားရေးလုပ်ငန်းအလို့ငှာ စက်ယန္တရား သို့မဟုတ် စက်မှုကိရိယာ တပ်ဆင်ထားလျှင် ယင်းစက်ယန္တရား သို့မဟုတ် စက်ကိရိယာများ၏ ခန့်မှန်းခြေ ကာလတန်ဖိုး၊ ထုတ်လုပ်မှုတန်ဖိုး၊ လည်ပတ်သုံးစွဲမှု၊ ရငွေသုံးငွေ ဆိုင်ရာ ငွေစာရင်းဇယားများ။

၂၆။ မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၂၅ တွင် ဖော်ပြသည့် အချက်အလက်များကို မပျက်မကွက် မှန်ကန်စွာ ဖော်ပြရန် တာဝန်ရှိသည်။

၂၇။ ကော်မတီသည် မြေ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူက ပုဒ်မ ၂၅ တွင် ဖော်ပြသည့် အချက်အလက်များကို မမှန်မကန် ဖော်ပြထားကြောင်း စိစစ်တွေ့ ရှိလျှင်သော်လည်းကောင်း၊ အချက်အလက်များကို တင်ပြရန် ပျက်ကွက်ခဲ့လျှင်သော်လည်းကောင်း၊ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ သင့်လျော်သည့် အမိန့်ချမှတ်ရမည်။

၂၈။ ကော်မတီသည် မြေ ၊ အဆောက်အအုံပိုင်ရှင်က အခကြေးငွေရယူပြီး ပုဂ္ဂိုလ် တစ်ဦးဦးကို ဖြစ်စေ၊ ပုဂ္ဂိုလ်အများကိုဖြစ်စေ ၊ ငှားရမ်းထားလျှင် အဆိုပါမြေ ၊ အဆောက် အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရာ၌ ပစ္စည်းတစ်ခုတည်းအနေဖြင့် လည်းကောင်း၊ သီးခြားနေထိုင်သူ တစ်ဦးချင်း၏ သီးခြားပစ္စည်း အနေဖြင့်လည်းကောင်း သတ်မှတ်၍ ပစ္စည်းခွန်ကို သီးခြားစည်းကြပ်နိုင်သည်။

၂၉။ ကော်မတီသည် ပစ္စည်းခွန် ခွဲပုံစာရင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) ဘဏ္ဍာရေးနှစ်အလိုက် ပစ္စည်းခွန်ခွဲပုံစာရင်း ပြုစုထားရှိရမည်။
(ခ) ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲပုံစာရင်းကို မည်သူ မဆို လာရောက်ကြည့်ရှုနိုင်သည်ဟု ကြေညာရမည်။
(ဂ) ပစ္စည်းအရပ်ရပ်အတွက် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်လျှင် ကြေညာသည့်နေ့မှစ၍ ရက်ပေါင်း ၃၀ အတွင်း မည်သူ မဆို စာဖြင့် တင်ပြကန့်ကွက်နိုင်သည်ဟု ကြေညာချက်တွင် ဖော်ပြရ မည်။

(ဃ) ယခင်ဘဏ္ဍာရေးနှစ်အလိုက် ပြုစုထားသော ပစ္စည်းခွန်ခွဲပုံစာရင်းကို အခြေခံ၍ လာမည့်ဘဏ္ဍာရေးနှစ်အတွက် လိုအပ်သလို ပြင်ဆင်အသုံးပြု နိုင်သည်။

၃၀။ ကော်မတီသည် နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကန့်ကွက်လွှာကို အောက်ပါ အတိုင်း ဆောင်ရွက်ရမည် -

(က) ပုဒ်မ ၂၉ ၊ ပုဒ်မခွဲ (ဂ) အရ တင်သွင်းလာသော ကန့်ကွက်လွှာကို သတ်မှတ်ချက်နှင့် အညီ ကြားနာစစ်ဆေးရမည်။

(ခ) ကန့်ကွက်လွှာကို ကြားနာစစ်ဆေးပြီးသည့်အခါ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ အမိန့်ချမှတ်ရမည်။

(ဂ) ချမှတ်သည့်အမိန့်အတိုင်း ပစ္စည်းခွန် ခွဲပုံစာရင်းတွင် လိုအပ်သလို ပြင်ဆင်ရမည်။

၃၁။ ကော်မတီသည် နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ လိမ်လည်ခြင်းကြောင့်ဖြစ်စေ၊ လွဲမှား စည်းကြပ်ထားခြင်းကြောင့်ဖြစ်စေ ၊ ပစ္စည်းခွန် တိုးမြှင့်စည်းကြပ်ရန် လိုအပ်ခြင်းကြောင့်ဖြစ်စေ နှစ်စဉ်တန်ဖိုးသတ်မှတ်ခြင်းကို ပြင်ဆင်ရန် လိုအပ်ပါက သက်ဆိုင်ရာ ပုဂ္ဂိုလ်အား အကြောင်းကြား၍ လိုအပ်သလို ပြင်ဆင်နိုင်သည်။

၃၂။ သက်ဆိုင်ရာပုဂ္ဂိုလ်သည် ကော်မတီက ပုဒ်မ ၃၁ အရ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းကို ပြင်ဆင်လျှင် အကြောင်းကြားစာတွင် သတ်မှတ်ထားသော နေ့ရက်အတွင်း ကော်မတီသို့ စာဖြင့် ကန့်ကွက်လွှာ တင်သွင်းခွင့်ရှိသည်။

၃၃။ ကော်မတီသည် ကန့်ကွက်လွှာအရ ကန့်ကွက်သူအား ကြားနာစစ်ဆေးပြီး နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းကို ပြင်ဆင်အမိန့်ချမှတ်နိုင်သည်။

၃၄။ ကော်မတီသည် ပစ္စည်းခွန် ခွဲပုံစာရင်း အတည်ပြုပြီးနောက် အသစ်ဆောက်လုပ်ပြီးစီးသည့် အဆောက်အအုံအပေါ် ပစ္စည်းခွန်စည်းကြပ်ရန် နောက်ဆက်တွဲ ပစ္စည်းခွန်ခွဲပုံစာရင်း၌ ထည့်သွင်းဖော်ပြပြီး ယင်းအဆောက်အအုံတွင် အမှန်နေထိုင်သည့် နေ့ သို့မဟုတ် အသုံးပြုသည့်နေ့မှ အစပြု၍ ပစ္စည်းခွန် စည်းကြပ်ရမည်။

၃၅။ ပုဒ်မ ၂၇ ၊ ပုဒ်မ ၃၀ ၊ ပုဒ်မခွဲ (ခ) နှင့် ပုဒ်မ ၃၃ တို့အရ နှစ်စဉ်တန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ယင်း၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်ရန် လွှဲအပ်ထားသော ဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က ချမှတ်သည့် အမိန့်အပေါ် မကျေနပ်ပါက ပစ္စည်းခွန် စည်းကြပ်ခြင်း ခံရသူသည် -

(က) ကော်မတီသို့ အယူခံပိုင်ခွင့်ရှိသည်။

(ခ) အယူခံလွှာကို ပစ္စည်းခွန်ထမ်းဆောင်ရန် အကြောင်းကြားစာ လက်ခံရရှိသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း တင်သွင်းရမည်။

(ဂ) စည်းကြပ်ခြင်းခံသော ပစ္စည်းခွန်ကို ပေးဆောင်ပြီးမှသာ အယူခံပိုင်ခွင့်ရှိသည်။

၃၆။ ပုဒ်မ ၃၅ အရ အယူခံအမှုတွင် ကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်စေရမည်။

၃၇။ ပစ္စည်းခွန်စည်းကြပ်ခြင်းခံရသူသည် အယူခံအမှုတွင် အနိုင်ရရှိပါက ပေးသွင်းထားသည့် ပစ္စည်းခွန်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းကိုဖြစ်စေ၊ ကော်မတီ၏ ဆုံးဖြတ်ချက်နှင့် အညီ ပြန်လည်တောင်းခံပိုင်ခွင့် ရှိသည်။

၃၈။ ပစ္စည်းခွန် စည်းကြပ်ထားသော မြေ ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင် ၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၂၅ အရ လိုအပ်သော အသေးစိတ် အချက်အလက်များကို စာဖြင့် တင်ပြပြီးသည့်နောက် ငှားရမ်းခပြောင်းလဲလျှင် ယင်းကဲ့သို့ ငှားရမ်းခပြောင်းလဲသည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ စာဖြင့် အကြောင်းကြား ရမည်။

၃၉။ မြေ ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင် ၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ငှားရမ်းခ ပြောင်းလဲခြင်းကို ပုဒ်မ ၃၈ အရ ကော်မတီသို့စာဖြင့် အကြောင်းကြားရန် ပျက်ကွက်လျှင် ပစ္စည်းခွန် စည်းကြပ်မှုအပေါ် ကန့်ကွက်ပိုင်ခွင့်မရှိစေရ။

၄၀။ ကော်မတီသည် ပစ္စည်းခွန်စည်းကြပ်ရန် ကိစ္စနှင့်စပ်လျဉ်း၍ မေးမြန်းရန် လိုအပ်ပါက ပိုင်ရှင်၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူအား ကော်မတီသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ လာရောက်ရန် အကြောင်းကြားနိုင်သည်။

၄၁။ မြေ ၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် ပိုင်ရှင် ၊ နေထိုင်သူ သို့မဟုတ် အသုံးပြုသူသည် ပုဒ်မ ၄၀ အရ အကြောင်းကြားစာရရှိလျှင် ကော်မတီသို့ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြစ်စေ မပျက်မကွက် သွားရောက်ရန်နှင့် မေးမြန်းချက်ကို မှန်ကန်စွာ ဖြေဆိုရန် တာဝန်ရှိသည်။

## အခန်း (၅)
## ပစ္စည်းခွန်လျှော့ပေါ့ခြင်းနှင့် ပြန်အမ်းခြင်း

၄၂။ ပိုင်ရှင်သည် -

(က) တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ မြေ၊ အဆောက်အအုံတွင် မည်သူမျှ နေထိုင် အသုံးပြုခြင်းမရှိဘဲ အနည်းဆုံးရက်ပေါင်း ၃၀ တစ်ဆက်တည်း လစ်လပ်နေလျှင် ဖြစ်စေ၊ ငှားရမ်းခ မရရှိလျှင်ဖြစ်စေ ကော်မတီသို့ ရက်ပေါင်း ၃၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားပါက ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရန် ပျက်ကွက်ပါက မည်သည့် ပစ္စည်းခွန်ကိုမျှ လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

၄၃။ ပိုင်ရှင်သည် -

(က) တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ လစ်လပ်နေသော မြေ၊ အဆောက် အအုံကို ပြန်လည် အသုံးပြုလျှင်ဖြစ်စေ၊ ငှားရမ်းခ ရရှိလျှင်ဖြစ်စေ အသုံးပြုသည့်နေ့ သို့မဟုတ် ငှားရမ်းသည့် နေ့မှ ရက်ပေါင်း ၃၀ အတွင်း ကော်မတီသို့ စာဖြင့် အကြောင်းကြားရမည်။

(ခ) ပုဒ်မခွဲ (က) အရ အကြောင်းကြားရန် ပျက်ကွက်ပါက မည်သည့် ပစ္စည်းခွန်ကိုမျှ လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိသည့်အပြင် ယခင်ခွင့်ပြုပြီးဖြစ်သည့် ပစ္စည်းခွန်လျှော့ပေါ့ငွေနှင့် ပြန်အမ်းငွေတို့ကိုလည်း ပြန်လည်ပေးသွင်းရမည်။

၄၄။ ကော်မတီသည် ပိုင်ရှင်က အဆောက်အအုံ တစ်ခုလုံးကိုဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ ပျက်စီးခြင်း သို့မဟုတ် ဖျက်သိမ်းခြင်းကြောင့် ပစ္စည်းခွန်ကို လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် လျှောက်ထားလာလျှင် သင့်လျော်သည့် ပစ္စည်းခွန်ကို လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်း ပြုနိုင်သည်။

၄၅။ စီးပွားရေးလုပ်ငန်းအတွက် အသုံးပြုသော စက်ရုံ အလုပ်ရုံပိုင်ရှင် သို့မဟုတ် အသုံးပြုသူသည် -

(က) လုပ်ငန်းသဘာဝအလျောက် စက်ရုံ အလုပ်ရုံပိတ်ထားရသည့် အချိန်ကာလအတွက် ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

(ခ) လုပ်ငန်းသဘာဝနှင့် လုံးဝပတ်သက်ခြင်းမရှိဘဲ စက်ရုံ ၊ အလုပ်ရုံ ပိတ်ထားရလျှင် အဆိုပါ ပိတ်ရက်များအတွက် ဤနည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် အညီ ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် ရှိသည်။

၄၆။ ပိုင်ရှင်သည် မြေ ၊ အဆောက်အအုံကို ကန့်ခါတစ်ရံသာ အသုံးပြုသည်ဟူသော အကြောင်းပြချက်ဖြင့် ပစ္စည်းခွန်လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခွင့်ပိုင်ခွင့် မရှိရ။

၄၇။ မြေ ၊ အဆောက်အအုံပိုင်ရှင်သည် -

(က) ပုဒ်မ ၄၄ ၊ ပုဒ်မခွဲ (ခ) ၊ ပုဒ်မ ၄၅ ၊ ပုဒ်မခွဲ (ခ) အရ ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် ၆ လအတွင်း တောင်းခံပိုင်ခွင့် ရှိသည်။

(ခ) မီးလောင်၍ဖြစ်စေ ၊ အခြားအကြောင်းတစ်ခုခုကြောင့်ဖြစ်စေ ၊ အဆောက်အအုံ လုံးဝပျက်စီးသွားလျှင် သို့မဟုတ် ဖျက်သိမ်းသွားလျှင် ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် ၁ နှစ်အတွင်း တောင်းခံပိုင်ခွင့် ရှိသည်။

(ဂ) ပုဒ်မခွဲ (က) အရဖြစ်စေ ၊ ပုဒ်မခွဲ (ခ) အရဖြစ်စေ ၊ တောင်းခံရာတွင် သတ်မှတ်သည့်ကာလ အတွင်း တောင်းခံရန် ပျက်ကွက်ပါက ပစ္စည်းခွန် လျှော့ပေါ့ရန် သို့မဟုတ် ပြန်အမ်းရန် တောင်းခံပိုင်ခွင့် မရှိစေရ။

၄၈။ ကော်မတီသည် ဤဥပဒေအရ ပစ္စည်းခွန်လျှော့ပေါ့ခြင်း သို့မဟုတ် ပြန်အမ်းခြင်း တွက်ချက်ရာ၌ ၁၀ ရက်ထက် နည်းသောရက်များကို ထည့်သွင်းတွက်ချက်ခြင်း မပြုရ။

## အခန်း (၆)
## ပစ္စည်းခွန် ကောက်ခံခြင်း

၄၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ပစ္စည်းခွန် ကောက်ခံခြင်းနှင့် စပ်လျဉ်း၍ အောက်ပါအတိုင်း ဆောင်ရွက်ရမည် -

(က) ပစ္စည်းခွန် စည်းကြပ်ကောက်ခံရန်အတွက် နယ်မြေအတန်းအစား ပိုင်းခြားသတ်မှတ် ရမည်။

(ခ) ပုဒ်မခွဲ(က)အရ ပိုင်းခြားထားသော နယ်မြေအတန်းအစားလိုက် ပစ္စည်းခွန် စည်းကြပ်ရမည်။

(ဂ) ပုဒ်မခွဲ (က) အရ ပိုင်းခြားထားသော နယ်မြေအတန်းအစားကို အခါအားလျော်စွာ ပြင်ဆင်သတ်မှတ် နိုင်သည်။

၅၀။ ပစ္စည်းခွန်ကို တစ်နှစ် နှစ်ကြိမ်ကောက်ခံခြင်းပြုလုပ်ရမည်။ ယင်းသို့ ကောက်ခံရန် အခွန်ခွဲပုံစာရင်းကို အဖွဲ့ကပြုစုပြီး အုပ်ချုပ်ရေးအရာရှိက တာဝန်ပေးအပ်သူမှ အတည်ပြု လက်မှတ် ရေးထိုးရမည်။

၅၁။ ကော်မတီသည် -

(က) ပစ္စည်းခွန် ကောက်ခံရန် သင့်လျော်သည့် ဝန်ထမ်း သို့မဟုတ် အဖွဲ့အစည်း အား တာဝန်ပေးအပ်နိုင်သည်။

(ခ) ပစ္စည်းခွန် ကောက်ခံသည့် အဖွဲ့အစည်းအား ၁ နှစ်အတွက် ပစ္စည်းခွန် ကောက်ခံပေးသွင်းသည့် ငွေအပေါ်တွင် ကော်မတီက အခါအားလျော်စွာ သတ်မှတ်သည့် နှုန်းထားဖြင့် ဒိုင်ကြေး ထုတ်ပေးနိုင်သည်။

၅၂။ ကော်မတီသည် ပစ္စည်းခွန်ကောက်ခံရာ၌ ပြေစာတွင်ဖော်ပြသည့် ကျသင့်ငွေကို တိကျစွာ ကောက်ခံ၍ ပြေစာကို သက်ဆိုင်ရာပစ္စည်းခွန် စည်းကြပ်ခြင်းခံရသူအား ချက်ချင်းပေးရန်နှင့် အမှန်တကယ် ပေးဆောင်ပြီးသော ပစ္စည်းခွန်ကို ထပ်မံကောက်ခံမှုများ မပြုလုပ်ရန် ကြီးကြပ်ဆောင်ရွက်ရမည်။

၅၃။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များ အတွက် မော်တော်ယာဉ် အမျိုးအစားအလိုက် ကောက်ခံမည် ဘီးခွန်၊ မော်တော်ယာဉ် ညအိပ်ခွန်နှင့် မော်တော်ယာဉ် ရပ်နားခများကို သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊ စည်းကြပ်ခြင်း ပြုနိုင်သည်။ ယင်းသို့ စည်းကြပ်သော ပစ္စည်းများကို ကောက်ခံရန် သက်ဆိုင်ရာ အစိုးရဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပြီး ဆောင်ရွက်စေနိုင်သည်။

၅၄။ မည်သူမဆို ပိုင်ဆိုင်သော သို့မဟုတ် ပိုင်လက်ဝယ်ရှိသော မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန်၊ မော်တော်ယာဉ် ညအိပ်ခွန်နှင့် မော်တော်ယာဉ် ရပ်နားခများကို ပေးဆောင်ရန် တာဝန်ရှိသည်။

၅၅။ မော်တော်ယာဉ်အတွက် ဘီးခွန် ၊ မော်တော်ယာဉ် ညဗိ်ခွန်နှင့် မော်တော်ယာဉ် ရပ်နားခ ပေးဆောင်ရန် သတ်မှတ်သည့် သက်တမ်းကာလသည် မော်တော်ယာဉ် မှတ်ပုံတင် သက်တမ်းနှင့် အညီ ဖြစ်သည်။

## အခန်း (၇)
## တားမြစ်ချက်များ

၅၆။ မည်သူမျှ ကော်မတီခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အဆောက်အအုံ ဆောက်လုပ်ခြင်းလုပ်ငန်း လုပ်ကိုင်ခြင်းမပြုရ။

၅၇။ မည်သူမျှ ကော်မတီက ခွင့်ပြုထားသည့် အဆောက်အအုံပုံစံနှင့် ကွဲလွဲခြားနား သည့် အဆောက်အအုံကို ဆောက်လုပ်ခြင်းမပြုရ။

၅၈။ မည်သူမျှ ဆောက်လုပ်ပြီးသော အဆောက်အအုံဖြစ်စေ၊ ယင်းအဆောက် အအုံ၏ အစိတ်အပိုင်းတွင်ဖြစ်စေ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်နေထိုင်ခြင်း မပြုရ။

၅၉။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်းရှိ အများပြည်သူဆိုင်ရာ လမ်းပေါ်တွင် စမုတ်ဆောင်၊ ကသာဆောင်၊ ဆင်ဝင်၊ နေကာ၊ တံစက်မြိတ်၊ လှေကားထစ်၊ အုတ်ခုံ၊ အုတ်မြစ်၊ သင်ခြေလှေ့ား၊ ခတ်ဆီဆိုင်၊ ဓာတ်ဆီပန့်၊ မီလ္လာတန်၊ လူကူးခုံးတျော်တံတား၊ ယာယီမဏ္ဍပ် သို့မဟုတ် အခြား အဆောက်အအုံကို ကော်မတီခွင့်ပြုချက်မရှိဘဲ ဆောက်လုပ်ခြင်း မပြုရ။

၆၀။ မည်သူမျှ တရားမဝင် ရေဆက်သွယ်ခြင်းမပြုရ။

၆၁။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှုတစ်ခုခုကို လုပ်ကိုင်ခြင်းမပြုရ-

(က) ကော်မတီပိုင် ရေပိုက်ကိုဖောက်ခြင်း၊ ရေပိုက်ကိုဖောက်၍ မိမိနေအိမ် တွင်းသို့ ရေကို ဆက်သွယ်ရယူခြင်း၊

(ခ) ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှ ဆင့်ပွားပိုက်ဆက်၍ တပ်ဆင် ဆက်သွယ်ခြင်း၊

(ဂ) ကော်မတီက ခွင့်ပြုထားသော ရေသွယ်ပိုက်မှ ရေကိုပိုမိုရရှိစေရန် လျှပ်စစ် သို့မဟုတ် စွမ်းအင် တစ်မျိုးမျိုးကို အသုံးပြု၍ ဖြစ်စေ ၊ လက်နှိပ်တုံကင် အသုံးပြု၍ ဖြစ်စေ ရေကို ရယူသုံးစွဲခြင်း၊

(ဃ) ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တပ်ဆင်ထားသော ရေမီတာကို တရားမဝင် ပြုပြင်ခြင်း၊ ဖျက်ဆီးခြင်း ၊ ဖြုတ်သိမ်းခြင်း ၊ တစ်နည်းနည်းဖြင့် ပြောင်းလဲတပ်ဆင်ခြင်း သို့မဟုတ် တပ်ဆင်ထားသော ရေမီတာကို အသုံးမပြုဘဲ ရေဆက်သွယ်ခြင်း။

၆၂။ မည်သူမျှ ကော်မတီ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခြင်း၊ ဘီးခွန် ၊ မော်တော်ယာဉ် ညအိပ်ခွန် ၊ မော်တော်ယာဉ်

ရပ်နားခ ၊ မော်တော်ယာဉ် စောင့်ရှောက်ခ ကောက်ခံခြင်း မပြုရ။

၆၃။ မည်သူမျှ ကော်မတီ ခွင့်ပြုချက်မရှိဘဲ ကော်မတီက သတ်မှတ်သည့်လမ်းတွင် မောင်းနှင်ခွင့် မပြုသော မော်တော်ယာဉ်အမျိုးအစားကိုဖြစ်စေ ၊ ခွင့်ပြုသည့် ဝန်ပိုတင်ဆောင်ထားသော မော်တော်ယာဉ်ကိုဖြစ်စေ မောင်းနှင်ခြင်း မပြုရ။

၆၄။ မည်သူမဆို ပိုင်ဆိုင်သော သို့မဟုတ် ပိုင်ဆိုင်ထိန်းချုပ်ရှိသော မော်တော်ယာဉ်နှင့် စပ်လျဉ်း၍ သတ်မှတ်ထားသော ဘီးခွန် ၊ မော်တော်ယာဉ်ညအိပ်ခွန်နှင့် မော်တော်ယာဉ် ရပ်နားခများကို ပေးဆောင်ရန် ပျက်ကွက်ခြင်း မရှိရ။

၆၅။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းပေါ်တိုင်များနှင့် ပေ ၁၀၀၀ အတွင်းရှိ မြေနှင့် အဆောက်အအုံများပေါ်တွင် မီးခွန် မဆောင်ဘဲ အသုံးပြုခြင်း မပြုရ။

## အခန်း (၈)
## ပြစ်ဒဏ်များ

၆၆။ မည်သူမဆို ပုဒ်မ ၅၆၊ ပုဒ်မ ၅၇၊ ပုဒ်မ ၅၈၊ ပုဒ်မ ၅၉၊ ပုဒ်မ ၆၀၊ ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅ တို့ အရ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်အနည်းဆုံး ကျပ် နှစ်သောင်းမှ အများဆုံး ကျပ် တစ်သိန်းအထိ ချမှတ်ခြင်း ခံရမည်။

## အခန်း (၉)
## အထွေထွေ

၆၇။ ကော်မတီသည် သတ်မှတ်ထားသည့် ဘဏ္ဍာရေးနှစ်အတွင်း ပေးသွင်းခွန် ကြွေးကျန်များကို မြေခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ ကောက်ခံရမည်။ ကောက်ခံ၍ မရရှိပါက တည်ဆဲဥပဒေများအရ ကော်လိတ်တော် အရာရှိ၏ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ရမည်။

၆၈။ ကော်မတီသည် ဤဥပဒေများအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များ ကို မိမိလက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

၆၉။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် လိုအပ်သော အမိန့်ကြော်ငြာ စာများ၊ အမိန့်ညွှန်ကြားချက်များကို အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုး သည်။

(ပုံ) သာဒေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရိစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရိစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၁ ။)

၁၃၇၅ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သစ်တော၊ သတ္တုနှင့်စွမ်းအင် ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(ဃ) **ကော်မတီ** ဆိုသည်မှ ဤဥပဒေအရ ဖွဲ့စည်းထားသည့် အပန်းဖြေ စခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာကော်မတီကို ဆိုသည်။

(င) **ညွှန်ကြားရေးမှူး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တောဦးစီး ဌာန အကြီးအမှူးကို ဆိုသည်။

(စ) **ဦးစီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးသစ်တောဦးစီးဌာနကို ဆိုသည်။

(ဆ) **သစ်တောအရာရှိ** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင် သို့မဟုတ် မြို့နယ် သစ်တောဦးစီးဌာန အကြီးအကဲကို ဆိုသည်။

(ဇ) **သစ်တောဝန်ထမ်း** ဆိုသည်မှာ ဤဥပဒေပါ လုပ်ငန်းတာဝန်များကို လွှဲအပ်ထားသော သစ်တောဦးစီးဌာန၏ ဝန်ထမ်းများကိုဆိုသည်။

(ဈ) **အပန်းဖြေစခန်းများ** ဆိုသည်မှာ သတ်မှတ်ထားသည့် စည်းကမ်းများနှင့်အညီ အခကြေးငွေယူ၍ အများပြည်သူသို့ စိတ်ချမ်းမြေ့စွာ အနားယူ အပန်းဖြေနိုင်ရန် အရိပ်ရအပင်များ၊ နှစ်ရှည်စားသုံးသီးပင်များ၊ နားနေဆောင်များ၊ အားကစားကွင်းများ၊ ရှုခင်းနေရာများ၊ ရေကူးကန်များ၊ ပန်းဥယျာဉ်များနှင့် လှပစွာ စိုက်ပျိုးတည်ဆောက်ရန် သတ်မှတ်ထားသော နေရာကို ဆိုသည်။

(ည) **တိရစ္ဆာန်ဥယျာဉ်** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များကို မွေးမြူထိန်းသိမ်း၍ သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေနိုင်ရန် တည်ဆောက်ထားသည့် ဥယျာဉ်ကို ဆိုလိုသည်။

(ဋ) **ရုက္ခဗေဒဥယျာဉ်** ဆိုသည်မှာ သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်များကို ထိန်းသိမ်း၍ သုတေသနပြုလုပ်နိုင်ရန်နှင့် အခကြေးငွေယူ၍ အများပြည်သူ ကြည့်ရှု လေ့လာ အပန်းဖြေနိုင်ရန် တည်ဆောက်ထားသည့် ဥယျာဉ်ကို ဆိုသည်။

(ဌ) **တောရိုင်းတိရစ္ဆာန်နှင့်သဘာဝအပင်များ** ဆိုသည်မှာ နေရင်းဒေသရှိ တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များကို ဆိုသည်။

(ဍ) **တောရိုင်းတိရစ္ဆာန်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ဖွားကျက်စားသော တိရစ္ဆာန်များ၊ ငှက်များ၊ ပိုးမွှားများ၊ ရေနေသတ္တဝါများနှင့် ယင်းတို့၏ အသားမျိုးရည်၊ အမျိုးဥ၊ သန္ဓေသားလောင်းဥနှင့် ပိုးလောင်းများကို ဆိုသည်။

(ဎ) **သဘာဝအပင်** ဆိုသည်မှာ နေရင်းဒေသအတွင်း သဘာဝအတိုင်း ပေါက်ရောက်သော အပင်၊ ချုံ၊ နွယ်၊ ဝါး၊ ကြိမ်၊ သစ်ခွ၊ မှို၊ ရေအောက်ရှိအပင်နှင့် ယင်းတို့၏ မျိုးစေ့များကို ဆိုသည်။

(ဏ) **နေရင်းဒေသ** ဆိုသည်မှာ တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ပေါက်ဖွားကျက်စားရာနယ်မြေနှင့် အပင်များ သဘာဝအတိုင်း ပေါက်ရောက်ရာ နယ်မြေတို့ကို ဆိုသည်။

(တ) **သစ်တောနယ်မြေ** ဆိုသည်မှာ သစ်တောဥပဒေအရ ဖွဲ့စည်းထားသည့် ကြိုးဝိုင်းတောနှင့် သတ်မှတ်ကြေညာထားသည့် ကြိုးပြင်ကာကွယ်တောကို ဆိုသည်။

(ထ) **ကြီးကြပ်ရေးအဖွဲ့** ဆိုသည်မှာ ဤဥပဒေအရ တည်ဆောက်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ အဖွဲ့ကိုဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်များ၊ သဘာဝ အပင်များနှင့် ယင်းတို့၏ နေရင်းဒေသများကို ကာကွယ်ထိန်းသိမ်းရန်၊

(ခ) သဘာဝသိပ္ပံဆိုင်ရာ သုတေသနလုပ်ငန်းများကို အထောက်အကူ ဖြစ်စေရန်၊

(ဂ) စဉ်ဆက်မပြတ် ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များတွင် ပတ်ဝန်းကျင် ထိန်းသိမ်းရေး ဆိုင်ရာ ကိစ္စရပ်များ စနစ်တကျ ပေါင်းစပ်ဆောင်ရွက်နိုင်ရန်၊

(ဃ) ပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကို အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်း၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်း၊ အစိုးရမဟုတ်သော အဖွဲ့အစည်းနှင့် ပုဂ္ဂလိကတို့ ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(င) ပြည်သူလူထု အပန်းဖြေအနားယူ လေ့လာနိုင်ရန်။

## အခန်း (၃)
## ကော်မတီဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီ၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည်-

(က) အောက်ပါပုဂ္ဂိုလ်များ ပါဝင်သော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ ကော်မတီကို ဖွဲ့စည်းရမည်-

| | | |
|---|---|---|
| (၁) | ဝန်ကြီး | ဥက္ကဋ္ဌ |
| (၂) | သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ | အဖွဲ့ဝင်များ |
| (၃) | သက်ဆိုင်ရာပညာရှင်များ၊ ကျွမ်းကျင်သူများ | အဖွဲ့ဝင်များ |
| (၄) | ညွှန်ကြားရေးမှူး | အတွင်းရေးမှူး |

၅။ ပြည်သူ့ဝန်ထမ်း မဟုတ်သော ကော်မတီအဖွဲ့ဝင်သည် အစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဝန်ကြီးက သတ်မှတ်သည့် ချီးမြှင့်ငွေကို ခံစားခွင့်ရှိသည်။

၆။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ဤဥပဒေ၏ ရည်ရွယ်ချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကြီးကြပ်ခြင်း၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရေး အတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ညှိနှိုင်းပေးခြင်း၊

(ဂ) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တောရိုင်းတိရစ္ဆာန်နှင့် သဘာဝအပင်များ ကာကွယ်ရေးအတွက် ပညာပေးခြင်း၊

(ဃ) သဘာဝသိပ္ပံဆိုင်ရာ သုတေသန လုပ်ငန်းများဆောင်ရွက်ခြင်းနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း၊

(င) သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးခြင်း။

## အခန်း (၄)

## အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်၊ရုက္ခဗေဒဥယျာဉ်တည်ထောင်ခြင်း

၇။ ဝန်ကြီးသည်-

(က) အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တိုင်းဒေသကြီးတွင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင်ရန် ခွင့်ပြုနိုင်သည်။

(ခ) သစ်တောနယ်မြေမှအပ အခြားဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခု၏ စီမံခန့်ခွဲမှု အောက်တွင်ရှိသော မြေတွင် ပုဒ်မခွဲ(က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုပါက သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(ဂ) ပုဂ္ဂိုလ် သို့မဟုတ် ပုဂ္ဂလိကအဖွဲ့အစည်းက စိုက်ပျိုးလုပ်ကိုင်ခွင့်၊ လက်ဝယ်ထားခွင့်၊ အသုံးပြုခွင့်၊ အကျိုးခံစားခွင့်၊ ဆက်ခံခွင့် သို့မဟုတ် လွှဲပြောင်းပိုင်ခွင့်ရှိသော မြေတွင် ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်လိုပါက တည်ဆဲမြေသိမ်းယူခြင်းဆိုင်ရာ ဥပဒေများနှင့်အညီ မြေသိမ်းယူရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကြိုတင်ညှိနှိုင်း ဆောင်ရွက်ရမည်၊

(ဃ) မည်သည့်နယ်မြေ မည်သည့်နယ်နိမိတ်အတွင်း ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်ရန် ရည်ရွယ်ကြောင်း ကြိုတင်ကြေညာရမည်၊

(င) ပုဒ်မခွဲ (က)အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် သက်ဆိုင်ရာ နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ စုံစမ်းစစ်ဆေးရန်နှင့် နယ်မြေသတ်မှတ် တည်ထောင်ရေး လုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် ပမာဏ စိစစ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးရမည်။

၈။ ဝန်ကြီးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၏ ဧရိယာတစ်ခုလုံးကို ဖြစ်စေ၊ တစ်စိတ်တစ်ဒေသကို ဖြစ်စေ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၉။ ဝန်ကြီးသည်-

(က) ပုဒ်မ(၇)အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်း တာဝန်များကို သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၀။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် တည်ထောင်မည့် နယ်မြေဒေသရှိ အများပြည်သူတို့၏ အခွင့်အရေး ထိခိုက်နစ်နာမှုများအတွက် သင့်လျော်သော အခွင့်အရေးများ၊ အကျိုးခံစားခွင့်များကို ဝန်ကြီး၏ သဘောတူညီချက်ဖြင့် စီစစ်ဆောင်ရွက်ရမည်။

၁၁။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သိပ္ပံဆိုင်ရာ သုတေသနပြုလုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ကြည့်ရှုလေ့လာခြင်းနှင့် အပန်းဖြေခြင်း တို့ကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အကွက်းသို့ ပတ်ဝန်းကျင်မှ အန္တရာယ်မကျရောက်စေရန်နှင့် ထိခိုက်နှောင့်ယှက်မှုများ မရှိကြစေရန် လိုအပ်သော အစီအမံများ ချမှတ်ဆောင်ရွက်နိုင်သည်။

(ဂ) ဒေသရိုင်းတိရစ္ဆာန် နှင့် သဘာဝအပင်များကို အခြားပြည်နယ်/တိုင်းဒေသကြီးများနှင့် အလဲအလှယ် ပြုလုပ်နိုင်သည်။

၁၂။ ညွှန်ကြားရေးမှူးသည် ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ကြည့်ရှုလေ့လာ အပန်းဖြေသူများက လိုက်နာရမည့် စည်းကမ်း ချက်များကို သတ်မှတ်ပြီး အများပြည်သူသိရှိရန် ကြေညာထားရမည်။

## အခန်း (၅)
## အပန်းဖြေစခန်းများ၊တိရစ္ဆာန်ဥယျာဉ်၊ရုက္ခဗေဒဥယျာဉ်တည်ထောင်လုပ်ကိုင်ခွင့်

၁၃။ ဝန်ကြီးသည်အစိုးရအဖွဲ့၏သဘောတူညီချက်ဖြင့်-

(က) ပုဒ်မ ၇ အရ တည်ထောင်ထားသည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တိုင်းဒေသကြီးအကျိုးစီးပွားအလို့ငှာ အစိုးရအဖွဲ့နှင့် အခြားမည်သည့် ပုဂ္ဂိုလ် သို့မဟုတ် မည်သည့်စီးပွားရေး အဖွဲ့အစည်းကမဆို ဖက်စပ်လုပ်ကိုင်ရန်ဖြစ်စေ၊ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် စီးပွားရေးအဖွဲ့အစည်း တစ်ခုခုက လုပ်ကိုင်ရန်ဖြစ်စေ သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

(ခ) ပုဂ္ဂလိကပိုင် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင် လုပ်ကိုင်လိုကြောင်း သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားခြင်းကို စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၁၄။ ဝန်ကြီးသည်-

(က) ပုဒ်မ ၁၃၊ ပုဒ်မခွဲ(က)အရ တည်ထောင်လုပ်ပိုင်ခွင့်ပြုထားသော အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို လိုအပ်လျှင် ကြီးကြပ်ကွပ်ကဲရန် ကြီးကြပ်ရေးအဖွဲ့ကို ဖွဲ့စည်း၍ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးရမည်။

(ခ) ကြီးကြပ်ရေးအဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၅။ ပုဒ်မ ၁၃အရ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို တည်ထောင် လုပ်ပိုင်ခွင့်ရရှိသူသည် လုပ်ငန်းလိုင်စင်ရရှိရန် ညွှန်ကြားရေးမှူးထံသို့ သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ လျှောက်ထားရမည်။

၁၆။ ညွှန်ကြားရေးမှူးသည် ဝန်ကြီး၏သဘောတူညီချက်ဖြင့်-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့် လုပ်ငန်း လိုအပ်ချက်များနှင့် ညီညွတ်မှု ရှိ ၊ မရှိ စိစစ်ပြီး လိုင်စင်ထုတ်ပေးခြင်း သို့မဟုတ် လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ဆိုင်ရာ လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို သတ်မှတ်ပေးရမည်။

(ဂ) လုပ်ငန်းလိုင်စင်ရရှိသူက လိုက်နာရမည့် စည်းကမ်းချက်များကို ဖောက်ဖျက်လျှင် လုပ်ငန်းလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း သို့မဟုတ် လိုင်စင်ကို ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၇။ အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ် လုပ်ငန်းလိုင်စင်ရရှိသူ သည်-

(က) ညွှန်ကြားရေးမှူးက သတ်မှတ်သော လုပ်ငန်းလိုင်စင် စည်းကမ်းချက်များကို လိုက်နာရမည်။

(ခ) လုပ်ငန်းလိုင်စင်နှင့် စပ်လျဉ်းသည့် အခွန်အခများကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ပေးသွင်းရမည်။

(ဂ) လုပ်ငန်းလိုင်စင်သက်တမ်းမကုန်ဆုံးမီ လုပ်ငန်းလိုင်စင်ရရှိသူ သေဆုံးလျှင် ယင်း၏ တရားဝင်ဆက်ခံသူက သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ညွှန်ကြားရေးမှူးထံ လျှောက်ထားရမည်။

## အခန်း (၆)
## စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူခြင်း

၁၈။ သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ငွေကျပ် တစ်သောင်း အထိပေးဆောင်ရန် စီမံခန့်ခွဲရေး ဆိုင်ရာ အမိန့် ချမှတ်နိုင်သည်-

(က) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာသို့ သတ်မှတ်သည့် စည်းကမ်းနှင့် မညီညွတ်ဘဲ ဝင်ရောက်ခြင်း၊

(ခ) အများပြည်သူ ကြည့်ရှုလေ့လာ အပန်းဖြေခွင့်ပြုထားသော နေရာမှအပ တားမြစ်ထားသော နေရာသို့ ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက်ခြင်း၊

(ဂ) လူတို့မွေးမြူထားသော တိရစ္ဆာန်ကိုအစာကျွေးခြင်း၊ လှောင်ကျောင်းခြင်း သို့မဟုတ် ကျူးကျော်ဝင်ရောက်စေခြင်း၊

(ဃ) ကာကွယ်ထားသည့် တောရိုင်းတိရစ္ဆာန်များကို ခြောက်လှန့်ခြင်း သို့မဟုတ် တမင် အနှောင့်အယှက်ပေးခြင်း၊

(င) သဘာဝအပင်နှင့် စိုက်ပျိုးထားသော အပင်တစ်မျိုးမျိုးကို ခွင့်ပြုချက် မရရှိဘဲ ခူးဆွတ်ခြင်း သို့မဟုတ် ချိုးဖဲ့ခြင်း၊

၁၉။ သစ်တောအရာရှိသည် အစိုးရအဖွဲ့က အစုရှယ်ယာမတည်ငွေရင်း ပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်သူအား ဒဏ်ကြေးငွေကျပ် ငါးသောင်း အထိ ပေးဆောင်စေရန် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်နိုင်သည်-

(က) လုံးဝတားမြစ်ထားသောနေရာသို့ ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ခြင်း၊

(ခ) ခွင့်ပြုချက်မရှိဘဲ ရုပ်ရှင် သို့မဟုတ် ဗွီဒီယိုရိုက်ခြင်း၊

(ဂ) မြေကိုတူးဆွခြင်း၊ ထွန်ယက်စိုက်ပျိုးခြင်း သို့မဟုတ် လုပ်ငန်းတစ်ခုခု လုပ်ကိုင်ခြင်း၊

(ဃ) စိုက်ပျိုးထားသည့် အပင်တစ်မျိုးမျိုးကို ထုတ်ယူခြင်း၊ စုဆောင်းခြင်း သို့မဟုတ် တနည်းနည်းဖြင့် ဖျက်ဆီးခြင်း။

၂၀။ သစ်တောအရာရှိသည်-

(က) စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ချမှတ်သည့်အခါ အစိုးရအဖွဲ့က အစုရှယ်ယာ မတည်ငွေရင်း ပါဝင်သည့် အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်မှ ခွင့်ပြုချက် မရရှိဘဲ ထုတ်ယူသည့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်၊

(ခ) ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသော ပစ္စည်းများကို သတ်မှတ်သည့် နည်းလမ်းများနှင့် အညီ စီမံခန့်ခွဲရမည်။

## အခန်း (၇)
## အယူခံခြင်း

၂၁။ သစ်တောအရာရှိက ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်ကို မကျေနပ်သူက ယင်းအမိန့် ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း ဝန်ကြီးထံ အယူခံနိုင်သည်။

၂၂။ ဝန်ကြီး၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်ဖြစ်သည်။

## အခန်း (၈)
## တားမြစ်ချက်များ

၂၃။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း သက်ရှိ သက်မဲ့ ဖွဲ့စည်းမှုကိုဖြစ်စေ၊ သဘာဝအနေအထား တစ်ခုခုကိုဖြစ်စေ ဖျက်ဆီးခြင်း မပြုရ၊

(ခ) အစိုးရအဖွဲ့က အစုရှယ်ယာ မထည့်ဝင်ရင်း ပါဝင်သည့် အပန်းဖြေ စခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်၏ နယ်နိမိတ် အမှတ်အသား တစ်ခုခု ကို ခွင့်ပြုချက်မရရှိဘဲ ပြောင်းလဲပြင်ဆင်ခြင်း၊ ရွှေ့ပြောင်းခြင်း၊ ဖျက်ဆီးခြင်း သို့မဟုတ် ပုံသဏ္ဌာန် ပျက်စေရန် ပြုလုပ်ခြင်း မပြုရ။

၂၄။ မည်သူမဆို အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ရေထု၊ လေထုကို တမင်ညစ်ညမ်းစေခြင်း၊ ရေစီးရေလာပျက်စီးစေခြင်း သို့မဟုတ် ရေတွင် အဆိပ်ခပ်ခြင်း မပြုရ၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆိပ်အတောက်ဖြစ်စေသော ပစ္စည်းကိုဖြစ်စေ၊ ဓာတ်သတ္တု အညစ် အကြေးကိုဖြစ်စေ၊ လက်ဝယ်ထားခြင်း သို့မဟုတ် စွန့်ပစ်ခြင်း မပြုရ၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်ကို လုပ်ငန်း လိုင်စင်မရှိဘဲ တည်ထောင် လုပ်ကိုင်ခြင်း မပြုရ။

၂၅။ မည်သူမဆို ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို မပြုလုပ်ရ-

(က) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အဆောက်အအုံများ ဆောက်လုပ်ခြင်း၊ ပျော်ရွှင်ဖွယ်အားကစားကွင်းများ၊ ကျန်းမာရေးလေ့ကျင့်ခန်း အားကစားကွင်းများ၊ အားကစားရုံများ၊ အားကစားခန်းမများ၊ ရေကူးကန်များ၊ အားကစားနည်းပညာ သင်တန်းကျောင်းများ ဖွင့်လှစ်ခြင်း မပြုရ၊

(ခ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း ပြပွဲပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ပွဲလမ်းသဘင်များ၊ အခမ်းအနားများ ကျင်းပခြင်း မပြုရ၊

(ဂ) အပန်းဖြေစခန်းများ၊ တိရစ္ဆာန်ဥယျာဉ်၊ ရုက္ခဗေဒဥယျာဉ်အတွင်း အပင်များ စိုက်ပျိုးခြင်း၊ စီးပွားရေးအလို့ငှာ မျိုးခြံများတည်ထောင်ခြင်း၊ မျိုးပင်အရောင်းဆိုင် ဖွင့်လှစ်ခြင်း၊ စျေးဆိုင်ခန်းများ ဆောက်လုပ်ရောင်းချခြင်း မပြုရ။

## အခန်း (၉)
## ပြစ်မှုနှင့် ပြစ်ဒဏ်များ

၂၆။ မည်သူမဆို ပုဒ်မ ၂၃ ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်ငါးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ်သုံးသိန်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၇။ မည်သူမဆို ပုဒ်မ ၂၄ ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်သုံးနှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် တစ်သိန်း အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၂၈။ မည်သူမဆို ပုဒ်မ ၂၅ ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်တစ်နှစ် အထိဖြစ်စေ၊ ငွေဒဏ် ကျပ်သုံးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၂၉။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေ၊ အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် နှစ် နှစ်အထိဖြစ်စေ၊ ငွေဒဏ်ကျပ် ငါးသောင်းအထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

## အခန်း(၁၀)
## အထွေထွေ

၃၀။ တရားရုံးသည် ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ပြစ်မှုထင်ရှား တွေ့ရှိလျှင် သက်ဆိုင်ရာ ပြစ်မှုအတွက် ချမှတ်ရမည့် ပြစ်ဒဏ်အပြင်-

(က) ပြစ်မှုကျူးလွန်သူကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးကို သစ်တောဦးစီးဌာနသို့ လျော်ကြေးပေးဆောင်စေရန် အမိန့်ချမှတ်နိုင်သည်၊

(ခ) ပြစ်မှုနှင့် သက်ဆိုင်သော တောရိုင်းတိရစ္ဆာန်များ၊ သဘာဝအပင်များနှင့် ယင်းတို့၏ အစိတ်ပိုင်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းပြီး သစ်တောဦးစီးဌာနသို့ လွှဲပြောင်းပေးရမည်။

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သည့် ယာဉ်၊ တိရစ္ဆာန်နှင့်အခြားပစ္စည်းကိရိယာများကို ပြည်သူ့ ဘဏ္ဍာအဖြစ် သိမ်းဆည်းရန် အမိန့်ချမှတ်နိုင်သည်။

၃၁။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီး၏ကြိုတင်ခွင့်ပြုမိန့်ကို ရယူရမည်။

၃၂။ ဤဥပဒေအရ အရေးယူသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ သက်သေခံပစ္စည်းသည် တရားရုံးသို့ရွှေ့ရန် မလွယ်ကူသော ပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို တရားရုံးရှေ့သို့ တင်ပို့ရန်မလိုဘဲ မည်ကဲ့သို့ထိန်းသိမ်းထားကြောင်း အစီရင်ခံစာ သို့မဟုတ် သက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများဖြင့် တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးသို့ သက်သေခံပစ္စည်း တင်ပြပြီးသကဲ့သို့ မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၃၄။ ဤဥပဒေအရ စီမံခန့်ခွဲရေးနည်းလမ်းဖြင့် အရေးယူသည့်အမှုတွင်ဖြစ်စေ၊ တရားစွဲဆိုသည့် အမှုတွင်ဖြစ်စေ အရေးယူခြင်းခံရသူသည် ဖမ်းဆီးရမိသော သက်သေခံပစ္စည်းနှင့် စပ်လျဉ်း၍ တရားဝင် ပိုင်ဆိုင်ကြောင်း သို့မဟုတ် တရားဝင် လက်ဝယ်ထားရှိခွင့် ရှိကြောင်း သက်သေပြရန် တာဝန်ရှိသည်။

၃၅။ ပြည်သူ့ရဲတပ်ဖွဲ့သည် သစ်တောဝန်ထမ်းက ယင်းတို့၏ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရာ၌ အကူအညီ တောင်းခံလာလျှင် လိုအပ်သောအကူအညီများ ပေးရမည်။

၃၆။ ဤဥပဒေအရ သစ်တောဦးစီးဌာနက ရရန်ရှိသောငွေများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့သို့ အရကောက်ခံရမည်။ ဤကိစ္စအလို့ငှာ ဝန်ကြီးက တာဝန်ပေးအပ်သော သစ်တော အရာရှိသည် တည်ဆဲဥပဒေများအရ ကော်လိတ္တာအရာရှိ လုပ်ပိုင်ခွင့်များကို ကျင့်သုံး ဆောင်ရွက်ခွင့် ရှိရမည်။

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးသည် လိုအပ်သော အမိန့် ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုး သည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေး ဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေး ဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၂။)

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်
( ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက် )

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေး ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(စ) **တိုင်းရင်းဆေး** ဆိုသည်မှာ လူနှင့်တိရစ္ဆာန်တို့အတွက် ရောဂါရှာဖွေရန်၊ ကုသရန်၊ ကျန်းမာရေးတိုးတက်စေရန် သို့မဟုတ် အကျိုးသက်ရောက်မှု တစ်ခုခုဖြစ်စေရန် တိုင်းရင်းဆေးပညာကို အခြေခံ၍ ခန္ဓာကိုယ်တွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ်တွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုရန် ပြည်တွင်းတွင် ဖော်စပ်သည့် ပစ္စည်းကို ဆိုသည်။ ယင်း စကားရပ်တွင် ကျန်းမာရေးဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့် ကြော်ငြာစာ ထုတ်ပြန်၍ တိုင်းရင်းဆေးဟု သတ်မှတ်သော ပစ္စည်းလည်း ပါဝင်သည်။

(ဆ) **တိုင်းရင်းဆေးပညာ** ဆိုသည်မှာ ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တ ဝေဒနယ၊ ဝိဇ္ဇာဓရနယတည်းဟူသော နယကြီး (၄) ပါးအနက် တစ်ပါးပါးနှင့် အကျုံးဝင်သော အသက်ရှည်ရာ အနာမဲ့ကြောင်း ဆေးပညာရပ်ကို ဆိုသည်။

(ဇ) **အမိကတိုင်းရင်းဆေး** ဆိုသည်မှာ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့် ပြည်သူအများစု၏ ကျန်းမာရေး စောင့်ရှောက်မှုတွင် မရှိမဖြစ် လိုအပ်သော တိုင်းရင်းဆေးကို ဆိုသည်။

(ဈ) **စံပြည်တိုင်းရင်းဆေး** ဆိုသည်မှာ တိုင်းရင်းဆေးမှတ်ပုံတင်စဉ်က ဖော်ပြထားသော ဆေးဖုံ၊ ဖော်စပ်နည်းနှင့်အညီ မဟုတ်ပဲ ဖော်စပ်ထားသော တိုင်းရင်းဆေးကို ဆိုသည်။

(ည) **ဖျက်စီးတိုင်းရင်းဆေး** ဆိုသည်မှာ တိုင်းရင်းဆေး သက်တမ်းကုန်ဆုံးရက်သို့ ရောက်ရှိသော သို့မဟုတ် ကျော်လွန်နေပြီဖြစ်သော တိုင်းရင်းဆေး သို့မဟုတ် တစ်နည်းနည်းဖြင့် ဓာတ်သဘာဝဖြစ်စေ၊ အာနိသင်ဖြစ်စေ ပြောင်းလဲသွားသော တိုင်းရင်းဆေးကို ဆိုသည်။

(ဋ) **တိုင်းရင်းဆေးကုန်ကြမ်း** ဆိုသည်မှာ တိုင်းရင်းဆေးများ ဖော်စပ်ထုတ်လုပ်ရာတွင် အဓိကထည့်သွင်းအသုံးပြုရသော တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်အဖွဲ့က သတ်မှတ်သည့် ပစ္စည်းကို ဆိုသည်။

(ဌ) **တိုင်းရင်းဆေးမှတ်ပုံတင်ခြင်း** ဆိုသည်မှာ ထုတ်လုပ်မည့် တိုင်းရင်းဆေးကို ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီတွင် မှတ်ပုံတင်ခြင်းကို ဆိုသည်။

(ဍ) **လိုင်စင်** ဆိုသည်မှာ တိုင်းရင်းဆေး ထုတ်လုပ်ခြင်းလုပ်ငန်းအတွက် ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ဎ) **တိုင်းရင်းဆေးထုတ်လုပ်ခြင်း** ဆိုသည်မှာ တိုင်းရင်းဆေး ထုတ်လုပ်ရာတွင် ဆောင်ရွက်ရသော လုပ်ငန်းဆောင်တာများကို ဆိုသည်။ ယင်းစကားရပ်တွင် အဆင့်ဆင့်လုပ်ဆောင်ရသည့် လုပ်ငန်းများအားလုံး သို့မဟုတ် အဆင့်တစ်ခုခုကို ဆောင်ရွက်ခြင်းလည်း ပါဝင်သည်။ သို့ရာတွင် တိုင်းရင်းဆေးခန်း၊ တိုင်းရင်းဆေးပေး ခန်းနှင့် ပရဆေးဆိုင်များတွင် ဝေဒနာရှင်များအတွက်ဖြစ်စေ၊ တိုင်းရင်းဆေးဆရာက မိမိဆေးကုသရာတွင် အသုံးပြုရန်ဖြစ်စေ၊ မည်သူမဆို ကိုယ်တိုင်သုံးစွဲရန်ဖြစ်စေ ဆေးနည်းဆေးညွှန်းအရ ဆောင်ရွက်သော တိုင်းရင်းဆေး၊ ဆေးပြီးတို ဖော်စပ်ခြင်း လုပ်ငန်းများ မပါဝင်။

(ဏ) **အရည်အသွေးအာမခံခြင်း** ဆိုသည်မှာ တိုင်းရင်းဆေး ထုတ်လုပ်သူက မိမိ၏ တိုင်းရင်းဆေးတွင် ဖော်ပြသော ရောဂါတစ်မျိုးအတွက် ဖြစ်စေ၊ တစ်မျိုးထက်ပိုသော ရောဂါများအတွက်ဖြစ်စေ၊ အကျိုးသက်ရောက်မှုရှိ၍ စစ်မှန်ပြီး ဘေးဥပဒ် ကင်းကြောင်း အာမခံခြင်းကို ဆိုသည်။

(ဏ) မူလဓာတ်ခွဲခန်း ဆိုသည်မှာ တိုင်းရင်းဆေး နမူနာများကို ဓာတ်ခွဲခန်း စစ်ဆေးရန် ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက အခါနိုင်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော ဓာတ်ခွဲခန်းကို ဆိုသည်။

## အခန်း ( ၂ )
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တိုင်းရင်းဆေးပညာနှင့် တိုင်းရင်းဆေးများ ဖွံ့ဖြိုးတိုးတက်လာစေရန်၊

(ခ) အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ်ကင်းကာ အကျိုးသက်ရောက်မှုရှိသော တိုင်းရင်းဆေးကို အများပြည်သူတို့ သုံးစွဲနိုင်ရန်၊

(ဂ) တိုင်းရင်းဆေးကို စနစ်တကျမှတ်ပုံတင်ထားရှိရန်၊

(ဃ) တိုင်းရင်းဆေး ထုတ်လုပ်ခြင်းလုပ်ငန်းကို စနစ်တကျ ကြီးကြပ်ကွပ်ကဲရန်။

## အခန်း (၃)
## တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီ ဖွဲ့စည်းခြင်းနှင့် ယင်း၏ လုပ်ငန်းတာဝန်များ

၄။ အစိုးရအဖွဲ့သည် ဤဥပဒေပါ တိုင်းရင်းဆေးဆိုင်ရာကိစ္စရပ်များကို ဆောင်ရွက်ရန် အလို့ငှာ သင့်လျော်သော တိုင်းရင်းဆေးဆိုင်ရာ ကျွမ်းကျင်သူများ၊ ပညာရှင်များ ပါဝင်သော တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီကို ဖွဲ့စည်းရမည်။

၅။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသည် အောက်ပါလုပ်ငန်း တာဝန်များကို ထမ်းဆောင်ရမည်-

(က) မှတ်ပုံတင်ထားသော တိုင်းရင်းဆေး အရည်အသွေး အာမခံခြင်းနှင့် စပ်လျဉ်း၍ စည်းကမ်းချက်များ သတ်မှတ်ခြင်း။

(ခ) အဓိက တိုင်းရင်းဆေးများကို ရွေးချယ်သတ်မှတ်ခြင်း။

(ဂ) တိုင်းရင်းဆေး ကုန်ကြမ်းအဖြစ် သတ်မှတ်သော ပစ္စည်းများကို ကြေငြာခြင်း။

(ဃ) အများပြည်သူတို့ သုံးစွဲရန်မသင့်သော တိုင်းရင်းဆေး သို့မဟုတ် တိုင်းရင်းဆေး ကုန်ကြမ်းကို စိစစ်၍ လူမှုရေးဝန်ကြီးဌာနသို့ တင်ပြခြင်း၊

(င) မျိုးသုဉ်းမည့် အန္တရာယ်ရှိသည့် တိုင်းရင်းဆေး ကုန်ကြမ်းများကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် ညှိနှိုင်း ဆောင်ရွက်ခြင်း။

(စ) တိုင်းရင်းဆေး ကုန်ကြမ်းစုဆောင်းခြင်း၊ ထုတ်လုပ်ခြင်း၊ သိုလှောင်ခြင်း၊ ထိန်းသိမ်းခြင်းများနှင့် စပ်လျဉ်း၍ နည်းပညာများ ဖြန့်ဖြူးစေခြင်း၊

(ဆ) တိုင်းရင်းဆေး အဆင့်အတန်း မြင့်မားရေးနှင့် ခေတ်မီရေးအတွက် သုတေသန လုပ်ငန်းများ ဆောင်ရွက်ရန် လမ်းညွှန်ခြင်း၊

(ဇ) တိုင်းရင်းဆေး သို့မဟုတ် တိုင်းရင်းဆေး ကုန်ကြမ်းထုတ်လုပ်သော သို့မဟုတ် ဖြည့်ပမှ တင်သွင်းသော အစိုးရဌာန၊ အဖွဲ့အစည်းများအား အကြံညာဏ်ပေးခြင်း၊

(ဈ) တိုင်းရင်းဆေးကို အများပြည်သူတို့ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲရေးအတွက် ပညာပေး လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ည) ကျန်းမာရေးမှုဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆောင်ရွက်နိုင်ရန် လိုအပ်သော ကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း၊

(ဋ) တိုင်းရင်းဆေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ခရိုင်၊ မြို့နယ်များတွင် တိုင်းရင်းဆေးကြီးကြပ်ရေးကော်မတီများ ဖွဲ့စည်းခြင်းနှင့် ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များ သတ်မှတ်ခြင်း။

၆။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

## အခန်း ( ၄ )
## တိုင်းရင်းဆေးမှတ်ပုံတင်ခြင်း

၇။ တိုင်းရင်းဆေးကို မှတ်ပုံတင်လိုသူသည် သတ်မှတ်ချက်များနှင့်အညီ ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီအဖွဲ့တွင် မှတ်ပုံတင်နိုင်ရန် မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှု ကော်မတီတို့တွင် လျှောက်ထားရမည်။

၈။ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသော တိုင်းရင်းဆေးကို လိုအပ်သလို စိစစ်ခြင်း ပြုလုပ်ပြီး ယင်းတိုင်းရင်းဆေးကို ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသို့ ဆက်လက်ပေးပို့ရမည်။

၉။ တိုင်းရင်းဆေးမှတ်ပုံတင်သက်တမ်း၊ မှတ်ပုံတင်ခ၊ မှတ်ပုံတင်သက်တမ်းတိုးမြှင့်ခတို့သည် ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်။

၁၀။ တိုင်းရင်းဆေးမှတ်ပုံတင်ခွင့်ရှိသူသည် -

(က) ကျသင့်သောမှတ်ပုံတင်ခကို ပေးဆောင်ရမည်၊

(ခ) မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် စစ်ကိုင်းတိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက ထုတ်ပြန်သော အမိန့်ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ) မှတ်ပုံတင်သက်တမ်း ကုန်ဆုံးသည့်အခါ သတ်မှတ်ထားသော မှတ်ပုံတင် သက်တမ်းတိုးမြှင့်ခ ပေးဆောင်၍ ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှု ကော်မတီသို့ သက်တမ်း တိုးမြှင့်နိုင်သည်။

၁၁။ တိုင်းရင်းဆေး မှတ်ပုံတင်ခွင့်ရှိသူက မှတ်ပုံတင်ခွင့်ဆိုင်ရာ စည်းကမ်းချက် တစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီနှင့် တိုင်းဒေသကြီး တိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်သော အမိန့်၊ ညွှန်ကြားချက် တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက် ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် မှတ်ပုံတင်ကို ကာလအကန့် အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၂။ ကာလအကန့်အသတ်ဖြင့် မှတ်ပုံတင်ရုတ်သိမ်းခြင်းခံရသူသည် ကန့်သတ်သည့် ကာလကုန်ဆုံးသောအခါ မှတ်ပုံတင်အသစ် ထုတ်ပေးရန် ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှု ကော်မတီအဖွဲ့သို့ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီမှတဆင့် လျှောက်ထား နိုင်သည်။

၁၃။ တိုင်းရင်းဆေး မှတ်ပုံတင်ပယ်ဖျက်ခြင်းခံရသူသည် မိမိလက်ဝယ်ရှိ မှတ်ပုံတင် ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှု ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

## အခန်း ( ၅ )
## လိုင်စင်လျှောက်ထားခြင်း

၁၄။ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးကို ထုတ်လုပ်လိုသူသည် သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီးတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီမှတဆင့် ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီသို့ လိုင်စင် လျှောက်ထားရမည်။

၁၅။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသည် လိုင်စင်လျှောက်ထား ခြင်းကို သတ်မှတ်ချက်များနှင့် ညီညွတ်ခြင်း ရှိ/မရှိ စိစစ်စေခြင်း ၊ လိုအပ်ပါက စစ်ဆေး စေခြင်းများ ပြုလုပ်ပြီး ဗဟိုတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသို့ လိုင်စင်လျှောက်ထားသည်ကို ထောက်ခံတင်ပြခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၆။ လိုင်စင်သက်တမ်း ၊ လိုင်စင်ခနှင့် လိုင်စင်သက်တမ်း တိုးမြှင့်ခတို့သည် ဗဟို တိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသည့်အတိုင်း ဖြစ်သည်။

၁၇။ လိုင်စင်ရရှိသူသည် -

(က) ကျသင့်သောလိုင်စင်ခကို ပေးဆောင်ရမည် ၊

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည့်အပြင် ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီက ထုတ်ပြန်သောအမိန့်၊ ညွှန်ကြားချက်များကိုလည်း လိုက်နာရမည်၊

(ဂ) လိုင်စင်သက်တမ်း ကုန်ဆုံးသည့်အခါ လိုင်စင်သက်တမ်းတိုးမြှင့်ခ ပေးဆောင်၍ သက်တမ်း တိုးမြှင့်နိုင်သည်။

၁၈။ လိုင်စင်ရရှိသူက လိုင်စင်ပါ စည်းကမ်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီနှင့် တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက ထုတ်ပြန်သည့် အမိန့် ညွှန်ကြားချက်တစ်ရပ်ရပ်ကိုဖြစ်စေ ဖောက်ဖျက်ကြောင်း စစ်ဆေးတွေ့ရှိပါက တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှု ကော်မတီက တာဝန်လွှဲအပ်ခြင်းခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်သည် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၁၉။ ကာလအကန့်အသတ်ဖြင့် လိုင်စင်ရုပ်သိမ်းခံရသူသည် ကန့်သတ်သည့် ကာလ ကုန်ဆုံးသောအခါ လိုင်စင်အသစ်ထုတ်ပေးရန် သတ်မှတ်ချက်များနှင့်အညီ သက်ဆိုင်ရာ မြို့နယ်၊ ခရိုင်၊ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီမှတဆင့် ဗဟိုတိုင်းရင်းဆေး ကြီးကြပ်မှုကော်မတီသို့ လျှောက်ထားနိုင်သည်။

၂၀။ လိုင်စင်ပယ်ဖျက်ခြင်းခံရသူသည် -

(က) ပယ်ဖျက်ခြင်းခံရသော တိုင်းရင်းဆေးအတွက် လိုင်စင်ထပ်မံ လျှောက်ထားခြင်း မရှိစေရ၊

(ခ) တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက အရည်အသွေး ပြည့်မီသည်ဟု သတ်မှတ်ထားသော မိမိလက်ဝယ်ရှိ တိုင်းရင်းဆေးဝါးကို လိုင်စင်ရရှိထားသော အခြားသူတစ်ဦးဦးအား ရက်ပေါင်း ၆၀ အတွင်း လွှဲပြောင်းခြင်း၊ ရောင်းချခြင်း ပြုနိုင်သည်၊

(ဂ) မိမိလက်ဝယ်ရှိ အရည်အသွေးပြည့်မီသော တိုင်းရင်းဆေးနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက ညွှန်ကြားသည့် အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂၁။ တိုင်းရင်းဆေးပညာဦးစီးဌာနသည် လိုင်စင်ပယ်ဖျက်ခြင်းခံရသူ ထုတ်လုပ် ဖြန့်ဖြူးထားသည့် အရည်အသွေး မပြည့်မီသော တိုင်းရင်းဆေးများကို သိမ်းဆည်းနိုင်ရန် ခရိုင်၊ မြို့နယ် တိုင်းရင်းဆေးကြီးကြပ်မှု ကော်မတီများသို့ ညွှန်ကြားနိုင်သည်။

## အခန်း (၆)
## အယူခံခြင်း

၂၂။ တိုင်းဒေသကြီးတိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက တာဝန်လွှဲပြောင်းပေးခြင်း ခံရသော အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်က တိုင်းရင်းဆေးနှင့် စပ်လျဉ်း၍ ချမှတ်သည့် အောက်ပါဆုံးဖြတ်ချက် တစ်ရပ်ရပ်ကို မကျေနပ်သူသည် ယင်းဆုံးဖြတ်ချက်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း တိုင်းဒေသကြီး ဆေးဝါးကြီးကြပ်ရေးကော်မတီသို့ အယူခံနိုင်သည်-

(ဃ) မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း၊

(င) လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ လိုင်စင်ကို ကာလ အကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း။

၂၃။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီအဖွဲ့က ချမှတ်သည့် ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

## အခန်း ( ၇ )
## တားမြစ်ချက်များ

၂၄။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးကို ထုတ်လုပ်ခြင်းမပြုရ -

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေး၊

(ဂ) စံမညီတိုင်းရင်းဆေး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာဖြင့် ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေး။

၂၅။ မည်သူမျှ အောက်ဖော်ပြပါ တိုင်းရင်းဆေးကို ရောင်းချခြင်းမပြုရ -

(က) မှတ်ပုံတင်ထားခြင်း မရှိသော တိုင်းရင်းဆေး၊

(ခ) မှတ်ပုံတင်ကို ကာလအကန့်အသတ်ဖြင့် ရုတ်သိမ်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုလုပ်ထားသော တိုင်းရင်းဆေး၊

(ဂ) ပျက်စီးတိုင်းရင်းဆေး၊

(ဃ) သုံးစွဲရန်မသင့်ဟု ကျန်းမာရေးဝန်ကြီးဌာနက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ သတ်မှတ်ထားသော တိုင်းရင်းဆေး။

၂၆။ မည်သူမျှလိုင်စင်မရှိဘဲ တိုင်းရင်းဆေးကို ထုတ်လုပ်ခြင်းမပြုရ။

၂၇။ လိုင်စင်ရှိသူသည် -

(က) လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

(ခ) ဤဥပဒေအရ ကျန်းမာရေးဝန်ကြီးဌာနကဖြစ်စေ၊ ဗဟိုတိုင်းရင်းဆေးဝါး ကြီးကြပ်မှု ကော်မတီကဖြစ်စေ၊ တိုင်းဒေသကြီး တိုင်းရင်းဆေး ကြီးကြပ်မှု ကော်မတီကဖြစ်စေ၊ တိုင်းရင်းဆေးပညာဦးစီးဌာနကဖြစ်စေ ထုတ်ပြန်သည့်အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မရှိစေရ၊

## အခန်း ( ၈ )
## ဖြစ်မှုနှင့် ပြစ်ဒဏ်များ

၂၈။ မည်သူမဆို ပုဒ်မ ၂၄ သို့မဟုတ် ပုဒ်မ ၂၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ်ကျပ် သုံးသောင်း အထိဖြစ်စေ ၊ ထောင်ဒဏ် သုံး နှစ်အထိဖြစ်စေ ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်။ ထို့ပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၂၉။ မည်သူမဆို ပုဒ်မ ၂၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင်-

(က) မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို ငွေဒဏ်ကျပ် သုံးသောင်း အထိဖြစ်စေ၊ ထောင်ဒဏ် သုံး နှစ်အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံရမည်၊

(ခ) မှတ်ပုံတင်ထားသော တိုင်းရင်းဆေးနှင့် သက်ဆိုင်သည့် ပြစ်မှုဖြစ်ပါက ထိုသူကို ငွေဒဏ်ကျပ် တစ်သောင်း အထိဖြစ်စေ၊ ထောင်ဒဏ် နှစ် နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံရမည်၊

(ဂ) ပြစ်မှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာ အဖြစ် သိမ်းဆည်းရမည်၊

၃၀။ လိုင်စင်ရရှိသူသည် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်ကျပ် ငါးထောင် အထိဖြစ်စေ ၊ ထောင်ဒဏ် တစ် နှစ်အထိဖြစ်စေ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ကျခံစေရမည်၊

## အခန်း ( ၉ )
## အထွေထွေ

၃၁။ လူမှုရေးဝန်ကြီးဌာနသည် အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား ဤဥပဒေပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်စေခြင်းမှ ကင်းလွတ်ခွင့်ရှိသည်။

၃၂။ ပြည်ပသို့တင်ပို့ရန် ခွင့်ပြုချက် ထုတ်ပေးခွင့်ရှိသော အစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းသည် ဤဥပဒေအရ မှတ်ပုံတင်ထားသော တိုင်းရင်းဆေးကို သာ တင်ပို့ခွင့်ပြုနိုင်သည်။

၃၃။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ကျန်းမာရေးဝန်ကြီးဌာန သို့မဟုတ် ဤကိစ္စအလို့ငှာ လုပ်ပိုင်ခွင့် လွှဲအပ်ခြင်းခံရသည့် အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်၏ ကြိုတင် ခွင့်ပြုမိန့် ရယူရမည်။

၃၄။ တည်ဆဲဥပဒေ တစ်ရပ်ရပ်အရ ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ပြည်ပသို့ တင်ပို့သည့် တိုင်းရင်းဆေးကို သက်ဆိုင်ရာအစိုးရဌာန သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုက ဖမ်းဆီးရမိလျှင် တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီက သတ်မှတ်ထားသော နည်းလမ်းများနှင့်အညီ လွှဲပြောင်းခြင်း၊ စီမံခန့်ခွဲခြင်း ပြုရမည်။

၃၅။ တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီ၏ ရုံးလုပ်ငန်းများကို တိုင်းဒေသကြီး တိုင်းရင်းဆေးပညာဦးစီးဌာနက ဆောင်ရွက်ရမည်။

၃၆။ ကျန်းမာရေးဝန်ကြီးဌာနသည် တိုင်းရင်းဆေး စစ်ဆေးရေးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် မိမိလက်အောက်ရှိ ဝန်ထမ်းများကို တိုင်းရင်းဆေး စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်ရမည်။ ထို့အပြင် အခြားဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ သင့်လျော်သည့် ဝန်ထမ်းများကိုလည်း တိုင်းရင်းဆေး စစ်ဆေးရေးမှူးများအဖြစ် တာဝန်ပေးအပ်နိုင်သည်။

၃၇။ ၁၉၇၂ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးဆိုင်ရာဥပဒေအရ ထုတ်ပြန်ခဲ့သော တိုင်းရင်းဆေးနှင့် စပ်လျဉ်းသည့်အမိန့်၊ ညွှန်ကြားချက်များသည် ဤဥပဒေနှင့် မဆန့်ကျင်သရွေ့ ဆက်လက်ကျင့်သုံးနိုင်သည်။

၃၈။ ဤဥပဒေပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန် -

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေ ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) တိုင်းဒေသကြီး တိုင်းရင်းဆေးကြီးကြပ်မှုကော်မတီသည် လိုအပ်သော အမိန့်၊ ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေ

# **စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေ**

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၃ ။)

၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၉ ရက်

( ၂၀၁၃ ခုနှစ်၊ ဩဂုတ် လ ၁၀ ရက် )

## **နိဒါန်း**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## **အခန်း (၁)**
## **အမည်နှင့် အဓိပ္ပာယ်ဖော်ပြချက်**

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး ဝန်ဆောင်မှုလုပ်ငန်းများ ဥပဒေ** ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရကို ဆိုသည်။

(ဂ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဃ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေး ဝန်ကြီးဌာနကို ဆိုသည်။

(င) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးကို ဆိုသည်။

(စ) **ကော်မတီ** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး ဥပဒေ၊ အခန်း (၃)၊ ပုဒ်မ ၄၊ ပုဒ်မ ၅ တို့အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်။

(ဆ) **တိုင်းဒေသကြီးနယ်နိမိတ်** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စည်ပင်သာယာရေး နယ်နိမိတ်ကို ဆိုသည်။

(ဇ) **တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်း ဒေသကြီး စည်ပင်သာယာရေးအဖွဲ့ကို ဆိုသည်။

(ဈ) **မြို့နယ်စည်ပင်သာယာအမှုဆောင်အရာရှိ** ဆိုသည်မှာ မြို့နယ် စည်ပင်သာယာ အုပ်ချုပ်ရေးမှူးရုံးအား တာဝန်ယူကြီးကြပ်ကွပ်ကဲရသော အရာရှိကိုဆိုသည်။

(ည) ဝန်ဆောင်မှု ဆိုသည်မှာ ကုန်စည်နှင့်စပ်လျဉ်း၍ ရောင်းဝယ်မှု၊ လက်ဝယ်ထားရှိမှု၊ သိုလှောင်မှု၊ သယ်ဆောင်မှု၊ ဖြန့်ဖြူးမှု၊ အသုံးပြုမှု၊ စားသုံးမှုတို့နှင့် သက်ဆိုင်သည့် ကိစ္စရပ်များကိုသော်လည်းကောင်း၊ အကျိုးအမြတ်တစ်စုံတစ်ရာရရှိရေးအတွက် သတ်မှတ်သည့် ဝန်ဆောင်ခကို ရယူ၍ ဆောင်ရွက်သည့် လုပ်ငန်းများကိုသော်လည်းကောင်း ဆိုသည်။

(ဋ) လုပ်ငန်း ဆိုသည်မှာ အစားအသောက်၊ သုံးစွဲရန်ပစ္စည်း သို့မဟုတ် သုံးစွဲရန် အထောက်အကူပစ္စည်းကို ထုတ်လုပ်ခြင်း၊ ရောင်းချခြင်း၊ တည်ခင်းခြင်း၊ ဖြန့်ဖြူးခြင်းကို ဆိုလိုသည်။ ယင်းစကားရပ်တွင် စက်ရုံ၊ သိုလှောင်ရုံ၊ အလုပ်ရုံများအပြင် ဝန်ဆောင်မှု၊ အကျိုးဆောင်လုပ်ငန်း ဆောင်ရွက်ခြင်းများလည်း ပါဝင်သည်။

(ဌ) လုပ်ငန်းလိုင်စင် ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း မြို့တော်သာယာလှပရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးကို ထိခိုက်စေနိုင်သည့် သို့မဟုတ် အများပြည်သူအား အသံဖြင့်လည်းကောင်း၊ အနံ့ဖြင့်လည်းကောင်း၊ အရောင်ဖြင့်လည်းကောင်း၊ အတွေ့အမြင်အရလည်းကောင်း ၊ စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့်လုပ်ငန်း၊ အများပြည်သူတို့၏ အသက်ကိုဖြစ်စေ၊ ကျန်းမာရေးကိုဖြစ်စေ၊ ပစ္စည်းကိုဖြစ်စေ၊ အန္တရာယ်ဖြစ်စေနိုင်သည့် သို့မဟုတ် အများပြည်သူတို့အား စိတ်ပြိုငြင်မှုဖြစ်စေနိုင်သည့် အရာဝတ္ထုများ၊ အစား အသောက်များကို သိုလှောင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တည်ခင်းရောင်းချခြင်း သို့မဟုတ် ဖြန့်ဖြူးခြင်းလုပ်ငန်းလုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကို ဆိုသည်။

(ဍ) ဟည်းခိုခန်း ဆိုသည်မှာ စီးပွားရေးအလို့ငှာ ပြည်တွင်းခရီးသွားများသာ တည်းခိုနေထိုင်ရန်အတွက် အခကြေးငွေဖြင့် လက်ခံစီစဉ်ပေးသည့် အဆောက်အအုံကို ဆိုသည်။

(ဎ) ဘော်ဒါဆောင် ဆိုသည်မှာ ကျောင်းသူ/ကျောင်းသားများ သို့မဟုတ် ဖွံ့သူဖွံ့သားများနှင့် အလုပ်သမားများနေသော ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(ဏ) အခန်းလိုက်ငှားသော အဆောက်အအုံဆိုသည်မှာ အဆောက်အအုံတစ်ခုလုံးကို ဖြစ်စေ၊ အစိတ်အပိုင်းကိုဖြစ်စေ၊ အခန်းများဖွဲ့၍ ငှားရမ်းခသတ်မှတ်ချက်ဖြင့် ငှားရမ်းသည့် အဆောက်အအုံကို ဆိုသည်။

(တ) ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုမိန့် ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဘုရားပွဲ၊ အားကစားပွဲ စသည့် ပွဲလမ်းသဘင်များတွင် အများပြည်သူများအား ဖျော်ဖြေနိုင်ရေးအတွက် ယာယီဇာတ်ရုံဆောက်လုပ်ရန် ကော်မတီက ထုတ်ပေးသည့် ခွင့်ပြုမိန့်ကို ဆိုသည်။

(ထ) ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင် ဆိုသည်မှာ ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများ လှည့်လည် ကြော်ငြာခြင်း၊ ရောင်းချခြင်း စသည့်လုပ်ငန်းများ လုပ်ကိုင်ရန် ကော်မတီက ထုတ်ပေးသည့် လိုင်စင်ကိုဆိုသည်။

(ဒ) လမ်းဘေးဈေးဆိုင် ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီက သတ်မှတ်ပေးသော နေရာများတွင် အချိန်အကန့်အသတ်ဖြင့် အခပေးဆောင်၍ ခွင့်ပြုထားသည့် ကုန်ပစ္စည်းများကို ယာယီရောင်းချသော ဈေးဆိုင်ကို ဆိုသည်။

(ဓ) အိမ်ဆိုင် ဆိုသည်မှာ လူနေအိမ်ခန်းတွင်ဖြစ်စေ၊ ဥပစာ၏ ခြံစည်းရိုးကို ဖောက်၍ဖြစ်စေ ကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက ကင်းလွတ်ခွင့်ပြုထားသော အိမ်ဆိုင်မပါဝင်။

(န) ပစ္စည်းစုံဆိုင် ဆိုသည်မှာ ကွမ်းယာနှင့် အခြားလူသုံးကုန်ပစ္စည်းတစ်ခုခု သို့မဟုတ် လူသုံးပစ္စည်းများကို တွဲဖက်ရောင်းချသည့် ဆိုင် သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(ပ) ကုန်ပဒေသာဆိုင်ဆိုသည်မှာ ဧရိယာအကျယ်အဝန်း စတုရန်းပေ ၁၁၀၀ အောက်ရှိသော အဆောက်အအုံတွင် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့် ဆိုင်ကို ဆိုသည်။

(ဖ) ကုန်တိုက် ဆိုသည်မှာ ဧရိယာအကျယ်အဝန်းစတုရန်းပေ ၁၀၀၀ နှင့်အထက် ရှိသော အဆောက်အအုံတွင် လူသုံးကုန်ပစ္စည်းများ ရောင်းချသည့်ဆိုင်ကို ဆိုသည်။

(ဗ) နံရံကပ်ဆိုင် ဆိုင်သည်မှာ အဆောက်အအုံတစ်ခုခု၏ နံရံနှင့်ကပ်လျက် ဧရိယာ အကျယ်အဝန်း အနည်းဆုံး ၁၂ စတုရန်းပေရှိသည့် ဆိုင်ကို ဆိုသည်။

(ဘ) လှေကားခွင်တွင် ရောင်းချမည့်ဆိုင် ဆိုသည်မှာ အဆောက်အအုံ တစ်ခုခုတွင် အများပြည်သူသုံးစွဲသည့် လှေကား၏အောက်၊ လှေကားအဝ အနီးတစ်ဝိုက်တွင် ဖွင့်လှစ်ရောင်းချသောဆိုင် သို့မဟုတ် လုပ်ငန်းကို ဆိုသည်။

(မ) လက်ပွေ့ရောင်းချသူ ဆိုသည်မှာ တိုင်းဒေသကြီး နယ်နိမိတ်အတွင်း အထမ်းဖြင့် လည်းကောင်း၊ လက်ပွေ့၍လည်းကောင်း၊ ခေါင်းရွက်၍ လည်းကောင်း ကုန်ပစ္စည်းတစ်မျိုးမျိုး သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ရောင်းချသူကို ဆိုသည်။

(ယ) ကိုယ်ပိုင်ဈေး ဆိုသည်မှာ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ပုဂ္ဂိုလ်

တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်က ဈေးအဖြစ် အသုံးပြုရန် ကော်မတီထံမှ လိုင်စင်ရယူ၍ ဖွင့်လှစ်သော ဈေးကိုဆိုသည်။ ယင်းစကားရပ်တွင် ကော်မတီက ဈေးအဆင့်သတ်မှတ်သည့် ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များလည်း ပါဝင်သည်။

## အခန်း (၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) တိုင်းဒေသကြီးအနေနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဝန်ဆောင်မှုလုပ်ငန်းများမှ သတ်မှတ်ကောက်ခံသည့် အခကြေးငွေများ၊ အခွန်အခများနှင့် အခြားရငွေများ အပြည့်အဝ ကောက်ခံရရှိစေရန်၊

(ခ) တိုင်းဒေသကြီး၏ အကျိုးစီးပွားကို အထောက်အကူပြုသည့် ဝန်ဆောင်မှုများကို အကာအကွယ်ပေးရန်၊

(ဂ) တိုင်းဒေသကြီး၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သော ဝန်ဆောင်မှုများကို ကန့်သတ် တားဆီးရန်။

## အခန်း (၃)
## လုပ်ငန်းတာဝန်များ

၄။ ကော်မတီသည် အောက်ပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ရမည် -

(က) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လုပ်ငန်းလိုင်စင်များ၊ တည်းခိုခန်းလိုင်စင်၊ ဘောက်ဝါဆောင်လိုင်စင်၊ ကိုယ်ပိုင်ဈေးလိုင်စင်နှင့် ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင်များ ခိုစစ်ခွင့်ပြုခြင်း၊ ပယ်ဖျက်ခြင်း၊ ယာယီတာတ်ရုံများ ဆောက်လုပ်ခွင့်ပြုခြင်း၊ ယင်းတို့နှင့် စပ်လျဉ်းသည့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(ခ) လမ်းဘေးဈေးဆိုင်၊ လမ်းဘေးဈေးသည်များနှင့် ပတ်သက်၍ ကြီးကြပ်ခြင်း၊ စည်းကမ်းချက်များသတ်မှတ်ခြင်း၊ နေရာနှင့် အချိန်ကာလသတ်မှတ်ခြင်း၊

(ဂ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လုပ်ငန်းလုပ်ကိုင်သည့်နေရာများ၊ ကိုယ်ပိုင်ဈေးများကို စစ်ဆေးခြင်း၊ ကြီးကြပ်ခြင်း၊ လိုင်စင် သို့မဟုတ် ခွင့်ပြုချက်မရှိဘဲ လုပ်ကိုင်ဆောင်ရွက်နေကြောင်း တွေ့ရှိပါက အရေးယူခြင်း၊

(ဃ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း တည်းခိုခန်း၊ ဟိုတယ်၊ မိုတယ်၊

ဧည့်ဂေဟာနှင့် တည်းခိုရိပ်သာများအား ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ စစ်ဆေးခြင်း၊ အရေးယူခြင်း၊

(င) ဝန်ဆောင်မှု လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ခြင်း၊ လုပ်ငန်းအမည် ပြောင်းခြင်း၊ လုပ်ငန်းတည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ လုပ်ငန်း ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊ လုပ်ငန်းအမျိုးအစားပြောင်းခြင်း၊ လုပ်ငန်း အချင်းချင်း ပူးပေါင်းခြင်း၊ လုပ်ငန်းခွဲခြားခြင်းများနှင့် ပတ်သက်၍ စိစစ်ခွင့်ပြုခြင်း၊ စည်းကမ်းချက်များ သတ်မှတ်ခြင်း၊

(စ) ယာယီစီးပွားရေး စုပုံလုပ်ငန်းများအား ယာယီခွင့်ပြုခြင်း၊ ကြီးကြပ်ခြင်းနှင့် စည်းကမ်းချက်များ သတ်မှတ်ခြင်း၊ ပြင်ဆင်ခြင်း၊

(ဆ) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အများပြည်သူကျန်းမာရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းရန်၊ အလွယ်တကူ အသုံးပြုနိုင်ရန် သင့်လျော်သော နေရာများတွင်မြေပေါ်အိမ်သာ၊ မြေအောက်အိမ်သာ တည်ဆောက်ပေးခြင်း၊ အများသုံးအိမ်သာလုပ်ငန်း လုပ်ကိုင်ခွင့်ပေးခြင်း၊

(ဇ) တိုင်းဒေသကြီး နယ်နိမိတ်အတွင်း သင်္ချိုလ်ငြင်းကိစ္စအလို့ငှာ အလောင်း သယ်ခြင်း၊ အလောင်းယာယီတည်းသည့် အဆောက်အအုံနှင့် အသုဘရှု အဆောင် စီမံခွင့်ပြုခြင်း၊ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းအမျိုးမျိုး ပြုလုပ်ခြင်း သို့မဟုတ် ရောင်းချခြင်းလုပ်ငန်းများ ခွင့်ပြုခြင်း၊

(ဈ) တိုင်းဒေသကြီး နယ်နိမိတ်အတွင်း ယာဉ်ရပ်နားစခန်း ဖွင့်လှစ်ခြင်း ယာဉ် ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းတို့ကို သတ်မှတ် စည်းကမ်းနှင့်အညီ ခွင့်ပြုခြင်း၊

(ည) တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းများ၊ မီးတံအားပေးတိုင်များ၊ တယ်လီဖုန်းတိုင်များ၊ တံတားများအပေါ် ကွင်းဖြစ်စေ၊ အစိုးရအဖွဲ့ အစည်း ဆိုင်ရာ မြေကွက်များ၊ ပုဂ္ဂလိကပိုင်မြေကွက်များ သို့မဟုတ် တိုက်နံရံများ ပေါ်တွင်ဖြစ်စေ၊ မြို့တွင်းပြေးဆွဲနေသော ယာဉ်များတွင်ဖြစ်စေ ကြော်ငြာ ဆိုင်းဘုတ်စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကြော်ညာခြင်း၊ ချိတ်ဆွဲခြင်း၊ ရေးသားခြင်းတို့အတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်ခွင့်ပြုခြင်း၊

(ဋ) တိုင်းဒေသကြီး နယ်နိမိတ်အတွင်း မော်တော်ယာဉ်လိုင်းများ၏ ဂိုဒေါင်၊ အဆောက်အဦး မြေနေရာများအား သတ်မှတ်စည်းကမ်းချက်များနှင့် အညီ ခွင့်ပြုခြင်း။

## အခန်း (၄)
## လုပ်ငန်းလိုင်စင်လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း

၅။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကို ဆောင်ရွက်လုပ်ကိုင်လိုသူသည် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၆။ ကော်မတီသည် -

(က) ပုဒ်မ ၅ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့၏ သဘောထား မှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၃၀ အတွင်း စာဖြင့်အကြောင်းကြားရမည်။

(င) လုပ်ငန်းလိုင်စင် ထုတ်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး သတ်မှတ်ထားသည့်လုပ်ငန်းလိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၇။ လုပ်ငန်းလုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၈။ ကော်မတီသည် -

(က) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ ၊ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာရေးအဖွဲ့နှင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့၏ သဘောထား မှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၃၀ အတွင်း စာဖြင့် အကြောင်းကြား ရမည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကို လည်းကောင်း၊ သတ်မှတ်သည့် ရက်အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေး တို့ကိုလည်းကောင်း ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင် သက်တမ်းတိုးမြှင့် ပေးရမည်။

၉။ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် လုပ်ငန်းလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင် မိတ္တူမှန်ရရှိရန် ခိုင်လုံသော အထောက် အထားများ ပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၁၀။ ကော်မတီသည် -

(က) ပုဒ်မ ၉ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ လုပ်ငန်း လိုင်စင်မိတ္တူ ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင် သည်။

(ခ) ပုဒ်မခွဲ (က)အရ လုပ်ငန်းလိုင်စင် မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး လုပ်ငန်းလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၁၁။ ဝန်ဆောင်မှုလုပ်ငန်း လုပ်ကိုင်သူသည် လုပ်ငန်းနှင့်စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အစုရှယ်ယာ ပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လုပ်ငန်းလိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထား ရမည်။

၁၂။ ကော်မတီသည် -

(က) ပုဒ်မ ၁၁ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေး နိုင်သည်။

(ဂ) လျှောက်ထားချက်အရ ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၃။ ကော်မတီသည် ထုတ်ပေးထားသည့် လိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လုပ်ငန်းလုပ်ကိုင်သူက ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိရလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရပ်သိမ်းခြင်း၊

(ခ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၁၄။ (က) ပုဒ်မ ၁၃ ၊ ပုဒ်မခွဲ (က) အရ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း ခံရသူသည် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ လိုင်စင် ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်၍ လိုင်စင်ကို ပြန်လည် ထုတ်ပေးနိုင်သည်။

## အခန်း (၅)
## ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုခြင်း

၁၅။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာယီဇာတ်ရုံ ဆောက်လုပ်လိုသူသည် ယာယီဇာတ်ရုံ ဆောက်လုပ်ခွင့် ရရှိရန် ကော်မတီသို့ လျှောက်ထားရမည်။

၁၆။ ကော်မတီသည် -

(က) ပုဒ်မ ၁၅ အရ လျှောက်ထားသည့် လျှောက်လွှာပါ အချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ ယာယီဇာတ်ရုံဆောက်လုပ်ခွင့်ပြုလျှင် သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး စည်းကမ်းချက်များသတ်မှတ်၍ ကာလ အကန့်အသတ်ဖြင့် ယာယီဇာတ်ရုံဆောက်လုပ်ရန် ခွင့်ပြုမိန့်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

## အခန်း (၆)
## ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင် လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း

၁၇။ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်ဖြင့်လှည့်လည်ရောင်းချခွင့်လိုင်စင် ရရှိလိုသူသည် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၁၈။ ကော်မတီသည် -

(က) ပုဒ်မ ၁၇ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်။

(ခ) လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

## အခန်း (၇)
## လမ်းဘေးဈေးဆိုင်နှင့် အိမ်ဆိုင်များကို ကြီးကြပ်ခြင်း

၁၉။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း နေ့လမ်းဘေးဈေးဆိုင်နှင့် ညလမ်းဘေး ဈေးဆိုင်များကို ဖွင့်လှစ်ရမည့်နေရာ၊ ရောင်းချရမည့်ကုန်ပစ္စည်း၊ ဖွင့်လှစ်ရမည့် အချိန်နှင့် ပိတ်သိမ်းရမည့်အချိန်၊ ပေးဆောင်ရမည့်အခွန်အခတို့ကို သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၀။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို သတ်မှတ်သည့် အခွန်အခ ပေးသွင်းစေပြီး စည်းကမ်းချက်များ သတ်မှတ်၍ ခွင့်ပြုနိုင်သည်။

၂၁။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း လမ်းဘေးဈေးဆိုင် သို့မဟုတ် အိမ်ဆိုင်ကို ဖွင့်လှစ်ခွင့်ပြုရာတွင် အနီးကပ်ဆုံးအိမ်နှင့် မျက်နှာမူလျက်ရှိသော အိမ်တွင် နေထိုင်အသုံးပြုသူက ကန့်ကွက်လျှင် ကန့်ကွက်ချက်များကို ထည့်သွင်းစဉ်းစားပြီးမှသာ ဖွင့်လှစ်ခွင့်ပြု သင့် မသင့် အဆုံးအဖြတ် ပြုရမည်။

၂၂။ လမ်းဘေးဈေးဆိုင် ရောင်းချသူသည် ကော်မတီက သတ်မှတ်သည့်နေရာတွင် သတ်မှတ်သည့် အချိန်အတွင်း သတ်မှတ်ထားသည့် ကုန်ပစ္စည်းကိုသာ ရောင်းချရမည်။

၂၃။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာ ဆိုင်နှင့် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်းကို ကြီးကြပ်နိုင်ရန် ကော်မတီ၏ စည်ပင်သာယာ ဝန်ထမ်းတစ်ဦးဦးကိုသော်လည်းကောင်း ၊ အဖွဲ့ဖွဲ့၍သော်လည်းကောင်း တာဝန်ပေးအပ် နိုင်သည်။

၂၄။ ကော်မတီသည် တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အောက်ပါလုပ်ငန်း တစ်ရပ်ရပ်ကို အခွန်အခကောက်ခံပြီး စည်းကမ်းချက်များသတ်မှတ်၍ ခွင့်ပြုချက်ထုတ်ပေးနိုင်သည်-

(က) ကော်မတီက သတ်မှတ်ထားသော အတိုင်းအတာပြည့်မီသည့် နံရံကပ်ဆိုင် ဖွင့်လှစ်ရောင်းချခြင်း၊

(ခ) လှေကားခွင်ကွင် ရောင်းချခြင်း၊

(ဂ) လက်ပွေ့ရောင်းချခြင်း။

၂၅။ ကော်မတီသည် ပုဒ်မ ၂၄ အရ ကော်မတီ၏ ခွင့်ပြုချက်ဖြင့် ရောင်းချသူက သတ်မှတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်လျှင် အောက်ပါစီမံ ခန့်ခွဲရေးပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ခ) ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း၊

၂၆။ ကော်မတီသည် ပုဒ်မ ၂၅၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေ တပ်ရိုက်နိုင်ရန် အလို့ငှာ ရောင်းချသည့် လုပ်ငန်းအမျိုးအစားအလိုက် စည်းကမ်းချက်များ သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၂၇။ (က) ပုဒ်မ ၂၅၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုချက်ကို ပြန်လည်ရုပ်သိမ်းခြင်း ခံရသူသည် ခွင့်ပြုချက်ကို ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

(ခ) ကော်မတီသည် ပုဒ်မခွဲ (က) အရ လျှောက်ထားသူက သတ်မှတ်ထားသည့် စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟု ဝန်ခံကတိပြုလျှင် ခွင့်ပြုချက်ကို ပြန်လည် ထုတ်ပေးနိုင်သည်။

၂၈။ ကော်မတီသည် လမ်းဘေးဈေးဆိုင်၊ အိမ်ဆိုင်၊ ပစ္စည်းစုံဆိုင်၊ ကုန်ပဒေသာဆိုင်နှင့် ကုန်တိုက်များတွင် ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးများ ကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၈)
## ကိုယ်ပိုင်ဈေးလိုင်စင်လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း

၂၉။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီး နယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေး ဖွင့်လှစ်ဆောင်ရွက်လုပ်ကိုင်လိုလျှင် ကိုယ်ပိုင်ဈေးဖွင့်လှစ်ခွင့် လိုင်စင်ရရှိရန် သတ်မှတ်ချက်များနှင့် အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၀။ ကော်မတီသည် -

(က) ပုဒ်မ ၂၉ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးအရာရှိတို့ထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လျှောက်ထားချက်အပေါ် လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၃၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) လိုင်စင်ထုတ်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့် လိုင်စင်ခကို ပေးသွင်းစေပြီး လိုင်စင်ကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၁။ ကော်မတီသည် ကိုယ်ပိုင်ဈေး၏ အကျယ်အဝန်း၊ အဆောက်အအုံအမျိုးအစား ရောင်းဝယ်ဖောက်ကားမှု အခြေအနေတို့ကို ထောက်ရှု၍ ကိုယ်ပိုင်ဈေးများကို အဆင့်ခွဲခြား သတ်မှတ်နိုင်သည်။

၃၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် -

(က) ကိုယ်ပိုင်ဈေးအဆောက်အအုံ ခိုင်ခံ့ရေးနှင့် ဘေးအန္တရာယ် ကင်းရှင်းရေးကို တာဝန်ယူရမည်။

(ခ) ကိုယ်ပိုင်ဈေးသန့်ရှင်းရေး လုံခြုံရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး၊ အမှိုက်စွန့်ပစ်ရေး၊ အညစ်အကြေးစီမံခန့်ခွဲရေးတို့အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူဆောင်ရွက်ရမည်။

(ဂ) ကိုယ်ပိုင်ဈေးဝန်းကျင်တွင် လိုအပ်ပါက ယာဉ်ရပ်နားနေရာများ စီမံထားရှိရမည်။

၃၃။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် လိုင်စင်သက်တမ်းကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်းတိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၄။ ကော်မတီသည် -

(က) ကိုယ်ပိုင်ဈေးလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာ တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဆောင်အရာရှိတို့ထံ သဘောထားမှတ်ချက်တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ) အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုလျှင် သတ်မှတ်သည့်ရက်အတွင်းလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကို လည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးတို့ကိုလည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၃၅။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးလိုင်စင်ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လုပ်ငန်းလိုင်စင် မိတ္တူရရှိရန် ခိုင်လုံသော အထောက်အထားများပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၃၆။ ကော်မတီသည် -

(က) ပုဒ်မ ၃၅ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ ကိုယ်ပိုင်ဈေးလိုင်စင် မိတ္တူထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်၊

(ခ) ပုဒ်မခွဲ (က)အရ လိုင်စင်မိတ္တူ ထုတ်ပေးရန်ခွင့်ပြုပါက သတ်မှတ်သည့် အခကြေးငွေကို ပေးသွင်းစေပြီး ကိုယ်ပိုင်ဈေးလိုင်စင်မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၃၇။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ကိုယ်ပိုင်ဈေးနှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း၊ တည်ရှိရာ နေရပ်လိပ်စာပြောင်းခြင်း၊ ပိုင်ဆိုင်မှုလွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်း ပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၃၈။ ကော်မတီသည် -

(က) ပုဒ်မ ၃၇ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်၊

(ခ) လိုအပ်ပါက လျှောက်လွှာပါအချက်များနှင့်စပ်လျဉ်း၍ စုံစမ်းစစ်ဆေး နိုင်သည်၊

(ဂ) လျှောက်ထားချက်ကိုခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၃၉။ ကော်မတီသည် သတ်မှတ်ထားသော ဈေးများဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ကိုယ်ပိုင်ဈေးပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေပေးဆောင်စေခြင်း၊

(ခ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) ကိုယ်ပိုင်ဈေးလိုင်စင်ကို ပယ်ဖျက်ခြင်း။

၄၀။ ကော်မတီသည် ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေတပ်ရိုက်နိုင်ရန် အလို့ငှာ ကိုယ်ပိုင်ဈေးအဆင့်အလိုက် ဝေပ်ရိုက်မည့် ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၄၁။ ကော်မတီသည် ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (က) အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ်တပ်ရိုက်ခြင်းခံရသော ကိုယ်ပိုင်ဈေးပိုင်ရှင်၏ ကိုယ်ပိုင်ဈေးလိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းနိုင်သည်။

၄၂။ ကိုယ်ပိုင်ဈေးပိုင်ရှင်သည် ပုဒ်မ ၃၉ ၊ ပုဒ်မခွဲ (ခ) အရ ကိုယ်ပိုင်ဈေးလိုင်စင် ကာလ အကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ ကိုယ်ပိုင်ဈေးလိုင်စင် ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၄၃။ ကော်မတီသည် ပုဒ်မ ၄၂ အရ လျှောက်ထားလာလျှင် ကိုယ်ပိုင်ဈေးပိုင်ရှင်က ဈေးများဆိုင်ရာ စည်းကမ်းချက်များကိုထပ်မံ၍ ဖောက်ဖျက်ခြင်းမပြုပါဟူ၍ ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့် ကာလအတွက် ကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို အကျေပေးသွင်းပြီးပါက ကိုယ်ပိုင်ဈေးလိုင်စင်ကို ပြန်လည်ထုတ်ပေးနိုင်သည်။

၄၄။ ကော်မတီသည် ပုဒ်မ ၄၃ အရ ကိုယ်ပိုင်ဈေးပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထားသည့် ဈေးများဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက် ကျူးလွန်လျှင် ကိုယ်ပိုင်ဈေးလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၄၅။ ကော်မတီသည် ကိုယ်ပိုင်ဈေးအသီးသီးရှိ ဆိုင်ခန်းများတွင် ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၉)
## တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသောအဆောက်အအုံ လိုင်စင်လျှောက်ထားခြင်း ၊ ထုတ်ပေးခြင်း

၄၆။ ပုဂ္ဂိုလ်တစ်ဦးဦး သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်သည် တိုင်းဒေသကြီး နယ်နိမိတ်အတွင်း တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ဖွင့်လှစ်ဆောင်ရွက် လုပ်ကိုင်လိုလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ဖွင့်လှစ်ခွင့်ရရှိရန် သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၇။ ကော်မတီသည် -

(က) ပုဒ်မ ၄၆ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ မရှိ စိစစ်ရမည်။

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ သန့်ရှင်းရေး ပြုပြင်ရေးနှင့် မီးဘေးအန္တရာယ် ကာကွယ်ရေး အဆောက်အအုံခိုင်ခံ့ရေး အတွက် ကော်မတီက သတ်မှတ်သည့်အတိုင်း တာဝန်ယူ ဆောင်ရွက်ရမည်။

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ၏ ပန်းကျင်ပတ်လိုအပ်ပါက ယာဉ်ရပ်နားရန် နေရာများ စီမံထားရှိရမည်။

၄၈။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ပိုင်ရှင်သည် လိုင်စင်သက်တမ်း ကုန်ဆုံးပြီးနောက် လုပ်ငန်းကို ဆက်လက် လုပ်ကိုင်လိုပါက လိုင်စင်သက်တမ်း တိုးမြှင့်ရန် သက်တမ်းမကုန်မီ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၄၉။ ကော်မတီသည် -

(က) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် သက်တမ်းတိုးမြှင့်ပေးရန် လျှောက်လွှာပါအချက်များ မှန်ကန်ခြင်း ရှိ/မရှိ စိစစ်ရမည်။

(ခ) လိုအပ်ပါက သက်ဆိုင်ရာတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့နှင့် မြို့နယ်စည်ပင်သာယာရေး အုပ်ချုပ်ရေးအရာရှိထံ သဘောထားမှတ်ချက် တောင်းခံနိုင်သည်။

(ဂ) လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ လိုင်စင်သက်တမ်းတိုးမြှင့်ပေးရန် ငြင်းပယ်ခြင်းကို လျှောက်ထားသူထံ ရက်ပေါင်း ၉၀ အတွင်း စာဖြင့် အကြောင်းကြားရမည်။

(င) ပုဒ်မခွဲ (ဂ)အရ လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုရန် သတ်မှတ်သည့် ရက်အတွင်း လျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခကို လည်းကောင်း၊ သတ်မှတ်သည့်ရက်အတွင်း မလျှောက်ထားပါက သတ်မှတ်သည့် သက်တမ်းတိုးမြှင့်ခနှင့် ဒဏ်ကြေးကိုကို လည်းကောင်း ပေးသွင်းစေပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရမည်။

၅၀။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပျောက်ဆုံးခြင်း သို့မဟုတ် ပျက်စီးခြင်းအတွက် လိုင်စင်မိတ္တူရရှိရန် ခိုင်လုံသော အထောက်အထားများ ပူးတွဲ၍ ကော်မတီသို့ လျှောက်ထားရမည်။

၅၁။ ကော်မတီသည် -

(က) ပုဒ်မ ၅၀ အရ လျှောက်ထားသည့် လျှောက်လွှာကို စိစစ်၍ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင် မိတ္တူ ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

(ခ) ပုဒ်မခွဲ (က) အရ လိုင်စင်မိတ္တူထုတ်ပေးရန် ခွင့်ပြုပါက သတ်မှတ်သည့် အခကြေး ငွေကို ပေးသွင်းစေပြီး တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် မိတ္တူကို လျှောက်ထားသူအား ထုတ်ပေးရမည်။

၅၂။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံနှင့် စပ်လျဉ်း၍ အမည်ပြောင်းခြင်း တည်ရှိရာနေရပ်လိပ်စာ ပြောင်းခြင်း ပိုင်ဆိုင်မှု လွှဲပြောင်းခြင်း၊ အမျိုးအစားပြောင်းခြင်း သို့မဟုတ် အချင်းချင်းပူးပေါင်းခြင်း၊ ခွဲခြားခြင်း ဆောင်ရွက်လိုပါက လိုင်စင်သက်တမ်း မကုန်ဆုံးမီ အနည်းဆုံးရက်ပေါင်း ၃၀ ကြိုတင်၍ သတ်မှတ်ချက်များနှင့်အညီ ကော်မတီသို့ လျှောက်ထားရမည်။

၅၃။ ကော်မတီသည် -

(က) ပုဒ်မ ၅၂ အရ လျှောက်ထားသည့် လျှောက်လွှာပါအချက်များ မှန်ကန်မှု ရှိ မရှိ စိစစ်ရမည်၊

(ခ) လိုအပ်ပါက လျှောက်လွှာပါ အချက်များနှင့် စပ်လျဉ်း၍ စုံစမ်းစစ်ဆေးနိုင်သည်၊

(ဂ) လျှောက်ထားချက်ကို ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းပြုနိုင်သည်။

၅၄။ ကော်မတီသည် သတ်မှတ်ထားသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ ပိုင်ရှင်က ဖောက်ဖျက်ကျူးလွန်ကြောင်း စိစစ်တွေ့ရှိလျှင် အောက်ပါစီမံခန့်ခွဲရေး ပြစ်ဒဏ် တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ခ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်း၊

(ဂ) တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၅။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (က) အရ ဒဏ်ကြေးငွေ တပ်ရိုက်နိုင်ရန် အလို့ငှာ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံ အဆင့်အလိုက် တပ်ရိုက်မည့် ဒဏ်ကြေးငွေကို ကြိုတင်သတ်မှတ်ခြင်း၊ အခါအားလျော်စွာ ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၅၆။ ကော်မတီသည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (က)အရ တစ်နှစ်အတွင်း ဒဏ်ကြေးငွေ အနည်းဆုံး သုံးကြိမ် တပ်ရိုက်ခြင်းခံရသော တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်၏ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းနိုင်သည်။

၅၇။ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်သည် ပုဒ်မ ၅၄၊ ပုဒ်မခွဲ (ခ)အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ကာလအကန့်အသတ်ဖြင့် ရုပ်သိမ်းခြင်းခံရသည့် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင် ပြန်လည်ရရှိရန် ကော်မတီသို့ လျှောက်ထားနိုင်သည်။

၅၈။ ကော်မတီသည် ပုဒ်မ ၅၇ အရ လျှောက်ထားလာလျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံပိုင်ရှင်က တည်းခိုခန်း သို့မဟုတ်

ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံဆိုင်ရာ စည်းကမ်းချက်များကို ထပ်မံ၍ ဖောက်ဖျက်ခြင်း မပြုပါဟူ၍ ဝန်ခံကတိပြုပြီး ရုပ်သိမ်းခြင်းခံရသည့် ကာလအတွက် ကော်မတီက သတ်မှတ်သည့် အခကြေးငွေများကို အကျေပေးသွင်းပြီးပါက တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပြန်လည် ထုတ်ပေးနိုင်သည်။

၅၉။ ကော်မတီသည် ပုဒ်မ ၅၈ အရ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက် ငှားသော အဆောက်အအုံပိုင်ရှင်က လိုင်စင်ပြန်လည်ရရှိပြီးနောက် သတ်မှတ်ထားသည့် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံဆိုင်ရာ စည်းကမ်းချက်တစ်ရပ်ရပ်ကို ထပ်မံဖောက်ဖျက်ကျူးလွန်လျှင် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလိုင်စင်ကို ပယ်ဖျက်နိုင်သည်။

၆၀။ ကော်မတီသည် တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံအသီးသီးရှိ အခန်း၊ ဥပစာများတွင် အစားအသောက်နှင့် အခြားပစ္စည်းတစ်ရပ်ရပ်ကို ခင်းကျင်းရောင်းချခြင်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် ညီညွတ်မှု ရှိ မရှိ စစ်ဆေးရန် သက်ဆိုင်ရာအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီနှင့် ညှိနှိုင်းဆောင်ရွက်ရမည်။

## အခန်း (၁၀)
## တားမြစ်ချက်များ

၆၁။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ရပ်ကိုဖြစ်စေ၊ တည်းခိုခန်း သို့မဟုတ် ဘော်ဒါဆောင် သို့မဟုတ် အခန်းလိုက်ငှားသော အဆောက်အအုံလုပ်ငန်းကိုဖြစ်စေ လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၆၂။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာယီတာတ်ရုံဆောက်လုပ်ခြင်း မပြုရ။

၆၃။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း အိမ်ဆိုင်၊ ပစ္စည်း စုံဆိုင်၊ ကုန်ပဒေသာဆိုင် သို့မဟုတ် ကုန်တိုက်များ ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

၆၄။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော လုပ်ငန်းလိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကိုယ်ပိုင်ဈေး ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

၆၅။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း -

(က) ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ လမ်းဘေးဈေးဆိုင် ဖွင့်လှစ်ရောင်းချခြင်း မပြုရ။

(ခ) ကော်မတီက ကန့်သတ်ထားသည့် နေရာနှင့် အချိန်တို့တွင် လမ်းဘေးဈေးဆိုင် ဖွင့်လှစ် ရောင်းချခြင်း မပြုရ။

၆၆။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း -

(က) နံရံကပ်ဆိုင် ဖွင့်လှစ်ဆောင်ရွက်ခြင်း မပြုရ၊

(ခ) လှေကားခွင်တွင်း ရောင်းချခြင်း မပြုရ၊

(ဂ) လက်ပွေ့ရောင်းချခြင်း မပြုရ၊

၆၇။ မည်သူမျှ ကော်မတီက ထုတ်ပေးထားသော ယာဉ်ဖြင့် လှည့်လည်ရောင်းချခွင့်လိုင်စင်မရှိဘဲ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ယာဉ်တစ်မျိုးမျိုးကို အသုံးပြု၍ ထီလက်မှတ် သို့မဟုတ် ကုန်ပစ္စည်းများကို လှည့်လည်ကြော်ငြာခြင်း သို့မဟုတ် ရောင်းချခြင်း မပြုရ။

၆၈။ မည်သူမျှတိုင်းဒေသကြီး နယ်နိမိတ်အတွင်း ခွင့်ပြုချက်မရှိဘဲ အညစ်ကြေးစွန့်ထုတ်မှု လုပ်ငန်းစနစ်များနှင့် အညစ်ကြေးသန့်စင်မှု လုပ်ငန်းစနစ်များကို လုပ်ကိုင်ဆောင်ရွက်ခြင်း မပြုရ။

၆၉။ မည်သူမျှ-

(က) သုသာန်မှအပ အခြားနေရာတစ်ခုခုတွင် အလောင်းကို သင်္ဂြိုလ်ခြင်း မပြုရ၊

(ခ) မှတ်ပုံတင်လက်မှတ်မရှိဘဲ အသုဘယာဉ်လုပ်ငန်း သို့မဟုတ် ခေါင်းတစ်မျိုးမျိုး ပြုလုပ်ခြင်းနှင့် ရောင်းချခြင်းလုပ်ငန်းကို လုပ်ကိုင်ခြင်းမပြုရ၊

(ဂ) မိမိပိုင်အဆောက်အဦးကို အဒေးတိုက်၊ အသုဘရှုအဆောင် သို့မဟုတ် မီးသင်္ဂြိုလ်စက်အဖြစ် တည်ဆောက်ခြင်း၊ အသုံးပြုခြင်း သို့မဟုတ် လုပ်ကိုင်ခြင်းမပြုရ၊

၇၀။ မည်သူမျှ တိုင်းဒေသကြီးနယ်နိမိတ်အတွင်း ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ယာဉ်ရပ်နားစခန်း၊ ယာဉ်ရောင်းဝယ်ရေးစခန်း သို့မဟုတ် ယာဉ်မောင်းသင်ကွင်းအဖြစ် မပြုလုပ်ရ။

၇၁။ မည်သူမျှ ကော်မတီ၏ ခွင့်ပြုချက်မရှိဘဲ ကြော်ငြာဆိုင်းဘုတ် စိုက်ထူခြင်း၊ တပ်ဆင်ခြင်း၊ ကပ်ခြင်း၊ ချိတ်ဆွဲခြင်း သို့မဟုတ် ရေးဆွဲခြင်း မပြုရ။

## အခန်း (၁၁)
## ပြစ်ဒဏ်များ

၇၂။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂၊ ပုဒ်မ ၆၃၊ ပုဒ်မ ၆၄၊ ပုဒ်မ ၆၅၊ ပုဒ်မ ၆၆၊ ပုဒ်မ ၆၇၊ ပုဒ်မ ၆၈၊ ပုဒ်မ- ၆၉၊ ပုဒ်မ ၇၀၊ ပုဒ်မ- ၇၁ တို့အရ တားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ငွေဒဏ် အနည်းဆုံး ကျပ်နှစ်သောင်းမှ အများဆုံး ကျပ်တစ်သိန်း အထိ ချမှတ်ခြင်း ခံရမည်။

# အခန်း (၁၂)
## အထွေထွေ

၇၃။ ကော်မတီသည် လိုင်စင်၊ အခွန်အခ၊ သက်တမ်းတိုးမြှင့်ခ၊ ဒဏ်ကြေးနှင့် ဝန်ဆောင်မှု အခကြေးငွေတို့ကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၇၄။ ကော်မတီသည် ဤဥပဒေအရ ကင်းလွတ်ခွင့်ရှိသော အိမ်ဆိုင်အမျိုးအစားကို သတ်မှတ်ခြင်း သို့မဟုတ် ပြင်ဆင်သတ်မှတ်ခြင်း ပြုနိုင်သည်။

၇၅။ ကော်မတီအဖွဲ့ဝင်၊ ကော်မတီအရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းအသီးသီးကို လည်းကောင်း၊ ကော်မတီက အခြေပြုငှားရမ်းထားသူအသီးသီး၊ ကော်မတီက စည်းကြပ်ထားသည့် အခွန်၊ အခ၊ အကောက်တို့ အရ ကောက်ခံသည့် ကိုယ်စားလှယ်အသီးသီးကို လည်းကောင်း ပြည်သူ့ဝန်ထမ်းဟု မှတ်ယူရမည်။

၇၆။ ကော်မတီသည် ဤဥပဒေအရ ဆောင်ရွက်ရန်ရှိသော လုပ်ငန်းတာဝန်များကို မိမိ လက်အောက်ရှိ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

၇၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့သည် လိုအပ်သော အမိန့် ကြော်ငြာစာများ၊ အမိန့်ညွှန်ကြားချက်များကို အစိုးရအဖွဲ့ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး
ဝန်ကြီးချုပ်
စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့

# စစ်ကိုင်းတိုင်းဒေသကြီး အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ

# စစ်ကိုင်းတိုင်းဒေသကြီး အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးဥပဒေ

(၂၀၁၃ ခုနှစ်၊ စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၄ ။)

၁၃၇၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၅ ရက်
(၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ၉ ရက်)

## နိဒါန်း

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အဓိပ္ပာယ်ဖော်ပြချက်

၁။ ဤဥပဒေကို **စစ်ကိုင်းတိုင်းဒေသကြီး အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး ဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **တိုင်းဒေသကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးကို ဆိုသည်။

(ခ) **အစိုးရအဖွဲ့** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ကို ဆိုသည်။

(ဂ) **ဝန်ကြီးဌာန** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေး ဝန်ကြီးဌာနကို ဆိုသည်။

(ဃ) **ဝန်ကြီး** ဆိုသည်မှာ စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးနှင့်မွေးမြူရေး ဝန်ကြီးဌာန ဝန်ကြီးကို ဆိုသည်။

(င) **ကော်မတီ** ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသော ကော်မတီကို ဆိုသည်။

(စ) **အပင်** ဆိုသည်မှာ စိုက်ပျိုးနိုင်သော အပင်နှင့် အပင်၏ အစိတ်အပိုင်းကို ဆိုသည်။

(ဆ) **ပိုးမွှား** ဆိုသည်မှာ သီးနှံ၊ ရိက္ခာ သို့မဟုတ် ပစ္စည်းများကို ဖျက်ဆီးသော လူ၊ သို့မဟုတ် တိရစ္ဆာန်ကို နှောင့်ယှက်သော ပိုးကောင်၊ မွှားကောင်၊ ကြွက်၊ ငှက်၊ ခရု၊ ပေါင်းပင်ကို ဆိုသည်။ ယင်းစကားရပ်တွင် အပင်ရောဂါ ဖြစ်စေသော အခြားပိုးမွှားများနှင့် စိုက်ပျိုးရေးဦးစီးဌာနက သတ်မှတ်သည့် သက်ရှိလည်း ပါဝင်သည်။

(ဇ) **ပိုးသတ်ဆေး** ဆိုသည်မှာ ပုဒ်မခွဲ (ဆ)ပါ ပိုးကောင်များ၊ မွှားကောင်များနှင့် အပင် ရောဂါပိုး စသည်တို့ကို ကာကွယ်နှိမ်နင်းရာတွင် အသုံးပြုသော ဆေးကို ဆိုသည်။

(ဈ) **အဆိပ်ရှိပစ္စည်း** ဆိုသည်မှာ ပိုးသတ်ဆေးတွင် ပါဝင်သော အန္တရာယ် ဖြစ်စေသည့် သို့မဟုတ် အဆိပ်သင့်စေသည့် ဓာတုပစ္စည်း တစ်မျိုးမျိုးကို ဆိုသည်။

(ည) **တံဆိပ်** ဆိုသည်မှာ ပိုးသတ်ဆေး ထည့်သွင်းထားသည့် ပစ္စည်းတွင် ဖြစ်စေ၊ ထုတ်ပိုးထားသည့် ပစ္စည်းတွင်ဖြစ်စေ ကပ်ထားသော သို့မဟုတ် ချိတ်ဆွဲထားသော ပုံနှိပ်ထားသည့် အညွှန်းစာနှင့် အမှတ်အသားများကို ဆိုသည်။

(ဋ) **မှတ်ပုံတင်လက်မှတ်** ဆိုသည်မှာ ဥပဒေနှင့်အညီ မှတ်ပုံတင်အဖွဲ့က ထုတ်ပေးသော လက်မှတ်ကို ဆိုသည်။

(ဌ) **လိုင်စင်** ဆိုသည်မှာ ဤဥပဒေအရ ပိုးသတ်ဆေးနှင့် စပ်လျဉ်း၍ လုပ်ကိုင်ဆောင်ရွက်ခွင့်ရှိသည့် လုပ်ငန်းတစ်ရပ်ရပ်ကို ညွှန်ကြားရေးမှူးချုပ် သို့မဟုတ် သက်ဆိုင်ရာဦးစီးမှူးက လုပ်ငန်းလုပ်ကိုင်လိုသူအား ထုတ်ပေးသော ခွင့်ပြုမိန့်ကို ဆိုသည်။

(ဍ) **လက်မှတ်ရပိုးသတ်ဆေးပက်ဖျန်းသူ** ဆိုသည်မှာ အဆိပ်အတောက် ပြင်းထန်သည့် ပိုးသတ်ဆေးကို သုံးစွဲရာတွင် ကျွမ်းကျင်စွာ ကိုင်တွယ် သုံးစွဲနိုင်သူဖြစ်ကြောင်း မှတ်ပုံတင်အဖွဲ့က အသိအမှတ်ပြုထားသူကို ဆိုသည်။

(ဎ) **ဦးစီးဌာနမှူး** ဆိုသည်မှာ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ် အသီးသီးတွင် တာဝန်ထမ်းဆောင်သည့် စိုက်ပျိုးရေးဦးစီးဌာန၏ တာဝန်ခံ အသီးသီးကို ဆိုသည်။

(ဏ) **စစ်ဆေးရေးအဖွဲ့** ဆိုသည်မှာ ဝန်ကြီးက စစ်ဆေးရေးအဖွဲ့အဖြစ် တာဝန်ပေးအပ်သည့် အဖွဲ့ကို ဆိုသည်။

## အခန်း(၂)
## ရည်ရွယ်ချက်

၃။ ဤဥပဒေကို အောက်ပါ ရည်ရွယ်ချက်များနှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) အပင်နှင့်သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့်နှိမ်နင်းရေးကို စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ရန်၊

(ခ) အပင်နှင့် သီးနှံ ဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးကို စနစ်တကျ ထိရောက်စွာ ဆောင်ရွက်နိုင်ခြင်းဖြင့် တစ်ဧက သီးနှံ အထွက်နှုန်း တိုးတက်မြင့်မားကာ နိုင်ငံတော်၏ စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုး တိုးတက်ရေးကို အထောက်အကူ ဖြစ်စေရန်၊

(ဂ) ပိုးသတ်ဆေးကို စိုက်ပျိုးသူများ စနစ်တကျ သုံးစွဲနိုင်ရေးအတွက် ပညာပေးလုပ်ငန်းနှင့် သုတေသန လုပ်ငန်းများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ရန်၊

(ဃ) ပိုးသတ်ဆေး သုံးစွဲခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရ မဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်း ဆောင်ရွက်နိုင်ရန်၊

(င) ပိုးသတ်ဆေးကို အန္တရာယ်ကင်းစွာ စနစ်တကျ အကျိုးရှိရှိသုံးစွဲခြင်း အားဖြင့် ပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အထောက်အကူ ပြုစေရန်၊

## အခန်း(၃)
## ကော်မတီဖွဲ့စည်းခြင်း

၄။ တိုင်းဒေသကြီးအစိုးရအဖွဲ့သည်-

(က) ဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ တိုင်းဒေသကြီးဦးစီးမှူးက အတွင်းရေးမှူး အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများ၏ အကြီးအမှူးများနှင့် ကျွမ်းကျင်သူပညာရှင်များက အဖွဲ့ဝင်အဖြစ် လည်းကောင်း၊ ပါဝင်သော ကော်မတီကို ဖွဲ့စည်းရမည်။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသော ကော်မတီကို အခါအားလျော်စွာ ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

## အခန်း ( ၄ )
## ကော်မတီ၏ လုပ်ငန်းတာဝန်များ

၅။ ကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းနှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊ လမ်းညွှန်ခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်း၊

(ခ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် စပ်လျဉ်း၍ လည်းကောင်း၊ နှိမ်နင်းမှုနှင့် စပ်လျဉ်း၍ လည်းကောင်း၊ ပိုးသတ်ဆေး သုံးစွဲရာတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု ကင်းရှင်းစေရေး၊ လူနှင့် တိရစ္ဆာန်များကို အန္တရာယ်မဖြစ်ပေါ်စေရေးတို့ အတွက် လိုအပ်သော ညွှန်ကြားချက်များ ထုတ်ပြန်ခြင်း၊

(ဂ) ပိုးသတ်ဆေးရောင်းချခွင့် မှတ်ပုံတင်လက်မှတ်ရရှိရန် လျှောက်ထား ခြင်းနှင့် စပ်လျဉ်း၍ သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး မှတ်ပုံတင် လက်မှတ် ထုတ်ပေးရန် ခွင့်ပြုခြင်း၊ သို့မဟုတ် ငြင်းပယ်ခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းနှင့် မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်ပေးခြင်း၊

(င) မှတ်ပုံတင်လက်မှတ် သက်တမ်းသတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ပါ စည်းကမ်းချက်များ ရေးဆွဲခြင်း၊

(စ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါများ ကျရောက်လာပါက ထိရောက်စွာ နှိမ်နင်းနိုင်ရေးအတွက် လိုအပ်သောအစီအမံများ ချမှတ်ဆောင်ရွက်ခြင်း၊

(ဆ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါများနှင့် စပ်လျဉ်း၍ သုတေသန လုပ်ငန်းများ ဆောင်ရွက်စေခြင်း၊

(ဇ) စိုက်ပျိုးသူများက ပိုးသတ်ဆေးကို စနစ်တကျ သုံးစွဲတတ်စေရန် ပညာပေး လုပ်ငန်းများ ဆောင်ရွက်ခြင်း၊

(ဈ) အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါ ကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းနှင့် စပ်လျဉ်း၍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အစိုးရဌာန၊ အဖွဲ့အစည်းများ၊ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း။

၆။ ကော်မတီသည် မိမိ၏လုပ်ငန်းတာဝန်များကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန်-

(က) ကော်မတီ၏ အတွင်းရေးမှူးအား အဖွဲ့ခေါင်းဆောင်အဖြစ် ပါဝင်စေလျက် သင့်လျော်သော ကျွမ်းကျင်သူပညာရှင်များနှင့် ပိုးမွှားရောဂါဆိုင်ရာ နည်းပညာအဖွဲ့ကို ဖွဲ့စည်းပြီး ယင်းအဖွဲ့၏ တာဝန်များကို သတ်မှတ်ပေး ရမည်။

(ခ) သင့်လျော်သော ပုဂ္ဂိုလ်များဖြင့် လုပ်ငန်းဆိုင်ရာ ဆပ်ကော်မတီများကိုဖွဲ့စည်းပြီး ယင်းဆပ်ကော်မတီများ၏ တာဝန်များကို သတ်မှတ်ပေးရမည်။

## အခန်း(၅)
## လိုင်စင်

၇။ (က) ပိုးသတ်ဆေးကို လက်လီလက်ကား ရောင်းချလိုသူသည် သတ်မှတ်ချက်များနှင့် အညီ ခရိုင်စိုက်ပျိုးရေးဦးစီးမှူးထံ လျှောက်ထားရမည်။

(ခ) ခရိုင်စိုက်ပျိုးရေးဦးစီးမှူးသည် ပုဒ်မခွဲ(က)အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်ထုတ်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။ ခွင့်ပြုပါက စည်းကမ်းချက်များ သတ်မှတ်၍ လျှောက်ထားသူအား လိုင်စင်ထုတ်ပေးရမည်။ ငြင်းပယ်ပါက ငြင်းပယ်ရသည့် အကြောင်းအကြောင်း ဖော်ပြချက်နှင့်အတူ လျှောက်ထားသူထံ အကြောင်းပြန်ကြားရမည်။

၈။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာရမည်။

(ခ) လိုင်စင်ပါ စည်းကမ်းချက်များကို လိုက်နာရမည်။

(ဂ) ကော်မတီနှင့် စစ်ဆေးရေးအဖွဲ့များက လာရောက်စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

၉။ (က) ပိုးသတ်ဆေး လုပ်ငန်းလိုင်စင်ရရှိသူသည် လုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် သက်တမ်းမကုန်ဆုံးမီ အနည်းဆုံး ရက်ပေါင်း(၃၀) ကြိုတင်၍ သတ်မှတ်ချက်များနှင့် အညီ သက်ဆိုင်ရာသို့ လျှောက်ထားရမည်။

(ခ) သက်ဆိုင်ရာ အနေဖြင့် ပုဒ်မခွဲ (က) အရ လျှောက်ထားချက်ကို စိစစ်ပြီး လိုင်စင်သက်တမ်း တိုးမြှင့်ပေးရန် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်း ပြုနိုင်သည်။

၁၀။ ပိုးသတ်ဆေးလုပ်ငန်း လိုင်စင်ရရှိသူသည် လိုင်စင်ခနှင့် လိုင်စင်သက်တမ်းတိုးမြှင့်ခတို့ကို သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ တိုင်းဒေသကြီးဦးစီးဌာနသို့ ပေးသွင်းရမည်။

## အခန်း(၆)
## အပင်နှင့် သီးနှံဖျက်ပိုးမွှားရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေးလုပ်ငန်းများဆောင်ရွက်ခြင်း

၁၁။ အပင်နှင့် သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းများကို အောက်ပါ နည်းလမ်းများအတိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရမည်-

(က) ဘက်စုံပိုးမွှားကာကွယ်နှိမ်နင်းရေးနည်းစနစ်များ-

(၁) ခံနိုင်ရည်ရှိသော မျိုးကိုသုံးခြင်း (Varietal Control)၊

(၂) စိုက်စနစ်ဖြင့် ကာကွယ်နှိမ်နင်းခြင်း (Cultural Control)၊

(၃) လက်လုပ်နည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း (MechanicalControl)

(၄) ရူပနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း ( Physical Control)၊

(၅) ဇီဝနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း (Biological Control)၊

(၆) ဓာတုနည်းဖြင့် ကာကွယ်နှိမ်နင်းခြင်း (Chemical Control)။

(ခ) ဘက်စုံရောဂါ ကာကွယ်နှိမ်နင်းရေး နည်းစနစ်များ-

(၁) ရောဂါခံနိုင်ရည်ရှိသော သီးနှံမျိုးများ ဖော်ထုတ်သုံးစွဲခြင်း၊

(၂) ခေတ်မီစိုက်ပျိုးပြုပြင်နည်းများ ဆောင်ရွက်၍ ကာကွယ်ခြင်း-

(ကက) ကောင်းမွန်ပြည့်ဖြိုးပြီးရောဂါကင်းသော မျိုးစေ့ကို သုံးစွဲခြင်း။

( ခခ ) ထွန်ရေးကောင်းအောင် ဆောင်ရွက်ခြင်း။

( ဂဂ ) ပေါင်းမြက်ကင်းစင်အောင် ဆောင်ရွက်ခြင်း။

(ဃဃ) စိုက်တန်း/အပင် အကွာအဝေး မှန်ကန်ခြင်း၊

( ငင ) စိုက်ချိန်မှန်ကန်ခြင်း၊

( စစ ) ကျန်းမာသန်စွမ်းသော အပင်ရအောင် သင့်တင့်မျှတသော အာဟာရဓာတ်များ ထည့်သွင်းပေးခြင်း၊

(ဆဆ) ရေပိခြင်း၊ ရေဝတ်ခြင်း ဒဏ်ကင်းစေရန် ကြိုတင်ဆောင်ရွက်ခြင်း၊

( ဇဇ ) ရောဂါရ ပင်ကြွင်းပင်ကျန်များအား ထယ်ထိုးမြေမြှုပ်၍ ဆွေးစေခြင်း၊သို့မဟုတ် မီးရှို့ဖျက်ဆီးခြင်း၊

(ဈဈ) သီးလှည့်စိုက်ပျိုးခြင်း၊

(၃) ဓာတုဆေးများနှင့် ကာကွယ်ခြင်းကို အမှန်လိုအပ်မှသာ သုံးစွဲခြင်း-

(ဂ) သိုလှောင်သီးနှံ ဖျက်ပိုးကာကွယ်နှိမ်နင်းခြင်း-

(၁) မိုးရာနည်းများဖြင့် သိုလှောင်ခြင်း၊

(၂) အဆိပ်ငွေ့မှိုင်းတိုက်ခြင်း။

(ဃ) ကြွက်ကာကွယ်နှိမ်နင်းရေးနည်းစနစ်များ-

( ၁) စိုက်ချိန်တစ်ညီတည်း စိုက်ပျိုးခြင်း၊

( ၂) ကန်သင်းဘောင်နှင့် ပတ်ဝန်းကျင်ရှိ ပေါင်းမြက်များ ရှင်းလင်းခြင်း၊

( ၃) လယ်ကန်သင်းများ လိုအပ်သည်ထက် ပိုမမြင့်၊ ပိုမကြီးစေခြင်း၊

( ၄) ကြွက်ကျင်းများ တူးဖော်၍ ဖမ်းဆီးခြင်း၊

( ၅) ကြွက်ကျင်းများထဲသို့ မီးခိုးမှိုင်းတိုက်ခြင်း၊ ရေလောင်းထည့်ခြင်း

( ၆) ကြွက်များအား လူအင်အားဖြင့် မြောက်လှန့်ဖမ်းဆီးခြင်း၊

( ၇) ထောင်ချောက်အမျိုးမျိုး အသုံးပြုခြင်း၊

( ၈) ကြွက်များအား အသံဖြင့် မြောက်လှန့်ခြင်း၊

( ၉) ကြွက်ကာကွယ်ပစ္စည်းများ အသုံးပြုခြင်း၊

(၁၀) ကြွက်များ၏ သဘာဝရန်သူများ မွေးမြူခြင်း၊

(၁၁) ကြွက်သတ်ဆေးများဖြင့် နှိမ်နင်းခြင်း၊

## အခန်း(၇)
## ပိုးသတ်ဆေးသုံးစွဲရာတွင် လိုက်နာရမည့်အချက်များ

၁၂။ အပင်နှင့် သီးနှံဖျက်ပိုးမွှား ရောဂါကာကွယ်ရေးနှင့် နှိမ်နင်းရေး လုပ်ငန်းအတွက် ပိုးသတ်ဆေးများ သုံးစွဲရာတွင် အောက်ပါအတိုင်း တိကျစွာ လိုက်နာရမည်-

(က) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်ခွင့်များ။

(ခ) ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ။

## အခန်း(၈)
## ပိုးသတ်ဆေးသို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူ၏ တာဝန်နှင့် ဆောင်ရွက်နိုင်ခွင့်များ

၁၃။ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူသည်-

(က) လိုင်စင်ပါ သက်တမ်းနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ခွင့် ရှိသည်။

(ခ) ပေးဆောင်ရန်ရှိသော လိုင်စင်ခကို ပေးဆောင်ရမည်။

(ဂ) လိုင်စင်လက်မှတ်ကို ဆိုင်တွင် မြင်သာသော နေရာ၌ ချိတ်ဆွဲထားရမည်။

(ဃ) ရောင်းချသည့် ပိုးသတ်ဆေးများ၏ အာနိသင် ကျဆင်းစေရန် အခြား အရာဝတ္ထုပစ္စည်းတစ်စုံတစ်ရာနှင့် ရောနှောခြင်း၊ ပြုပြင်ခြင်း၊ မမှန်မကန် ကြော်ငြာရောင်းချခြင်း မပြုလုပ်ရ။

(င) လိုင်စင်တွင် ဖော်ပြပါရှိသည့် စည်းကမ်းချက်များကို လိုက်နာရမည်။

(စ) အန္တရာယ်ကြီးမားသော ပိုးသတ်ဆေးကို သက်ဆိုင်ရာ ဦးစီးအရာရှိက ထုတ်ပေးသော ဝယ်ယူခွင့်လက်မှတ် တင်ပြနိုင်သူကိုသာ ရောင်းချရမည်။

(ဆ) စစ်ဆေးရေးအဖွဲ့က လာရောက် စစ်ဆေးသည့်အခါ စစ်ဆေးခြင်းကို ခံယူရမည်။

(ဇ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိပစ္စည်း ဝယ်ယူရောင်းချသည့် မှတ်တမ်းများ ထားရှိရမည်။

(ဈ) လိုင်စင်သက်တမ်း ကုန်ဆုံးပါက ဆက်လက်လုပ်ကိုင်လိုလျှင် လိုင်စင် သက်တမ်းတိုးမြှင့်ရန် လျှောက်ထားရမည်။

## အခန်း(၉)
## ပိုးသတ်ဆေးသုံးစွဲသူက လိုက်နာရမည့် စည်းကမ်းများ

၁၄။ ပိုးသတ်ဆေးသုံးစွဲသူသည်-

(က) ပိုးသတ်ဆေး အညွှန်းစာပါအတိုင်း လိုက်နာ၍ သုံးစွဲရမည်။

(ခ) အန္တရာယ်ကြီးမားသည့် ပိုးသတ်ဆေးသုံးစွဲလိုပါက သက်ဆိုင်ရာ ဦးစီးမှူး ခွင့်ပြုချက်ရယူပြီး လက်မှတ်ရ ပိုးသတ်ဆေးပက်ဖျန်းသူကို ငှားရမ်းသုံးစွဲရမည်၊

(ဂ) စိုက်ပျိုးရေးဦးစီးဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပိုးသတ်ဆေး အန္တရာယ်ကင်းစွာ ကိုင်တွယ်နည်းများအတိုင်း လိုက်နာသုံးစွဲရမည်၊

(ဃ) ပိုးသတ်ဆေးများကို အစားအသောက်များနှင့် နီးကပ်စွာ ထားရှိခြင်း၊ ကလေးသူငယ်များ အလွယ်တကူလက်လှမ်းမီသော နေရာတွင် ထားရှိခြင်း မပြုလုပ်ရ၊

(င) သုံးစွဲပြီးသော ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုတ်ပိုးပစ္စည်းများကို စစ်ဆေးရေး အဖွဲ့က ညွှန်ကြားထားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်၊

(စ) စိုက်ခင်းများတွင်လည်းကောင်း၊ ရိတ်သိမ်းပြီး သီးနှံများကို သိုလှောင်ရာတွင် လည်းကောင်း၊ ပိုးသတ်ဆေး သုံးစွဲခြင်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီး ဌာနက အခါအားလျော်စွာ ထုတ်ပြန်သော ပညာပေး လမ်းညွှန်မှုများကို လိုက်နာရမည်။

## အခန်း(၁၀)
## စစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့်လုပ်ပိုင်ခွင့်များ

၁၅။ ဝန်ကြီးသည် သင့်လျော်သောပုဂ္ဂိုလ်များ ပါဝင်သည့် စစ်ဆေးရေးအဖွဲ့ ဖွဲ့စည်း တာဝန် ပေးအပ်နိုင်သည်။

၁၆။ စစ်ဆေးရေးအဖွဲ့၏ တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မိမိတာဝန်ခံရသည့် နယ်မြေအတွင်း၌ဖြစ်စေ၊ သီးခြားတာဝန်ပေးအပ်သည့် နယ်မြေအတွင်း၌ဖြစ်စေ၊ ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းများနှင့် ပိုးသတ်ဆေး ကိုင်တွယ်သုံးစွဲမှုများကို စစ်ဆေးခြင်း၊

(ခ) ဤဥပဒေပါ တားမြစ်ချက်တစ်ရပ်ရပ် ဖောက်ဖျက်ကျူးလွန်သူကို လုပ်ထုံး လုပ်နည်းများနှင့် အညီ အရေးယူခြင်း၊

(ဂ) ပုဒ်မခွဲ (ခ) အရ အရေးယူဆောင်ရွက်ရာတွင် သိမ်းဆည်းရမိသော ပိုးသတ်ဆေးများနှင့် သက်သေခံ ပစ္စည်းများကို လုပ်ထုံးလုပ်နည်းများနှင့် အညီ စီမံခန့်ခွဲခြင်း၊

(ဃ) ပိုးသတ်ဆေးဘူး၊ အခွံနှင့် ထုတ်ပိုးပစ္စည်းများ စနစ်တကျ စွန့်ပစ်ရေးကို လုပ်ထုံးလုပ်နည်းများနှင့် အညီ စီမံခန့်ခွဲခြင်း၊

(င) ဝန်ကြီးက အခါအားလျော်စွာ ပေးအပ်သည့်တာဝန်များကို ဆောင်ရွက်ခြင်း။

၁၇။ စစ်ဆေးရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်မှု ရှိ/မရှိ စစ်ဆေးခြင်း၊

(ခ) ပိုးသတ်ဆေးများ ထုတ်ပိုးပုံ၊ သိုလှောင်ပုံနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့သည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ဆေးခြင်း၊

(ဂ) သီးနှံများတွင် ပိုးသတ်ဆေး သုံးစွဲမှုသည် အညွှန်းစာပါ စည်းကမ်းချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စစ်ဆေးခြင်း၊

(ဃ) ပိုးသတ်ဆေး ဝယ်ယူရောင်းချသည့် မှတ်တမ်းများကို စစ်ဆေးခြင်း၊

(င) စစ်ဆေးရန်အတွက် ပိုးသတ်ဆေးများကို နမူနာ ရယူခွင့်ရှိခြင်း၊

(စ) လိုင်စင်မရှိဘဲ ပိုးသတ်ဆေး ရောင်းချသည့်ကိစ္စကို စစ်ဆေးတွေ့ရှိပါက ဝန်ကြီးထံတင်ပြပြီး ယင်းကညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ခြင်း။

## အခန်း(၁၁)
## စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း

၁၈။ စီမံခန့်ခွဲရေး ပြစ်ဒဏ်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) သတိပေးခြင်း၊

(ခ) ခွင့်ပြုထားသော ပိုးသတ်ဆေး ရောင်းချခွင့်လိုင်စင်ကို ယာယီရပ်ဆိုင်းခြင်း၊

(ဂ) ဒဏ်ကြေးငွေ ပေးဆောင်စေ၍ လိုအပ်ချက်များကို ပြုပြင်ပြီး ပိုးသတ်ဆေး ရောင်းချခွင့်ကို ဆက်လက် လုပ်ဆောင်ခွင့်ပြုခြင်း၊

(ဃ) ပိုးသတ်ဆေး ရောင်းချခွင့် လိုင်စင်ကို ရုပ်သိမ်းခြင်း။

၁၉။ ကော်မတီသည် ပုဒ်မ ၉ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သော မှတ်ပုံတင်လက်မှတ်ရရှိသူအား ပုဒ်မ ၁၈ ပါ စီမံခန့်ခွဲရေး ပြစ်ဒဏ်ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကို ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်။

၂၀။ ကော်မတီသည် အောက်ပါအချက်တစ်ရပ်ရပ်ကို စစ်ဆေးတွေ့ရှိလျှင် သက်ဆိုင်ရာ လုပ်ငန်းလိုင်စင်ရရှိသူအား ပုဒ်မ ၁၈ ပါ စီမံခန့်ခွဲရေးပြစ်ဒဏ် ချမှတ်ရမည်။ ထိုသို့ ချမှတ်ရာတွင် စီမံခန့်ခွဲရေး ပြစ်ဒဏ်တစ်ရပ်ရပ်ကိုဖြစ်စေ၊ တစ်ရပ်ထက်ပို၍ဖြစ်စေ ချမှတ်နိုင်သည်-

(က) ပိုးသတ်ဆေးလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိသူက ပုဒ်မ ၈ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း၊

(ခ) ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းရောင်းချခွင့် လိုင်စင်ရရှိသူသည် ပုဒ်မ ၁၃ ပါ တာဝန်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်း။

## အခန်း(၁၂)
## တားမြစ်ချက်များ

၂၁။ (က) ဤဥပဒေအရ ကော်မတီမှ ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်းအမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း (၃၀) အတွင်း အစိုးရအဖွဲ့ထံ သတ်မှတ်ထားသည့် နည်းလမ်းအတိုင်း အယူခံဝင်နိုင်သည်။

(ခ) အစိုးရအဖွဲ့သည် ပုဒ်မခွဲ (က) အရ အယူခံခြင်းနှင့် စပ်လျဉ်း၍ ကော်မတီက ချမှတ်သော အမိန့် သို့မဟုတ် ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

(ဂ) အစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည်။

၂၂။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ဖော်စပ်ရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၂၃။ မည်သူမျှ လိုင်စင်မရှိဘဲ ပြည်ပမှ ပြည်တွင်းသို့ တင်သွင်းလာသည့် အသင့်ဖော်စပ်ပြီးသော ပိုးသတ်ဆေးကို ပြန်လည်ထုပ်ပိုး ရောင်းချသည့် လုပ်ငန်းကို လုပ်ကိုင်ခြင်း မပြုလုပ်ရ။

၂၄။ မည်သူမျှ လိုင်စင်မရှိဘဲ ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ရောင်းချခြင်း မပြုလုပ်ရ။

၂၅။ လိုင်စင်ရရှိသူသည် ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ရောင်းချရာတွင် အညွှန်းစာနှင့် ကုန်အမှတ်တံဆိပ်မပါဘဲ ရောင်းချခြင်း မပြုလုပ်ရ။

၂၆။ မည်သူမျှ ပိုးသတ်ဆေးကိုဖြစ်စေ အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ ပိုးကျသည့် အန္တရာယ် ကာကွယ်နိုင်နင်းသည့် ကိစ္စမှအပ လူအများစားသုံးသည့် သီးနှံအစားအစာ သို့မဟုတ် အဖျော်ယမကာ စသည်များတွင် ထည့်သွင်းအသုံးပြုခြင်း မပြုလုပ်ရ။ ထို့အပြင် မည်သူမျှ ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းကိုဖြစ်စေ သုံးစွဲလျက် ရေသတ္တဝါများ၊ ကုန်းသတ္တဝါများကို ဖမ်းယူခြင်း၊ သတ်ဖြတ်ခြင်း မပြုလုပ်ရ။

၂၇။ မည်သူမျှအသက် (၁၈) နှစ်နှင့် အသက် (၁၈) နှစ် အောက်ကလေး၊ ကိုယ်ဝန်ဆောင် မိန်းမ သို့မဟုတ် ကလေးနို့တိုက်သော မိန်းမကို ပိုးသတ်ဆေးကိုယ်တွယ်ရာတွင် လည်းကောင်း၊ သုံးစွဲရာတွင်လည်းကောင်း စေခိုင်းခြင်း မပြုလုပ်ရ။

၂၈။ မည်သူမျှ ပိုးသတ်ဆေးကို အညွှန်းစာနှင့် ဆန့်ကျင်၍ သုံးစွဲခြင်း မပြုလုပ်ရ။

၂၉။ မည်သူမျှ သီးနှံများကို သိုလှောင်ရာတွင် သက်ဆိုင်ရာဦးစီးမှူးက သတ်မှတ်ပေးသည့် ပိုးသတ်ဆေးနှင့် သုံးစွဲနည်းများမှအပ အခြားပိုးသတ်ဆေးနှင့် သုံးစွဲနည်းများကို သုံးစွဲခြင်း မပြုလုပ်ရ။

၃၀။ မည်သူမျှ ပိုးသတ်ဆေးကို အစားအစာများနှင့် အတူတကွ ရောင်းချခြင်းသော်လည်းကောင်း၊ အတူတကွ သယ်ဆောင်ခြင်းသော်လည်းကောင်း မပြုလုပ်ရ။

၃၁။ လိုင်စင်ရရှိသူသည် လိုင်စင်တွင် ဖော်ပြပါရှိသော စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ခြင်း မပြုလုပ်ရ။

## အခန်း(၁၃)
## ပြစ်မှုနှင့်ပြစ်ဒဏ်များ

၃၂။ မည်သူမဆို ပုဒ်မ ၂၁၊ ပုဒ်မ ၂၂၊ ပုဒ်မ ၂၃၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၆ သို့မဟုတ် ပုဒ်မ ၂၇ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ် (၁၅၀၀၀၀) အထိဖြစ်စေ၊ ထောင်ဒဏ် (၁)နှစ် အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ၊ ကျခံစေရ မည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

၃၃။ မည်သူမဆို ပုဒ်မ ၂၈၊ ပုဒ်မ ၂၉ သို့မဟုတ် ပုဒ်မ ၃၀ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ် (၁၀၀၀၀၀၀) အထိ ဖြစ်စေ၊ ထောင်ဒဏ် (၃) လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည်။ ထို့အပြင် ပြစ်မှုတွင် အကျုံးဝင်သည့် သက်သေခံ ပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်း ခံရမည်။

၃၄။ လိုင်စင်ရရှိသူသည် ပုဒ်မ ၂၅ သို့မဟုတ် ပုဒ်မ ၃၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူအား ဒဏ်ငွေကျပ် (၅၀၀၀၀) အထိဖြစ်စေ၊ ထောင်ဒဏ် (၃) လ အထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ကျခံစေရမည့်အပြင် ပြစ်မှုနှင့် အကျုံးဝင်သည့် သက်သေခံပစ္စည်းများကိုလည်း ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းယူခြင်းခံရမည်။

## အခန်း(၁၄)
## အထွေထွေ

၃၅။ ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့တွင် ပိုးသတ်ဆေးလုပ်ငန်းတစ်ခုခုကို လုပ်ကိုင်နေသူသည် ယင်းလုပ်ငန်းကို ဆက်လက်လုပ်ကိုင်လိုပါက ဤဥပဒေ ပြဋ္ဌာန်းသည့်နေ့မှ ရက်ပေါင်း (၉၀) အတွင်း လိုအပ်သော မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ရယူရန် သတ်မှတ်ချက်များနှင့်အညီ လျှောက်ထားရမည်။

၃၆။ ဝန်ကြီးဌာနသည် မှတ်ပုံတင်ခ၊ လိုင်စင်ခ၊ သက်တမ်းတိုးမြှင့်ခနှင့် ဓာတ်ခွဲစမ်းသပ်စစ်ဆေးခ တို့ကို သတ်မှတ်ရမည်။

၃၇။ ကော်မတီသည် ပိုးသတ်ဆေး လုပ်ငန်းတစ်ခုခုအတွက် မှတ်ပုံတင်လျှောက်ထားခြင်း၊ လိုင်စင် လျှောက်ထားခြင်း၊ အခကြေးငွေ ပေးဆောင်ခြင်းတို့နှင့် စပ်လျဉ်း၍ အစိုးရဌာန၊ အဖွဲ့အစည်းတစ်ခုခုအား ကင်းလွတ်ခွင့် ပြုနိုင်သည်။

၃၈။ ကော်မတီသည် ဤဥပဒေအရ ရရန်ရှိသော ဒဏ်ကြေးနှင့် အခကြေးငွေများကို ပေးဆောင်ရန် ပျက်ကွက်သူထံမှ ထိုဒဏ်ကြေးနှင့် အခကြေးငွေများကို မြေခွန်မပြေ ကျန်ငွေ ဖြစ်ဘိသကဲ့ အရကောက်ခံရန် သက်ဆိုင်ရာ တိုင်းဒေသကြီးဦးစီးဌာနအား တာဝန်ပေးအပ် ရမည်။

၃၉။ မှတ်ပုံတင်လက်မှတ် သို့မဟုတ် လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ဆိုင်းငံ့ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ခံရသူသည် မိမိလက်ဝယ်ရှိသော ပိုးသတ်ဆေးများနှင့် စပ်လျဉ်း၍ ကော်မတီက ညွှန်ကြားသည့်အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၄၀။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့က အရေးယူ ပိုင်သော အမှုအဖြစ် သတ်မှတ်သည်။

၄၁။ ဤဥပဒေအရ တရားစွဲဆိုသော ပြစ်မှုတွင် သက်သေခံပစ္စည်းဖြစ်သော ပိုးသတ်ဆေး သို့မဟုတ် အဆိပ်ရှိ ပစ္စည်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ပြည်ထောင်စု ဓာတ်ခွဲစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာသည် ယင်းပြစ်မှုအတွက် သက်သေခံချက်အဖြစ် ထည့်သွင်း စဉ်းစားရမည်။

၄၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို ဆောင်ရွက်နိုင်ရန်-

(က) အစိုးရအဖွဲ့သည် လိုအပ်သော နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်၊

(ခ) ဝန်ကြီး သို့မဟုတ် တိုင်းဒေသကြီး ဦးစီးမှူးသည် အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် လိုအပ်သော အမိန့်ကြော်ငြာစာ၊ လိုအပ်သော အမိန့်၊ ညွှန်ကြားချက်တို့ကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) သာအေး

ဝန်ကြီးချုပ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့